

မဟာသဒ္ဓမ္မ ဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)

# ရဟန်းမြတ်ဂုဏ်ရည်

ဒုတိယအကြိမ်



အလှူခံပုဂ္ဂိုလ်
အလှူပေးပုဂ္ဂိုလ်တို့၏
ဖြူစင်သော၊ မွန်မြတ်သော အပြုအမူတို့၏
ရလဒ်များ

# ရဟန်းဖြစ်ရုပ်ရည်


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သိရိ

(ဓမ္မာစရိယ-ဘီအေ)



— ပြန့်ချိရေး —

မြင့်စန္ဒာ
စာပေ

အမှတ် ၅၅၊ စ-ရပ်ကွက်၊ သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်။ ☎ ၆၉၀၃၂၄

စာမူခွင့်ပြုချက်အမှတ် • ၅၄၂/၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၁၇၇/၂၀၀၄ (၃)
ဒုတိယအကြိမ် • ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ • ၁၀၀၀
အဖုံးဒီဇိုင်း • Conqueror အောင်လွင်
ကွန်ပျူတာစာစီ • မျိုးမော်ကွန်ပျူတာ
ဖုန်း - ၂၅၃၃၅၂

ထုတ်ဝေသူ

ဦးကျော်ဆန်း (မြ - ၀၉၃၂)၊ ရဲအောင်စာပေ၊
၂/ချွန်း၊ ၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးစံကြည် (မြ - ၀၃၁၈၈)၊ ပညာဂုဏ်ရည်ပုံနှိပ်တိုက်၊
၄၅၅/ကောလိယလမ်း၊ ၁၃-ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးပုံနှိပ်

ဦးအောင်မြင့်သိန်း (မြ - ၀၆၃၆၄)၊
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊ ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး •

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　စာမျက်နှာ


အမှာစာ


## အခန်း(၁)

## သံဃာ့ရတနာဖြစ်ပေါ်လာသည်မှာ


- သံဃာ့ရတနာဟူသည် ၁
- သံဃာ့ရတနာစတင်ပေါ်လာခြင်း ၄
- သံဃာ့ဂုဏ်ရည်များ ၇
- ရတနသုတ်လာ ဂုဏ်ရည်များ ၁၃
- သံဃာရတနာရဟန်းပြုမှုအဆင့်ဆင့် ၁၇
- သာသနာဝန်ထမ်း (၂)မျိုး ၁၈
- ဥပဇ္ဈာယ်ဆရာ ၂၁
- ဥပဇ္ဈာယ်ယူပုံ ၂၃
- ပရိက္ခရာနှင့် သက်ိုးသပိတ်ပြောကြားခြင်း ၂၅
- ရဟန်းလောင်းအား သင်ပြမှု ၂၆
- စိစစ်ပေးရမည့် အချက်များ ၂၇
- ကမ္မဝါစာဖတ်ခြင်း ပဓာနကိစ္စ ၃၀
- ဥ_တ်ဖြင့်ကြိုတင်အသိပေးပုံ ၃၁
- ကမ္မဝါစာဖြင့် အဆိုတင်ခြင်း ၃၁

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| - နိဂုံးအတိပြုချက် ကြေငြာခြင်း | ၃၁ |
| - ရဟန်းခံအောင်မြင်မှု | ၃၂ |
| - ရဟန်းဖြစ်ချိန် | ၃၃ |
| - ရဟန်းဖြစ် ရက်ချုပ်ဇာတာ | ၃၅ |
| - ရဟန်းတို့မှီရာလေးပါး | ၃၇ |
| - ဆွမ်းဟူသော ရဟန်း၏မှီရာ | ၃၈ |
| - သင်္ကန်းဟူသော ရဟန်း၏မှီရာ | ၄၁ |
| - ကျောင်းဟူသော ရဟန်း၏မှီရာ | ၄၂ |
| - ဆေးဟူသော ရဟန်း၏မှီရာ | ၄၄ |
| - ပစ္စည်းလေးပါးသုံးဆောင်နည်း | ၄၅ |
| - ရဟန်းတို့ မမှီဝဲအပ်သောတရား(၄)ပါး | ၄၆ |
| - ဆရာများက နားလည်မှု ခွင့်လွှတ်ခြင်း | ၄၈ |
| - သာသနာ့တာဝန်၏ အနှစ်သာရ | ၄၉ |
| - ရဟန်းတို့ သာသနာ့တာဝန်ထမ်းဆောင်ခြင်း | ၅၁ |
| - ဂန္ထဓုရ ပိဋကတ်ကျမ်းဂန်စာပေသင်ကြားခြင်းဟူသည် | ၅၂ |
| - ဂန္ထဓုရ အားထုတ်သင်ကြားနည်း (၃)သွယ် | ၅၄ |
| - ပရိယတ္တိကို သင်ကြားရခြင်းအကျိုး | ၅၆ |

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


- သင်ကြားမှုမဟုတ်က ပျက်စီးတတ်သည် ၅၈
- ဝိပဿနာစုရ ၆၀
- ရဟန်းတို့၏ သီလဝိသုဒ္ဓိ ၆၂
- ရဟန်းတို့ ပစ္စည်းလေးပါးရှာမှီးခြင်း၌ ရှောင်ရန် (၂၁)ပါး ၆၈
- ရဟန်းတို့သုံးဆောင်ခြင်း(၄)ပါး ၇၁
- ရဟန်းတို့သီလစင်ကြယ်အောင်ပြုလုပ်နည်း ၇၂
- သာသနာ၏ကျက်သရေဆောင်လေးဦးနှင့် ဖျက်စီးသူ ၇၃
- သာသနာတော်ဆုတ်ယုတ်မှုနှင့်ရဟန်းများ ကျင့်ကြံအားထုတ်မှု ၇၅
- ရဟန်းပျောက်၊ သာသနာပျောက်မည့်ဘေးရန် ၇၇
- ရဟန်းဖြစ်ကျိုးနပ်စေရန် ၈၄
- ရဟန်းတို့၏ ထိတ်လန့်ကြောက်မက်ဖွယ်ရာများ ၈၅
- မီးလျှံပမာ ရဟန်းဘဝကြောက်စရာ ၉၄
- ပေါ့လျော့သော ရဟန်းဘဝအပြစ် ၁၀၁
- ထပ်၍ မြူမှုန်တပ်သော ရဟန်းအပြစ် ၁၀၁
- ရဟန်းလေးမျိုး ၁၀၂

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ

## အခန်း(၂)

### ရဟန်းပြုသူတို့၏ကောင်းကျိုးချမ်းသာ


- မျက်မြင်ကိုယ်တွေ့ ရဟန်းပြုကျိုးများ ၁၀၅
- သာလွန်သော ရဟန်းပြုကျိုး ၁၁၀
- သာလွန်သော ရဟန်းပြုအကျိုးများ ၁၂၂
- ဒုတိယစျာန်ချမ်းသာ ၁၂၄
- တတိယ စျာန်ချမ်းသာ ၁၂၅
- စတုတ္ထ စျာန်ချမ်းသာ ၁၂၇
- ဝိပဿနာ ချမ်းသာ ၁၂၈
- မနောမယဉာဏ် ကိုယ်ခွဲဖန်ဆင်းခြင်း ၁၃၀
- ဣဒ္ဓိဝိဓဉာဏ်တန်ခိုးဖန်ဆင်းခြင်း ၁၃၂
- အသံအမျိုးမျိုးကြားခြင်း ၁၃၄
- သူတစ်ပါးစိတ်ကို သိခြင်း ၁၃၅
- ရှေးဖြစ်ကို သတိရခြင်း ၁၃၇
- စုတိပဋိသန္ဓေ(သေခြင်းဖြစ်ခြင်း)ကိုသိခြင်း ၁၄၀
- အာသဝေါကုန်ခန်းခြင်း ၁၄၁
- ရဟန်းအကျိုး၊ ဒါယကာအကျိုးကြီးပွား

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တိုးတက်ရန် | ၁၄၆ |

## အခန်း(၃)

### လောင်ကျွမ်းပျက်စီး အလှူခံမီး


| | |
|---|---|
| - မီး(၃)မီး | ၁၄၈ |
| - ရဟန်းအကျိုး၊ ဒါယကာအကျိုး ပြီးစီးပုံ | ၁၅၅ |
| - ဆရာတော်ဦးသီလ၏ ဩဝါဒ | ၁၆၀ |
| - ရဟန်းသံဃာတို့ အိမ်ကြွလာအကျိုး | ၁၆၃ |
| - လူစော်နံရဟန်း | ၁၆၆ |
| - သံဃာ့ဂုဏ်တော်အောက်မေ့၍ စိတ်ကြည်လင်ပုံ | ၁၆၈ |


## အခန်း(၄)

### လယ်ယာမြေကောင်း မျိုးစေ့ကောင်း


| | |
|---|---|
| စိုက်မိကြသူများ | ၁၇၁ |
| - ရွှေအင်းပျဉ်းထိုင်ခုံလှူ ဗိမာန်ရှင်နတ်သမီး | ၁၇၁ |
| - ဆင်ပွဲရတနာစီးရသည့် မျိုးစေ့ကောင်းမှု | ၁၇၄ |

## ၎င်း အမှာစာ ၎င်း

စာရေးသူသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ဦးစီးမှူး တာဝန်အဖြစ် တာဝန်ထမ်းဆောင်နေဆဲမှာပင် တွဲဖက် တာဝန်အဖြစ် ကျမ်းပြုအယ်ဒီတာနှင့် ရုံးအဖွဲ့မှူးတာဝန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ပြည်ပပုဂ္ဂိုလ်များ၊ ထေရဝါဒ ဗုဒ္ဓဘာသာလေ့လာ သင်တန်းတွင် နိုင်ငံခြားသားရဟန်းသံဃာတော်များကို အင်္ဂလိပ်စာ၊ မြန်မာစာတို့ကို နှစ်အလိုက် သင်ပေးရသောတာဝန် စသည်တို့ကို ထမ်းဆောင်နေရပါသည်။

တစ်ဖန် စာရေးသူ၏ရုံးသည် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ဝင်း ချင်းဝိဇ္ဇာလယဆောင်၌ ဖြစ်ရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားနေကြသော သံဃာတော်များ၏ သင်တန်းခန်းမဆောင်သို့သွားရာ လမ်းခရီး၌ ရဟန်းသံဃာတော်များ၏ ကျောင်းတက်ကျောင်းဆင်း စုံစုံဝေးဝေး ကြွရောက်နေကြသည်ကို အမြဲဖူးတွေ့နေရပါသည်။

စာရေးသူထံသို့ ရုံးကိစ္စနှင့်လာကြသူများ၊ စာပေကိစ္စနှင့် လာရောက်ကြသူများ၊ တရားဓမ္မဆွေးနွေးရန် လာကြသူများသည် ထိုရဟန်းသံဃာတော်များကို ဖူးတွေ့သွားကြရပါသည်။

တစ်နေ့တွင် အငြိမ်းစား ဝန်ထမ်းတစ်ဦးလည်းဖြစ်၊ တရား ဘာဝနာ ဝိပဿနာ အားထုတ်မှု၌လေ့လာနေသော ဓမ္မမိတ်ဆွေတစ်ဦးက စာရေးသူကို-

"ဤတက္ကသိုလ်၌တက်ရောက်နေကြသော သံဃာတော်များသည် စာပေသက်သက်သာ သင်ကြားကြပါသလား၊ ဝိပဿနာ ကျင့်စဉ်ပိုင်းကော မပြုလုပ်ဘူးလား"ဟု မေးပါသည်။စာရေးသူကလည်း ခပ်အေးအေးပင် ဝိပဿနာ ကျင့်စဉ်ပိုင်းတော့ အချိန်ပိုင်းလိုက်ဘဲအနည်းငယ် လုပ်တယ်ဟု ဖြေကြားလိုက်ပါသည်။

စာရေးသူ၏အဖြေပေါ် သူက ဆက်လက်ဆွေးနွေးပါသည်။

"ဒီလို သာမန် သမ္မုတိ သံဃာဘဝနှင့်ရှိနေကြသော သံဃာတော်များကို နိုင်ငံတော်အနှံ့အပြားရှိ ပြည်သူများက နေ့စဉ် ဆွမ်းဆက်ကပ်နေပါသည်။ ဒီတက္ကသိုလ်ရှိ သံဃာတော်တွေဟာ ဆွမ်းမခံရဘူး။ ပညာရေးကို အေးအေးဆေးဆေး သင်ယူနိုင်တယ်၊ နိုင်ငံတော် နှင့်ပြည်သူတွေက ဤ

သံဃာတော်များကို ရေ၊ မီးအစုံ နေရာထိုင်ခင်းနှင့် ဆွမ်း ကွမ်းအပြည့်အစုံ လှူဒါန်းထောက်ပံ့ထားတယ်လို့ သိရပါ တယ်။ဤသံဃာတော်များဘက်ကရော လှူဒါန်းသူ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးရှိအောင် တစ်ဖက် တစ် လမ်းက တရားဓမ္မကျင့်ကြံ အားထုတ်ပြီး ကျေးဇူးမဆပ်သင့် ဘူးလား။

" ဒီသံဃာတော်တွေ၊ ဘုရားသံဃာတော်တွေ၊ ဘုရား ရှင် ဝိနည်းတော်အတိုင်း လိုက်နာကျင့်ကြံနေတဲ့ သံဃာ တော်တွေ၊ ပရိယတ် စာပေကို လေ့လာနေတဲ့ သံဃာတော် တွေမို့ ဒီသံဃာများကို လှူဒါန်း ထောက်ပံ့ခြင်းဟာ အကျိုး မယုတ်ပါဘူး၊ ပရိယတ်ကျင့်ကြံအားထုတ် ခြင်းဟာလည်း မြင့်မြတ်သောအကျင့် ကျင့်နေတာမို့ လှူဒါန်းသူများအဖို့ အကျိုးကျေးဇူးခံစားရမှာပါ။

"ကျွန်တော်တို့ ဆိုလိုတာ ဆရာရဲ့ နတ်ပြည်ရောက် လမ်းညွှန် စာအုပ်ထဲမှာပါတဲ့အတိုင်း အကျင့်သီလနှင့် ပြည့်စုံတဲ့ ရဟန်း၊ အရိယာ အဖြစ်ကျင့်နေတဲ့ပုဂ္ဂိုလ်တို့ကို လှူဒါန်းသူဟာ ထမင်းချိုးကလေး တစ်ခုဖြစ်စေ၊ ရေလေး တစ်ခွက် ဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်ကမြင့်မြတ် စင်ကြယ်တဲ့ သီလဝန္တပုဂ္ဂိုလ်ဖြစ်သည့်အတွက် ချက်ချင်း တာဝတိံသာ နတ်ပြည်မှာ အကျိုးခံစားရတယ်လို့ ဆိုထားသလို ဤ

သံဃာတော်များဟာ တစ်ဖက်က ပရိယတ်သင်အံလေ့ကျက်သလို တစ်ဖက်က ပဋိပတ်အကျင့်ကို အားထုတ်လျက် ကျွန်တော်တို့ လှူသူဒါယကာတွေမှာ ပိုမိုစိတ်ချတဲ့ အကျိုးတွေ မဖြစ်ထွန်းနိုင်ဘူးလား ဆရာ"

"ဤသံဃာတော်တွေဟာ နေ့ခင်းမှာ ပရိယတ်သင်ပြီး ညပိုင်းမှာ မိမိတို့အဆောင်တွေမှာ ကျက်မှတ်လေ့လာနေသလို တစ်ဖက်ကလည်း ပဋိပတ်အကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေရှိမှာပါ။ မကျင့်တဲ့ ပုဂ္ဂိုလ်လည်း ရှိကောင်းရှိမှာပေါ့၊ ဘာပဲဖြစ်ဖြစ်မြင့်မြတ်တဲ့ အရဟတ္တဓဇ သင်္ကန်းကို ခြုံရုံထားတဲ့ သံဃာတွေဖြစ်သည့်အတွက် ပုည ခေတ္တာ အနုတ္တရ ကုသိုလ်ရှင်များရဲ့ လယ်ယာမြေကောင်းသဖွယ် ရှိပါတယ်။ လှူတဲ့နေရာမှာ သီလရှိတဲ့ ပုဂ္ဂိုလ်လှူရတာ ပိုအကျိုးရှိတာမှန်သလို ရဟန်းသံဃာတော်အဖြစ် ခံယူထားတဲ့ ဤသံဃာတော်တွေဟာ ဘုရားရှင်ရဲ့ ဝိနည်းသိက္ခာပုဒ်တွေ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သည့်အတွက် သီလဝိသုဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ လှူသူမှာ ပိုအကျိုးရှိပါတယ်"

"တရား အားထုတ်ရင် ပိုမကောင်းဘူးလား ဆရာ"

"ပိုကောင်းပါတယ်၊ ရဟန်းရော၊ လှူသူ ဒါယကာရော အကျိုး ရှိပါတယ်"

"ကျွန်တော်က ဆရာသုခရဲ့ ရဟန်းစားရသော ဆွမ်းတစ်နပ်ကြည့်ပြီး ရဟန်းတော်များဘက်ကလည်း ဒါယကာတို့ မွန်မြတ်စွာ ပေးလှူသောဆွမ်းကို ကြောင့်ကြမဲ့ မ,ဟားဘဲ ဒါယကာတွေ အကျိုးရှိအောင် ကျင့်ကြံအားထုတ်ပြီး စားစေလိုတဲ့ဆန္ဒကြောင့် ဆရာ့ကို ဆွေးနွေးတာပါ။ ယခုခေတ် သံဃာတော် တော်တော်များများဟာ ဒါယကာတို့ရဲ့ ပစ္စည်းလေးပါးကို အလှူခံစားသောက်နေထိုင်ပြီး ကြောင့်ကြမဲ့နေထိုင်မှုတွေ များတယ်လို့ ထင်ပါတယ်၊ မြင်းခြံ ဆရာတော်ဘုရား ဖြစ်တဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး မိန့်ကြားသလို အရှင်ဘုရားတို့ အမျိုးဘာသာ သာသနာ အတွက်ကြောင့်ကြမဲ့ မနေကြပါနဲ့ ဆိုတာလို့ ရဟန်း သံဃာတော်များဟာ ကြောင့်ကြမဲ့နေထိုင်တာကို မဖြစ်စေလို ပါဘူး၊ သူတို့ သီလမရှိရင် ကျွန်တော်တို့မှာ အကျိုးမကြီး ဘူးမို့လား၊ သူတို့သာ သီလဝန္တ သီလစင်ကြယ်ကြရင် ကျွန်တော်တို့ ဒါယကာတွေမှာ အကျိုးကြီးတယ် မဟုတ်လား ဆရာ"

"မှန်ပါတယ်၊ ရဟန်းသံဃာကလဲ ရဟန်းသံဃာ တာဝန် ကျေပွန်အောင် ထမ်းဆောင်ကျင့်ကြံကြရင်တော့ အစောကကျွန်တော် ပြောခဲ့သလိုဘဲ ရဟန်းရော လူရော အကျိုးရှိတာပေါ့လေ၊ ကျွန်တော် တို့တတွေကတော့

ရဟန်းသံဃာကို ရည်မှန်းပြီး လျှုဒါန်းနိုင်လျှင် အကျိုးမယုတ်လှ ပါဘူး၊ ဘုရားကလည်း သံဃေဒိန္နံ မဟပ္ဖလံလို့ ဟောထားတာပဲ”

စာရေးသူနှင့် ထိုဓမ္မမိတ်ဆွေကြီး ဦးသောင်းညွန့်တို့သည် ရဟန်းသံဃာတို့၏ လုပ်ငန်းတာဝန်များ၊လူဘက်က လုပ်ငန်းတာဝန် များနှင့် ပတ်သက်၍ အတော်ကြာကြာပင် ဆွေးနွေးမိကြပါသည်။

ယနေ့ခေတ် လူရွယ်များကလည်း ရဟန်းသံဃာတော်များနှင့် ဆက်ဆံမှုဝေးလာကြ၍ ရဟန်းသံဃာဆိုင်ရာ ဝိနည်းကျင့်ဝတ်ဆိုင်ရာ ဓမ္မကျင့်ဝတ်ဆိုင်ရာ အသိပညာ ဗဟုသုတနည်း၍ ဘာသာခြားစကားကို နားယောင်ကာ ဗုဒ္ဓဘာသာ ရဟန်းအဖြစ်ကို အလုပ်မလုပ်ချင်၍ ရဟန်းပြုနေသူ၊ အချောင်စားရ၍ ရဟန်းပြုနေသူ ဟုအထင်အမြင်သေး သဘောထားခံယူထားကြသည်။ ရဟန်းသံဃာဘဝ၏ မြင့်မြတ်သောကျင့်စဉ်ကို မသိကြ၍လည်းကောင်း၊ ရဟန်းဘဝ ချမ်းသာကို မသိကြ၍လည်းကောင်း ဤကဲ့သို့ ထင်မြင်ယူဆ အထင်သေးကြခြင်း ဖြစ်ပါသည်။

ဤစာရေးသူသည် ဗုဒ္ဓဘာသာ ရဟန်းဘဝ၏ မြင့်မြတ်သော ဘဝအဖြစ်၊ ရဟန်းအဖြစ်ကို မကျင့်ကကြောက်စရာကောင်းပုံ အလုံးစုံနှင့် ရဟန်းကို လျှုဒါန်း

ရသည့်အတွက် ပစ္စုပ္ပန်တမလွန် အကျိုးကြီးပုံတို့ကို ယနေ့ခေတ် လူရွယ်လူကြီးများကို သိစေလိုပါသည်။ကြည်ညို တတ်ကြစေလိုပါသည်။သံဃာတော်ကို အားထားတတ်ကြ စေလိုပါ သည်။ ပစ္စုပ္ပန် သံသရာအတွက် လယ်ယာမြေ ကောင်းဖြစ်သည်ကိုသိပြီး ဒါနမျိုးစေ့ကို စိတ်စေတနာသဒ္ဓါ တရားဖြင့် စိုက်ပျိုးကြစေလိုပါသည်။

ဤသို့သောရည်ရွယ်ချက်ဖြင့် "**ရဟန်းမြတ်ဂုဏ်ရည်**" စာအုပ်ကို ထုတ်ဝေရေးသားရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဆွေးနွေးသော အငြိမ်းစား ဆရာကြီးဦးသောင်းညွန့်နှင့် စာမူများကူညီရေး ပေးသော သမီးငယ် မစန္ဒာမြင့်၊ ထုတ်ဝေသူစာပေတိုက်တို့ အား ကျေးဇူးအထူးတင်ရှိ ပါကြောင်း မှတ်တမ်းပြုအပ်ပါ သည်။

တက္ကသိုလ်သျှင်သီရိ
(မဟာစရိယ ဘီ-အေ)

ဦးကိုကိုမြင့်
၈/၅၅၊ သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၆၉၀၃၂၄

# အခန်း(၁)

## သံဃာရတနာဖြစ်ပေါ်လာသည်မှာ

### သံဃာရတနာဟူသည်

စိတ်နှလုံးမွေ့လျော် ရွှင်ပျော်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှသည် ရတနာမည်၏။

စိန်, ရွှေ, ငွေ, ကျောက်သံပတ္တမြား, ရတနာတို့သည် လောကရှိ လူအပေါင်းတို့၏စိတ်နှလုံးကို နှစ်သက်စေတတ်၊ မွေ့လျော် ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာဟု ခေါ်ဆိုရသည်။

ရတနာ၏ လက္ခဏာသဘောထားမှာ-

* အလေးအနက်ပြုခံရခြင်း၊
* အဖိုးများစွာထိုက်တန်ခြင်း၊
* အတုမရှိ အသာဆုံးဖြစ်ခြင်း၊
* တွေ့ခဲ၊ ကြုံခဲ၊ ရခဲခြင်း၊
* ဘုန်းကံရှိသူတို့၏ အသုံးအဆောင်(သို့မဟုတ်) ကိုးကွယ်ရာဖြစ်ခြင်း၊

ဤရတနာသုံးပါးတွင်ပါသော သံဃာရတနာဟူသည်-

* သမ္မုတိနှင့်အရိယာ နှစ်ဖြာသော သံဃာတော် အရှင်မြတ်အပေါင်းသည် သံဃာရတနာ မည်ပါသည်။

အထူးသဖြင့် သံဃာရတနာဟူသည် ဘုရားရှင်၏ သာသနာတော်ကို တရားမှန်များဖြစ်ကြောင်း ကိုယ်ကျိုးစွန့်၍ ကျင့်ကြံပြကြ ကုန်သော ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

ထိုသံဃာသည် တစ်မြို့တစ်ရွာ တစ်နိုင်ငံအတွက်သာ မဟုတ်၊ တစ်လောကလုံးအတွက် စံပြခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထို သံဃာတော်များ၏ မေတ္တာအာဏာစက် ကျရောက်ရာ ရပ်ရွာနိုင်ငံတိုင်းဝယ် မေတ္တာတရား ကိုယ်ချင်းစာတရား လိမ္မာရေးခြားများရှိခြင်း စသော လောကငြိမ်းချမ်းသာယာရေးအတွက် အစားထိုးမရလောက်အောင် အစွမ်း

ပေးနိုင်သော ငြိမ်းချမ်းမှု၏ ခေါင်းဆောင်ကြီးများလည်း ဖြစ်ကြပါသည်။

ပစ္စုပ္ပန် တမလွန်ဘဝကောင်းစားရေး၊ လော ကုတ္တရာ ဂုဏ်ကျေးဇူးတို့ကို အဘယ်လူနတ်ဗြဟ္မာတို့မှ မပေးစွမ်း နိုင်ပါ။ သံသရာနှင့်ချီ၍ အတုမဲ့ ကောင်းကျိုးချမ်းသာ တို့ကို ပေးနိုင်ကြသူများမှာလည်း သံဃာတော်များပင် ဖြစ်ပါ သည်။

သံဃာတော်၏ ဂုဏ်ကျေးဇူးကို သိ၍ ဘုရားရှင်သည် မိထွေးတော်ဂေါတမီက သူမ ကိုယ်တိုင် ရက်လုပ်သော သင်္ကန်းကို ဘုရားရှင်ကို လှူသောအခါ ဘုရားရှင်က-

**သံဃေဒိန္နေ မဟပ္ဖလံ၊ သံဃေတွံ ဂေါတမီ ဒေဟိ။**

"ဂေါတမီ ဤ သင်ကိုယ်တိုင် ရက်လုပ်သော သင်္ကန်း များကို သံဃာတော်များအား လှူချေ။ သံဃာတော်ကို လှူလျှင် ငါဘုရားကို လှူရာရောက်သည်" ဟု မိန့်ကြားခဲ့ပါ သည်။

ထို့အတူ ဘုရား တရား သံဃာတို့သည် လူနတ်ဗြဟ္မာ သတ္တဝါတို့ စိတ်နှလုံးကို နှစ်သက်စေတတ် မြတ်နိုးစေတတ် သောကြောင့် လောကုတ္တရာ ရတနာဟု ခေါ်ဆိုရပါသည်။

ထိုသံဃာရတနာကို ရိုသေလေးစားထိုက်ပါသည်။ မရို

မသေ ပြုလုပ်လျှင် ပြုလုပ်သူများ လောကကြီး၌ ကြီးပွားမှု၏ အန္တရာယ်ကို ဖြစ်စေ၏။နောင်သံသရာ၌လည်း မကောင်း ကျိုးကို ခံရသည်။

သံဃာတော်ကို ရိုသေလေးမြတ် ဆည်းကပ် ကိုးကွယ် သူများ လောကသံသရာ နှစ်ဖြာသောအကျိုးကို ရရှိနိုင်ပါ သည်။

သံဃာရတနာသည် ဗုဒ္ဓရတနာပေါ် ထွန်းချိန်၌သာ တွေ့ကြုံ ရခြင်း၊ ဖူးမြင်ရခြင်းကြောင့် အလွန်တွေ့ကြုံခဲရသော ရတနာဖြစ်သည်။

**သံဃာရတနာစတင်ပေါ်လာခြင်း**

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မည်သူ့အား ဦးစွာတရားဟောရမည်နည်းဟု ဆင်ခြင်တော် မူသည်။မိမိကိုယ် တော်မြတ်အပေါ် ဝယ် ကျေးဇူးပြုဖူးသည့် အပြင် တရားဟောလျှင် သိနိုင်သူများအား တရားဦးဖြင့် ကျေးဇူးတုံ့ဆပ်ရန် အကြံဖြစ်တော်မူ လေသည်။

ထိုအကြံအရ မိမိဘုရားမဖြစ်မီ အလောင်းတော် ဘဝက မိမိအား လောကီစျာန် အဘိညာဉ်ရအောင် ကျေးဇူး ပြုခဲ့ပေဖူးသော လောကီဆရာ အာဠာရရသေ့ကြီးနှင့် ဥဒက ရသေ့ကြီးတို့ကို ဦးစွာတရားဟောရန် ဆင်ခြင်ကြည့်မိသည်။

အာဠာရ ရသေ့ကြီး ကွယ်လွန်သည်မှာ (၇)ရက်မျှရှိခဲ့ပြီး ဥဒကဆရာကြီးကားယမန်နေ့ည သန်းခေါင်းယံကလေးမှ ကွယ်လွန်သွားခဲ့သည်။

ဘဝလွတ်မြောက်မှုကို မရရှိသာမက သူတစ်ပါး တရားဟောသည်ကိုပင် မနာကြားနိုင်သော ရုပ်ခန္ဓာမရှိသည့် အရူပပြဟ္မာဘုံ၌ ဖြစ်နေရသည်ကို မြင်တော်မူရာ "အဆုံးရှုံးခြင်းကြီးဆုံးရှုံးကာ နှမြောကြရှာလေစွ၊ ငါ့တရားကိုနာရသော် လွတ်မြောက်ကြရလေရာ၏"ဟု ရင်သပ်တော်မူလေသည်။

ထို့နောက် ကျေးဇူးလည်းရှိ၍တရားဟောလျှင် သိနိုင်သောသူများအား ဆက်လက်ဆင်ခြင်တော်မူရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြသော ပဥ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူ၍ မဟာဗောဓိမှ ၁၈ ယူဇနာ (၁၄၄)မိုင်ဝေးသော မိဂဒါဝုန်သို့ ခြေလျှင် ကြွတော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးတို့အား မဇ္ဈိမပဋိပဒါ အလယ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါး သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

ထိုတရားတော်အဆုံးတွင် အရှင်ကောဏ္ဍည မထေရ်

သည် ၁၈ ကုဋေသော နတ်ဗြဟ္မာတို့နှင့်အတူ သောတာပန် တည်တော် မူသည်။

ဓမ္မစကြာ တရားဦးဟောရာနေ့သည်ကား မဟာ သက္ကရာဇ် ၁၀၃ ခုနှစ် နေ,လည်းဝင်စ လ,လည်း ထွက်ပြူချိန် ဖြစ်သော ဝါဆိုလပြည့် စနေနေ့ ညနေချမ်း ဖြစ်သည်။

လပြည့်ကျော် ၁၁ ရက်နေ့မှစ၍ ၄ ရက်တိုင်တိုင် ဓမ္မစကြာ တရားတော်အတိုင်း ကျင့်ကြံအားထုတ်တော်မူရာ ဝပ္ပ, ဘဒ္ဒိယ, အဿဇိ, မဟာနာမ် လေးဦးတို့သည် တစ်ရက် ပြီးတစ်ရက်၊ တစ်ပါးပြီးတစ်ပါး သောတာပန်တည်ကြလေ သည်။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် အနတ္တလက္ခဏ သုတ်ကို ဟောတော်မူရာ ပဥ္စဝဂ္ဂီငါးပါးလုံး ရဟန္တာဖြစ်တော် မူ လေသည်။

ထိုအခါမှစ၍ ကမ္ဘာလောကကြီးအတွင်းဝယ် သံဃာ ရတနာ စတင်ပေါ်ထွန်းလာခဲ့သည်။ထို့နောက် ယသ,သတို့ သားနှင့် သူငယ်ချင်း ၅၄ ယောက်တို့ ရှေ့ဆင့် နောက်ဆင့် ရဟန်းဘောင်သို့ ဝင်ကြရာ သံဃာများ ၆၀ ဖြစ်လာသည်။

ထို့နောက် ဥရုဝေလကဿပ ရသေ့တစ်ထောင် တို့ကို ဆက်လက် ချေချွတ်တော်မူရာ ဘုရားရှင်သာသနာဝယ်

ရဟန်းသံဃာများ တဖြည်းဖြည်းတိုးပွားလာခဲ့ပြီး သံဃာရတနာသည်လည်း သာသနာ၀ယ် ထင်ရှားခဲ့တော့သည်။

## သံဃာ့ဂုဏ်ရည်များ

မြတ်စွာဘုရားရှင် ဟောကြားဆိုဆုံးမသည့်အတိုင်း ရိုသေစွာ လိုက်နာကျင့်သုံး ဆောက်တည်သောပုဂ္ဂိုလ်များကို သာဝက (တပည့်သား)ဟု ခေါ်သည်။ တပည့်သားဖြစ်သော သမ္မုတိသံဃာ အရိယာသံဃာအပေါင်းကို သံဃာ(အပေါင်းအသင်း၊ အစုအရုံး)ဟူ၍ ခေါ်ဆိုပါသည်။

အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်သာ မုချသံဃာဟု ယူရသည်။ ယင်းကို မြတ်သောပရမတ္ထသံဃာဟူ၍လည်း ခေါ်သည်။ သာမန်အားဖြင့် ပုထုဇဉ် အရိယာမခွဲခြားဘဲ အယူသီလ တူမျှကြသော ရဟန်းအပေါင်းကို သမ္မုတိသံဃာ (အမည်ပညတ်အားဖြင့် တူညီသော သံဃာ)ဟုခေါ်ပါသည်။

အနှစ်လိုလျှင် အခေါက်အပြင်ငယ်က စ,ရသကဲ့သို့ ပရမတ္ထ သံဃာဖြစ်ရန်မှာ ပညတ်က စရပါသည်။

သံဃာဟုဆိုလျှင် ပရမတ်သံဃာ သမ္မုတိသံဃာ နှစ်မျိုးစလုံး ပါဝင်သည်။ ဘုရားရှင်သာသနာတော်၀ယ် ပထမဦးဆုံးပေါ်လာသော အရှင်ကောဏ္ဍညမထေရ်မှ စလျက် ယခုလက်ရှိ တစ်သာသနာလုံးရှိ ရဟန်းတော်များ

ပါဝင်ပါသည်။

လူတို့ အလှူဒါနတစ်ခုခု ပြုရာဝယ် သံဃေဒိန္နံမဟပ္ဖလံ (သံဃာအားပေးလှူခြင်းသည် မြတ်၏)ဟူသော ဘုရားရှင် စကားတော်အရ ပိုမို၍အကျိုးကျေးဇူး ကြီးမြတ်ခံစားနိုင်ရန် သံဃိကဒါန(သံဃာအားလုံးနှင့် ဆိုင်သောအလှူ) စိတ်ထားပြီး လှူကြရသည်။

သံဃာတော်သည် ပညတ်ပရမတ်သဘောအားဖြင့် နှစ်မျိုး၊ အရေအတွက်အားဖြင့် ရှစ်ပါးသော သံဃာတော်အားလုံးသည် သံဃာဂုဏ်တော် ကိုးပါးနှင့်အညီ ကျင့်ကြံကြိုးကုတ် ကောင်းစွာအားထုတ်တော်မူကြပါသည်။ ထိုသံဃာ့ဂုဏ်တော်(ဝါ)သံဃာ့ဂုဏ်ရည် ကိုးပါးမှာ-

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ

၅။ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော

၆။ ပါဟုနေယျော

၇။ ဒက္ခိဏေယျော

၈။ အဉ္စလိကရဏီယော

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

အဓိပ္ပါယ်

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော် အပေါင်းသည် ရာဂ, ဒေါသ, မောဟ ကင်းကြောင်း၊ သီလ, သမာဓိ, ပညာအကျင့် ကောင်း ကို ကောင်းစွာကျင့်ကြံတော်မူပါပေ၏။

၂။ ကိုယ်နှုတ်စိတ်ဝယ် မဖုန်းကွယ်ဘဲ အရွယ်သုံးမျိုး၊ မချိုး မထောင့် ရိုးဖြောင့်မှန်စွာ ကျင့်ကြံတော်မူပေ၏။

၃။ ကိုယ့်အသက်ကို ငဲ့ကွက်မညှာ နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံ တော်မူပါပေ၏။

၄။ လူတို့ပြုစုရှိခိုးမှုနှင့် သင့်ပြုလျော်ကန် ထိုက်တန်အောင် ကျင့်တော်မူပါပေ၏။မဂ်လေးပါး ဖိုလ်လေးပါးအားဖြင့် လေးပါးကုန် သော အကြင်ယောက်ျားမြတ်အစုံသည် အရေအတွက်အားဖြင့် ရှစ်ပါးကုန်သော အကြင် ယောက်ျားမြတ် ခေါ် ဆိုအပ်သော အရိယာ ပုဂ္ဂိုလ်တို့ ပါတည်း။

၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏မင်္ဂလာဖိုလ်လေးစုံ၊ ရေတုံ့ရှစ်ဖော် ထိုတပည့်သား အရိယာသံဃာတော် မြတ်အပေါင်းသည် ယူဇနာများစွာ ခရီးကွာလည်း သွားလာဦးခိုက် လှူဒါန်းပူဇော်ထိုက် ပါ၏။

၆။ အနန္တရောက်လာ ကြွသောအခါလည်း မစွန်ခွာ ကြိုကောင်း ဧည့်သည်ကောင်းဟု နှစ်ထောင်းကြည်နူး ဦးဦးဖျားဖျား များစွာရှိညွတ် အမြတ်ထွတ်ဆုံး ဧည့်ဝတ် အလှူကို ခံတော်မူထိုက် ပြုစုပူဇော်ထိုက် ပါပေ၏။

၇။ တမလွန်ဘဝ ကောင်းကျိုးရအံ့၊ ရည်မျှော်ငံ့လျက်၊ ကံ,ကံ၏ အကျိုး ယုံကြည်ကိုးတိုင်း၊ တိုးပွားစေတတ်၊ အားကိုးအပ်သဖြင့်၊မြတ် သောအလှူကို ခံယူတော် မူထိုက်ပါပေ၏။

၈။ ဆယ်ဖြာလက်ရိုး၊ ထိပ်ဝယ်မိုး၍၊ ညွတ်ကျိုးဝပ်ချ၊ ထည့်ငါးဝဖြင့် ဦးချရှိခိုးခြင်းငှာ ထိုက်တန်တော် မူပါပေ ၏။

၉။ တစ်လောကလုံး၏သီလစသောဂုဏ်ကြောင့် တစ်စုံ တစ်ယောက်သောသူနှင့်မျှ မတူနိုင်းအပ်၊ အမြတ်ဆုံး ဖြစ်တော်မူသော ဖူးမြင်ရုံမျှ၊ ချမ်းသာရ၍ ဒါနမျိုးစေ့

နည်းငယ်ပျိုးက ကောင်းကျိုး ထွေထွေ ဖြစ်ထွန်းစေသည့် လယ်မြေကောင်းကြီးသဖွယ် ဖြစ်တော်မူ ပါပေ၏။

ဤသံဃာ့ဂုဏ်ရည် ကိုးပါးတွင် ရှေ့လေးပါးသည် အကြောင်း တရားများဖြစ်ကြပါသည်။ ရဟန်းများ၏ တကယ်မှန်ကန်စွာ ကျင့်ရသော အကြောင်းတရားများ ဖြစ်ပါသည်။

ဤမှန်ကန်စွာကျင့်သော အကြောင်းကြောင့် နောက်အကျိုးငါးပါးသည် မုချဆက်ဆက် ရရှိခံစားရသည်။ ထိုအကျိုးငါးပါးသည် ကျင့်သောရဟန်းများနှင့်တကွ ထိုရဟန်းတို့အား ပူဇော်ရှိခိုးလှူဒါန်း ကြသော လူနတ်ဗြဟ္မာတို့အားလည်း အထူးကျေးဇူးပြည့်စုံစေရပါသည်။

အလှူခံတစ်ကိုယ်လေးခွေးကအစ လှူကောင်းသည် မှန်သော်လည်း အလှူ၏ အကျိုးကြီးမြတ်မှုသည် သီလရှိမှုနှင့် မရှိမှု၊ အကျင့်တော်မှုနှင့် မတော်မှုအပေါ် လှူမှုနှင့် ပတ်သက်၍ အကျိုးကျေးဇူး ကွာခြားသည်ကို တွေ့ရပါမည်။ ထို့ကြောင့် အလှူအကျိုး နှင့်ပတ်သက်၍ ဘုရားရှင်က အောက်ပါအတိုင်း ခွဲခြား၍ ဟောကြား ထားသည်ကို တွေ့ရပါမည်-

* တိရစ္ဆာန်ကို လှူခြင်းထက် သီလရှိသော ပုထုဇဉ်ကို လှူခြင်းက ပို၍မြတ်၏။

* ယင်းထက် သာသနာ့ပစ္စာန်ရ ရသေ့တို့ကို လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် သကဒါဂါမိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် အနာဂါမိဖိုလ် ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် အနာဂါမိမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် အနာဂါမိဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် အရဟတ္တမဂ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။
* ယင်းထက် အရဟတ္တဖိုလ်ပုဂ္ဂိုလ်အား လှူခြင်းက ပို၍မြတ်သည်။

* ယင်းထက် ပစ္စေကဗုဒ္ဓါအား လှူခြင်းက ပိုမြတ်သည်။
* ယင်းထက် ဘုရားရှင်အား လှူခြင်းက ပိုမြတ်သည်။
* ယင်းထက် ဘုရားအမှူးရှိသောသံဃာအား လှူခြင်းက ပိုမြတ် သည်။

## ရတနသုတ်လာဂုဏ်ရည်များ

ခုဒ္ဒကနိကာယ် ရတနသုတ္တတွင် ဗုဒ္ဓဘုရားရှင်သည် သံဃာဂုဏ်တော်၏ ဂုဏ်ရည်များကို ဝေသာလီကပ်ဘေးကို ကယ်တင်ရန် စီမံသောအခါ ရှင်အာနန္ဒာမထေရ်ကို အောက်ပါအတိုင်းသင်ပြပေး တော်မူခဲ့ပါသည်။

(၁) လူ့ပြည် နဂါး-ဂဠုန်ပြည် နတ်ပြည် ဗြဟ္မာပြည်တို့၌ ရှိသမျှသော ကောင်းမြတ်သော ရတနာတို့တွင် သံဃာရတနာနှင့်တူသော ရတနာကား မရှိနိုင်သည် သာ ဖြစ်သည်။ သံဃာတော်၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ဂုဏ်ရည်ကား ထူးခြားကောင်းမြတ် လှပါသည်။

(၂) ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ် သော အရိယာပုဂ္ဂိုလ်များကား ရှစ်ပါးဖြစ်ရာ အစုံအား ဖြင့် ၄လေးစုံဖြစ်သည်။ ဘုရားရှင်၏ တပည့် သာဝက ဖြစ်သော ထိုအရိယာသံဃာတို့ကား အလှူ ဒါယကာ

တို့ လှူအပ်သော အလှူတို့ကို ခံယူတော်မူထိုက်သော ပုဂ္ဂိုလ် များ ဖြစ်ကြပါသည်။ထိုအရိယာ သံဃာတို့အား လှူအပ်သော အလှူဟူသမျှသည် အကျိုးကြီးမားလှသည်။ အရိယာသံဃာတော်၌ ရတနာအဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

(၃) မြဲမြံတည်တံ့သော သမာဓိဖြင့် လွန်စွာအားထုတ်ကြကုန်၍ ဂေါတမဘုရားသာသနာတော်၌ ကိလေသာ အာသဝေါတို့မှ ကင်းလွတ်ကြကုန်သော အရိယာသံဃာတော်အရှင်မြတ်တို့သည် နိဗ္ဗာန်သို့ အာရုံသက်ရောက်ယူကြပြီးသော် ပစ္စည်း၃စွာ အနည်းငယ်မျှ မကုန်ကျဘဲ အလွယ်တကူရရှိ၍ ဖလသမာပါတ်အငြိမ်းဓာတ်ကို ခံစားလျက် အရဟတ္တဖိုလ်၌ ဝင်စားနေကြပါသည်။ ရဟန္တာသံဃာ၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါသည်။

(၄) မြေ၌စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းများမှ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်သကဲ့သို့ မဂ်ဉာဏ်ဖြင့် အရိယာသစ္စာတို့ကို သိမြင်သော သောတာပန်

ပုဂ္ဂိုလ်မြတ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူသည်။ သောတာပန်သံဃာ၌ ဤရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဂုဏ်ရည်များသည် ထူးမြတ်လှပါသည်။

(၅) နက်နဲသောဉာဏ်တော်ရှင် မြတ်စွာဘုရားရှင်၏ အကောင်းဆုံး ဟောကြားတော်မူအပ်သော အရိယာသစ္စာတို့ကို မဂ်ဉာဏ်ရရှိ၍ ထင်ရှားသိရှိတော်မူကြသော သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ် တို့သည် စည်းစိမ်ယစ်၍ အလွန်အကဲမေ့လျော့စေကြကာမူ ရှစ်ကြိမ် မြောက်ဘဝကို ကူးရိုးထုံးစံမရှိတော့ပါ။ သောတာပန်သံဃာ၏ရတနာဟု သိနိုင်ဖွယ်ရာ ဤဂုဏ် တော်သည်လည်း ထူးမြတ်လှပါသည်။

(၆) သောတာပန်ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိ မဂ်ဉာဏ် ပြည့်စုံသည်နှင့်တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ တရားသုံးပါးနှင့် အချို့သော ကိလေသာများကို ပယ်ရှားအပ်ပြီးဖြစ်သည်။

(၇) ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံမှ လွတ်မြောက်ရပြီး ရုန့်ရင်းသောအကြောင်းစုံ အမှုအပြစ်တို့ကိုလည်း ပြုခြင်းငှာ မထိုက်တော့ပေ။

သောတာပန် သံယာ၌ ရတနာအဖြစ် နှစ်သက်ဖွယ်ရာ ဤဂုဏ်ရည်များသည်လည်း ထူးမြတ်လှပါသည်။

(၈) သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသော ပြုစ်မှုကို လွန်ကျူးမိစေကာမူ သောတာပန် ပုဂ္ဂိုလ်တို့သည် ပြုမိသောပြစ်မှုကို ကာကွယ်ဖုံးကွယ်ဝှက်ထားသူများ အဖြစ် မဖြစ်နိုင်ပေ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီး ဖြစ်သော အရိယာသောတာပန်၏ မိမိပြုသောပြစ်မှု တို့ကို မဖုံးကွယ်ထိုက်သူ ဖြစ်ကြောင်းကို ဘုရားရှင် ဟောကြားတော်မူအပ်ပါသည်။ သောတာပန်သံယာ၌ ဤရတနာဟုသိနိုင်ကြောင်း ဂုဏ်ရည်များသည် ထူးမြတ်လှပါသည်။

(၉) ရဟန္တာအရှင်မြတ်တို့အား ရှေးအတိတ်ကံကောင်း များလည်း ကုန်ခဲ့ပါပြီ။ ကံအသစ်ဖြစ်ပေါ်ရန်လည်း မရှိတော့ပါ။ နောင်ဖြစ်ရမည့် ဘဝသစ်၌ တွယ်တာ သောစိတ်သည်လည်း ကင်းတော်မူကြပါသည်။ ရဟန္တာအရှင်မြတ်တို့အား ပဋိသန္ဓေမျိုးစေ့လည်း ကုန်ပါပြီ။ ဘဝသစ် ဆက်ဖြစ် စည်ကားရေးဝယ် တွယ်တာသောဆန္ဒလည်း မရှိကြပါ။ ထိုရဟန္တာအရှင် မြတ်တို့သည် ဆီမီးငြိမ်းသကဲ့သို့ ဝဋ်ဇာတ်သိမ်း၍

ချုပ်ငြိမ်းတော်မူကြပါသည်။

ရဟန္တာသံဃာတော်၌ ရတနာအဖြစ်နှစ်သက်ဖွယ် ဂုဏ်ရည် သည်လည်း ထူးမြတ်လှပါသည်။

## သံဃာရတနာရဟန်းပြုလုပ်မှုအဆင့်ဆင့်

"ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော" ရဟန်းအဖြစ်သည် ရခဲသည်။

ဘုရားရှင်ဟောကြားခဲ့သော ရခဲသော ဒုလ္လဘတရား ငါးပါးတွင် ရဟန်းသံဃာအဖြစ်သည် ရခဲသည့်တရားတွင် တစ်ပါး အပါ အဝင် ဖြစ်ပါသည်။

ဘုရားသာသနာတော်ဝယ် ရဟန်းသံဃာဖြစ်မှုသည် ရှစ်မျိုး ရှိခဲ့ပါသည်။

၁။ *ဧဟိဘိက္ခုပသမ္ပဒါ*- ဘုရားရှင်က "လာလော့ ရဟန်း" ဟု ခေါ်တော်မူရုံမျှဖြင့် ရဟန်းဖြစ်ခြင်း။

၂။ *သရဏဂမနူပသမ္ပဒါ*- သာသနာပေါ်ဦးကာလက သရဏဂုံသုံးပါးကို ဆောက်တည်၍ ရဟန်းဖြစ်ခြင်း။

၃။ *ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ*- ဘုရားရှင်၏ ဩဝါဒကို ခံယူ ဆောက်တည်ခြင်းဖြင့် အရှင်ကဿပမထေရ်၏ ရဟန်းဖြစ်ခြင်း။

၄။ *ပဉှာဗျာကရဏုပသမ္ပဒါ*= ဘုရားရှင်၏အမေးကို ဖြေဆိုသော ခုနှစ်နှစ်အရွယ် သောပါကသာမဏေငယ် ချီးမြှောက်သောအားဖြင့် ရဟန်းပြုခွင့်ပေးခြင်း။

၅။ *ဂရုဓမ္မပဋိဂ္ဂဟဏုပသမ္ပဒါ*=မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏ ဂရုဓမ္မရှစ်ပါးကို ခံယူခြင်းဖြင့် ရဟန်းဖြစ်ခြင်း။

၆။ *ဒုတေဏုပသမ္ပဒါ*= အဓုကာသိပြည့်တန်ဆာမအား ခွင့်ပြုသောတမာန်ဖြင့် စေလွှတ်၍ရဟန်းဖြစ်ခြင်း။

၇။ *အဋ္ဌဝါစိကုပသမ္ပဒါ*= ဘိက္ခုနီတို့၏ ရဟန်းဖြစ်ခြင်း။

၈။ *ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ*= ယခုခေတ်တွင် တွေ့မြင်ရဆဲဖြစ်သော ဉတ္တိစတုတ္ထကမ္မဝါစာ ရွတ်ဖတ်၍ရဟန်းဖြစ်ခြင်းတို့ ဖြစ်ပါသည်။

(ဝိ၊ ၄ ၁၊၂၀၆-၇)

သာသနာ့ဝန်ထမ်း နှစ်မျိုး

အိမ်ထောင်သားမွေးအလုပ်ကို စွန့်ခွာ၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လျက် မြတ်သောအကျင့်ကို ကျင့်သူများကို-

* ပထမအဆင့် ရှင်သာမဏေ

* ဒုတိယအဆင့်ရဟန်း ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထားပါသည်။

မြတ်စွာဘုရားရှင်သည် လူနတ်ဗြဟ္မာအပါအဝင် တစ်လောကလုံးအတွက် လေးစားလောက်သော သံဃာအဖွဲ့အစည်းကြီးကို စနစ်တကျ ဖွဲ့စည်းထူထောင်ခဲ့ပါသည်။

ဗုဒ္ဓတည်ထောင်ထားခဲ့သော သံဃာအဖွဲ့အစည်းကြီးသည် တစ်ချိန်က အာရှတိုက်တစ်ခုလုံးကို လွှမ်းခြုံထားနိုင်ခဲ့ပါသည်။ ဘုရားရှင်သည် ရှင်ရဟန်းအဖြစ်ကို ရှင်ရဟန်းပြုလိုသူတိုင်းကို လက်မခံခဲ့ပါ။ ရှင်ရဟန်းများကို မိမိသာသနာအတွင်း၌ အရည်အချင်းရှိသော သံဃာတော်များဖြစ်အောင် စီမံထားခဲ့သည်။

- ပါသာဒိကဂုဏ် (ကြည်ညိုဖွယ်ရာရှိသောဂုဏ်)ကို ဆောင်သော သွင်ပြင်၊
- သဒ္ဓါ၊ဝီရိယ၊သတိ၊သမာဓိ၊ပညာနှင့်ယှဉ်သော ကြီးမြတ်သောဖိုလ်စိတ်ဓာတ်၊
- ပရိယတ် ပဋိပတ် ဘက်စုံပညာ ဗဟုသုတ၊
- ဒုက္ခကင်းဝေးရေးကို ဦးတည်ချက်ထားသော အကျင့်သိက္ခာ၊

ဤအရည်အချင်းများနှင့် ပြည့်ဝနေစေရန် ဤအရည်

အချင်းများနှင့် ရှင်ရဟန်းတို့၏ သန္တာန်၌ ကိန်းဝပ်နေစေရန် စီမံပြီး သာသနာတွင်း ဝင်လာသူတိုင်းကို စိစစ်ရွေးချယ် ခဲ့ပါသည်။ သာသနာဝင် ပုဂ္ဂိုလ်စိစစ်ရေး လွယ်ကူစေရန် စည်းကမ်းချက်များကို စနစ်တကျ ချမှတ်ပေးခဲ့ပါသည်။

ရှင်ရဟန်းဖြစ်ခွင့် လုံးဝမရထိုက်သူ ၁၁ ဦး။

ရှင်ရဟန်းဖြစ်နိုင်သော်လည်း မသင့်လျော်သူ ၃၂ ဦး။

ယင်းတို့ကို ရှင်ရဟန်းမပြုပေးရန် ဘုရားရှင်က မဟာဝါခန္ဓ ၌ ပညတ်ထားပါသည်။(၁)

ဘုရားရှင်သည် မိမိ၏ သံဃပရိသတ်ကို လူအများ ကြည်ညို လေးစားသော ပါသာဒိကဂုဏ်ကိုဆောင်နိုင်သော သံဃာပရိသတ်ကိုသာ လိုလားတောင့်တတော်မူသည်။

လူတကာ အထင်သေးစရာ အို-နာ-ကျိုး-ကန်း-နူစွဲ ရောဂါသည် ပရိသတ်များ မဖြစ်စေလိုပါ။ ဘုရားရှင် လက်ထက်ကပင် သာသနာတော်ဝင်လိုသူတိုင်းကို စိစစ်မှု မရှိ၊ လွယ်လွယ်နှင့် ရဟန်းပြု ပေးနေသဖြင့် သာသနာတော် ဝယ် အနာရောဂါရှိသူ၊ နူနာရောဂါစွဲသူ စသည်ဖြင့် စက်ဆုတ်ဖွယ်ရာရှိသော ပုဂ္ဂိုလ်များ ပြည့်နေပါသည်။

သို့အတွက် ဘုရားရှင်သည် ထိုပုဂ္ဂိုလ်များကို ရှင် ရဟန်း ပြုမပေးရန် သိက္ခာပုဒ်များ ပညတ်ပေးခဲ့ရုံမက

ရဟန်းခံသည့်အခါ စစ်ဆေးမေးမြန်းရန်လည်း ခွင့်ပြုတော်မူခဲ့ပါသည်။

## ရှင်ရဟန်းပြုခွင့်အသက်နှင့် သတ်မှတ်ပညတ်ချက်များ

အလွန်ငယ်ရွယ်သော သူများသည် မိမိခန္ဓာကိုယ်ကို မိမိ ကိုယ်တိုင် မသုတ်သင်နိုင် မစောင့်ရှောက်နိုင်၊ သင်္ကန်းဒွန် ရိုသေမှု၊ ကျင့်ဝတ်သီလ စောင့်ထိန်းမှု မစွမ်းဆောင်နိုင်သော ကြောင့် (၁၅)နှစ်အောက် ငယ်ရွယ်သူကို ရှင်မပြုပေးရဟု သိက္ခာပုဒ်ပညတ်ခဲ့ပါသည်။

သို့သော် လိုအပ်လျှင် (၁၅)နှစ်အောက်ကိုလည်း ရှင်ပြု ပေး နိုင်ကြောင်း ခွင့်ပြုတော်မူခဲ့ပါသည်။

တစ်ဖန် အိုမင်းမစွမ်း (ဇရာဒုဗ္ဗလ) အရွယ်ရောက် နေသူ အဘိုးအိုများကိုလည်း ရဟန်း မပြုပေးရဟု ပညတ်ခဲ့ ပါသည်။

ရဟန်းခံမှုတွင် အသက် (၂၀) ပြည့်သူကို ရဟန်းခံခွင့် ပြုပါ သည်။ ပဋိသန္ဓေအသက်ကိုယူ၍ (၁၉)နှစ် (၆)လရှိသူ ကို ရဟန်းခံခွင့် ပြုခဲ့ပါသည်။

## ဥပဇ္ဈာယ်ဆရာ

ပုဂ္ဂိုလ်တစ်ဦးသည် ရဟန်းဘောင်သို့ ဝင်တော့မည်

ဆိုလျှင် မိမိကို ရဟန်းဘဝတွင် ပါသာဒိကဂုဏ်နှင့် ပြည့်စုံစွာ နေနိုင်အောင် တရားဓမ္မအားထုတ်နိုင်ရန် နည်းပေးလမ်းပြ ပြုလုပ်နိုင်သူ နည်းပြဆရာ(ဥပဇ္ဈာယ်)လိုအပ်ပါသည်။

ဥပဇ္ဈာယ်ဆရာ၏ အထောက်အပံ့ ဓမ္မအထောက်အပံ့ မရလျှင် ရဟန်းပြုသော်လည်း မကြီးပွား မတိုးတက်နိုင်ပါ၊ ဆုတ်ယုတ် ပျက်စီးမည်သာ ဖြစ်ပါသည်။

သာသနာတော်၌ ဥပဇ္ဈာယ်ဆရာ၏ အကူအညီ များစွာလိုအပ်သည်။ ဥပဇ္ဈာယ်ဆရာသည် မိမိ၏တပည့်ကို သားရင်းပမာ ဝတ်ပုံ နေပုံ ထိုင်သွားလာ ပြောဆိုပုံမှစ၍ အစစ အရာ တာဝန်ယူ၍ စနစ်တကျ ညွှန်ပြပေးရသည်။

တပည့်မကောင်း ဆရာ့ခေါင်းဆိုသကဲ့သို့ ဥပဇ္ဈာယ် ဆရာ မကောင်းက တပည့်ညံ့ဖျင်းတတ်သည်။ ယင်း ဥပဇ္ဈာယ် ဆရာကိုပင် မင်္ဂလာတရား၌ ပဏ္ဍိတာနဉ္စသေဝနာ ပညာရှိကို ဆည်းကပ်မှီဝဲရခြင်းဟူ၍ လည်းကောင်း၊ သမ္ဗုဒ္ဓီစက်၌ သပ္ပုရိသနိဿယစက် (သူတော် ကောင်းအား မှီခြင်းစက်) ဟူ၍လည်းကောင်း ဆိုထားသည်။

ဥပဇ္ဈာယ်ဆရာသည် မိမိကိုယ်တိုင် ရှေးဦးစွာ ပြင်ဆင် ပြီးမှ သူတစ်ပါးအပေါ် ဆရာလုပ်မည်ဟူသော ဓမ္မပဒအဆို ကို လည်းကောင်း၊ချစ်ခင်လေးစားအပ်သော သီလ, သမာဓိ,

ရှိခြင်းစသော ဆရာကောင်းတို့၏ အင်္ဂါခုနစ်ချက်နှင့် လည်းကောင်း ပြည့်စုံရန်လိုအပ်ပါ သည်။ဝိနယသင်္ဂဟ၌ ဥပဇ္ဈာယ်ဆရာအင်္ဂါ ငါးပါးကို ဖော်ပြထားပါသည်။

၁။ ဆယ်ဝါပြည့်ခြင်း၊

၂။ ဥဘတောဝိဘင်းကို နှုတ်တက်ရွရွ ရထားသူ ဖြစ်ခြင်း၊

၃။ ကံကြီးကံငယ် ကိစ္စတို့၌ တတ်သိနားလည်ခြင်း

၄။ ခန္ဓကဝတ်တို့၌ တတ်သိလိမ္မာခြင်း

၅။ နာမ်ရုပ်တို့ကို ပိုင်နိုင်စွာ ဟောပြောပြနိုင်ခြင်း

ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံလျှင် ဥပဇ္ဈာယ်ဆရာ မြောက်သည်။ (နိဿရည်းဆရာ၏အင်္ဂါ၊ ကျောင်းထိုင် အင်္ဂါများသည်လည်း ဥပဇ္ဈာယ် ဆရာ၏အင်္ဂါနှင့်တူသည်)

## ဥပဇ္ဈာယ်ယူပုံ

ရဟန်းပြုမည့် ရဟန်းတော်သည် ဦးစွာပထမ ဥပဇ္ဈာယ်ဆရာကို အရင်ရှာရသည်။ ဆရာတွေ့သောအခါ-

"အရှင်ဘုရားသည် တပည့်တော်၏ ဥပဇ္ဈာယ်ဆရာဖြစ်တော် မူပါ" ဟု သုံးကြိမ်လျှောက်ထားရသည်။

ဥပဇ္ဈာယ်အဖြစ် တာန်ယူရမည့် ဆရာထံ မိမိကိုယ်

ကို အပ်နှံလိုက်ခြင်း သဘောဖြစ်သည်။အမြဲတမ်း ကြပ်ကြပ် မတ်မတ် လမ်းညွှန်ပြပေးတော်မူပါဟု တောင်းခံခြင်း သဘောဖြစ်သည်။

ထိုသို့ ရဟန်းလောင်းက တောင်းခံလာသောအခါ ဥပဇ္ဈာယ် ဆရာက-

"ကြည်ညိုဖွယ်ကို ဆောင်နိုင်သော ကိုယ်နှုတ်အမူ အရာဖြင့် သီလ သမာဓိ ပညာ သုံးဖြာသောသိက္ခာကို ပြီးစေ လော့ဟု ဥပဇ္ဈာယ်ဆရာက ချက်ချင်း ဩဝါဒပေးသည်။

ကြည်ညိုဖွယ်ရာ ကိုယ်အမူအရာ နှုတ်အမူအရာကို ဋီကာသစ်၌ ကိုယ်,နှုတ်,စိတ် သုံးပါးလုံးကို ဖွင့်ဆိုပြသည်။

သမာဓိသည် သိက္ခာကို ဖြည့်ကျင့်ရာ၌ ကိုယ်နှုတ် နှစ်ပါးဖြင့် မပြီးဘဲ စိတ်အလုပ်များစွာ ပါဝင်သည်ကို သိရှိစေ လိုရန် ရည်ရွယ်သည်ဟု ဆိုရပါမည်။

သို့သော် ဝိနည်းသိက္ခာပုဒ်အရာဝယ် မနောဒွါရ(စိတ်) ၌ အာပတ် မသင့်နိုင်၊ ကိုယ်,နှုတ် နှစ်ပါးသာ အာပတ်သင့် နိုင်သည်။ ကိုယ်,နှုတ် နှစ်ပါးယဉ်ကျေးလျှင် ကြည်ညိုဖွယ် ရာဂုဏ်နှင့် ပြည့်စုံသည်သာ။

ရဟန်းခံချိန်ဝယ် ဥပဇ္ဈာယ်ကိုယ်တိုင် သိမ်ထဲ၌ မပါ သော်လည်း ရဟန်းကိစ္စအောင်မြင်နိုင်သည်။ ဥပဇ္ဈာယ်

ကိုယ်တိုင် သိမ်ထဲသို့မပါလျှင် ကြိုတင်၍ ဥပဇ္ဈာယ် ယူထား နိုင်သည်။

## ပရိက္ခရာနှင့်သက်န်းသပိတ်ပြောကြားခြင်း

ဘုရားရှင်လက်ထက်ဝယ် ကိုယ်ပိုင်သပိတ်၊ သင်္ကန်း မရှိသူများကို ရဟန်းပြုပေးသဖြင့် တိတ္ထိတက္ကထွန်းများကဲ့သို့ လက်ချည်းသာ ဆွမ်းခံဝင်သဖြင့် လူမြင်မကောင်းသည်ကို အကြောင်းပြု၍ ကိုယ်ပိုင်သပိတ်၊ သင်္ကန်းမရှိသူကို ရဟန်းပြု မပေးရ၊ ပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်ခဲ့ သည်။

သို့အတွက် ပရိက္ခရာတွင် ပါဝင်သော ဤသပိတ်၊ ဤ သင်္ကန်းများသည် သင်ရဟန်းလောင်း၏ ကိုယ်ပိုင်သပိတ်၊ သင်္ကန်းများ ဖြစ်သည်ဟု ဥပဇ္ဈာယ်ဆရာက ပြောကြားပေးရ သည်။

သပိတ် သင်္ကန်းပြည့်စုံလျှင် ရဟန်းခံပေးနိုင်သည်ဟု ဆိုသောကြောင့်-

သပိတ်၊ နှစ်ထပ် သင်္ကန်းကြီး၊ ဧကသီ၊ သင်းပိုင် အားဖြင့် ပရိက္ခရာလေးပါးသာ တွေ့ရမည်ဖြစ်သည်။

ခါးပန်းကြိုးမဖွဲ့ဘဲ ရွာတွင်းသို့ ဝင်လျှင်လည်းကောင်း၊ ရေစစ်မပါဘဲ ခရီးရှည်သွားလျှင်သော်လည်းကောင်း၊ "ဒုက္ကဋ်

အာပတ် သင့်၏" ဟု သိက္ခာပုဒ် ပညတ်ထားသောကြောင့် ခါးပန်းကြိုး၊ ရေစစ်တို့သည် ရဟန်းများအတွက် မရှိမဖြစ် လိုအပ်သော ပစ္စည်းများ ဖြစ်ကြသည်။

" ဆံပင်ကိုလက်နှစ်သစ်ထက် ရှည်အောင် မထားရ" ဟု ပညတ်ထားသဖြင့် ခေါင်းရိပ်ဓားသည်လည်း မရှိမဖြစ် လိုအပ်သော အသုံးအဆောင်ဖြစ်သည်။ သင်္ကန်းချုပ်ရန် အပ်မရှိလျှင်မဖြစ်၊ အပ်ထည့်ဖို့ရန် အပ်ချည်ဘူးကို အပနိဓာနသိက္ခာပုဒ် သုစိဃရ သိက္ခာပုဒ်တို့၌ ပညတ်ထား သည်ကို တွေ့ရသည်။ ထို့ကြောင့် ရဟန်းအသုံး အဆောင် တွင် ပရိက္ခရာရှစ်ပါး ဖြစ်ကြောင်း ခွင့်ပြုထားသည်ကို တွေ့ ရပါသည်။

## ရဟန်းလောင်းအားသင်ပြမှု

ဘုရားရှင်လက်ထက် ရဟန်းလောင်းများကို ကြိုတင် သင်ပြမှုမရှိဘဲ စစ်ဆေးမေးကြသဖြင့် ရဟန်းလောင်းက မဖြေကြားတတ်၊ မဖြေကြားဝံ့ ဖြစ်ခဲ့ရသည်။ သင်ပြပြန် သော်လည်း သံဃာအလယ်မှာသင်ပြပြီး သံဃာအလယ် မှာပင် စစ်ဆေးကြသဖြင့် အခြားသင့်လျော်ရာ သင်ပြပြီးမှ သံဃာအလယ်မှာစစ်မေးရန် ပညတ်ခဲ့ရသည်။

တစ်ဖန် မကျွမ်းကျင်သူများက သင်ပြသဖြင့် မဖြေ

ကြားတတ်၊ မဖြေကြားဝံ့ ဖြစ်ရပြန်သည်။ သို့အတွက် ကျမ်းကျင်သူများကသာ သင်ပြပေးရန် ပညတ်ခဲ့ရပြန်သည်။

## သင်ကြားပြသပေးရမည့်အရပ်ဒေသ

ရဟန်းလောင်းကို သင်ပြသောအခါ သင်ပြမည့် ရဟန်းသည် ရဟန်းလောင်းကို နှစ်တောင်ကွာ ဟတ္ထပါတ် လွတ်လောက်ရာအရပ်သို့ ခေါ်ဆောင်သွားပြီး သင်ပြရသည်။ နှစ်တောင်ကွာ ဟတ္ထပါတ်ကို လယ်တီဆရာတော်ကြီးက တစ်ဆယ့်နှစ်တောင် ဥပစာလွတ်လောက်ရာအရပ် ဟု မိန့်ဆိုထားပါသည်။

သံဃာအလယ်၌ သင်ပြ၍မရ သင့်တော်ရာအရပ်၌ သင်ပြရမည်ဟူသော ပါဠိတော်အယူအဆနှင့် လယ်တီဆရာတော်၏ အယူအဆသည် တူညီနေသည်ကို တွေ့ရသည်။

ရဟန်းလောင်းကို လူမမြင်သောအခန်းတွင် သွင်းပြီး နေရာ လွတ်၌သွား၍ သင်ပြရန်မလိုချေ။

## စိစစ်ပေးရမည့်အချက်များ

ရဟန်းလောင်းကို ဆုံးမသွန်သင်ပြသော ဆရာရဟန်းသည် ရဟန်းလောင်းကို အောက်ပါမေးခွန်းများ မေးသည့်

အခါ ဖြေတတ်အောင် သင်ကြားပြသရသည်-

သင်ကြားပြသရမည့် မေးခွန်းများမှာ-

၁။ နူနာရှိသလော၊

၂။ ထွက်မြင်းအနာ၊ အိုင်းအမာရှိသလော၊

၃။ ခရုသင်းအနာရှိသလော၊

၄။ ပန်းနာ အဆုတ်နာ ရှိသလော၊

၅။ ဝက်ရူးစသော ရူးနှမ်းသောအနာရှိသလော၊

ဤ ငါးချက်အတွက် *နတ္ထိဘန္တေ*-မရှိပါဘုရားဟု ဖြေဆိုတတ်ရန် သင်ပြရသည်။

၆။ လူသားစကောန်ဟုတ်မှန်ပါ၏လော၊

၇။ ယောကျ်ားစင်စစ် ဧကောန်ဖြစ်ပါသလော၊

၈။ သူ့ကျွန်အဖြစ်မှ လွတ်လပ်သူ ဟုတ်မှန်ပါ၏လော၊

၉။ ကြွေးမြီမတင် သန့်ရှင်းစင်ကြယ်သူ ဖြစ်ပါသလော၊

၁၀။ မင်းခစား, ယောကျ်ားမဟုတ်သူ ဖြစ်ပါသလော၊

၁၁။ မိဘတို့က ကျေကျေနပ်နပ် ခွင့်ပြုသူ ဟုတ်ပါ၏လော၊

၁၂။ အသက် ၂၀ ပြည့်ပြီးသူ ဟုတ်ပါ၏လော၊

၁၃။ သင့်မှာ သပိတ် သင်္ကန်းပြည့်စုံပါပြီလော၊

(ဤမေးချက်အတွက် အာမဘန္တေ-မှန်ပါဘုရားဟု ဖြေရပါမည်။)

၁၄။ သင်သည် အဘယ်အမည်ရှိပါသနည်း။

၁၅။ သင်၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည် ရှိပါသနည်း။

(ဥပဇ္ဈာယ်ဆရာ၏အမည်ကို ဖြေကြားတတ်ရန် သင်ကြားပေးရပါမည်)

အန္တရာယ် ၁၃ ချက်ကို မေးမြန်းစိစစ်ရမည်ဟု လာရှိသော ပါဠိတော်အလို ၁၅ ချက်တွင် နောက်ဆုံး ၂ ချက်သည် ရဟန်းလောင်း အန္တရာယ်စာရင်းတွင် မပါဝင်ပါ။

နံပါတ် (၆)၊ (၇)၊ (၁၂) အင်္ဂါမပြည့်စုံလျှင် ရဟန်းမဖြစ်ပါ။ ကျန်အင်္ဂါရပ်များ မပြည့်စုံလျှင်ကား ရဟန်းခံပေးသူ သံဃာများသာ အပြစ်ရှိသည်။ ရဟန်းလောင်းကား ရဟန်းဖြစ်နိုင်ပါသည်။

ရဟန်းလောင်းကို သွန်သင်ဆုံးမရာ၌ ကမ္မဝါစာဖတ်ခြင်းဟူသော အဓိကပဓာနကျသော ကိစ္စများမတိုင်မီရှေးဦးကိစ္စများကို တစ်ပြိုင်တည်းစုပေါင်းလုပ်၍ ရပါသည်။

ပဓာနကျသော ကမ္မဝါစာဖတ်ခြင်းတွင် အများဆုံး ၃၀ ပါးသာ ပြုလုပ်နိုင်ပါသည်။

## ကမ္မဝါစာဖတ်ခြင်း ပမာနကိစ္စ

ရဟန်းလောင်း ရဟန်းခံရာတွင် ကမ္မဝါ ရွတ်ဖတ်ခြင်းသည် အဓိကဖြစ်သည်။ ပမာနကိစ္စကို ဆောင်ရွက်လိုက်လျှင် ရှေ့ပိုင်းကိစ္စ၊ နောက်ပိုင်းကိစ္စများ မဆောင်ရွက်စေကာမူ ရဟန်းဖြစ်နိုင်သည်။

သို့သော် ရှေ့ပိုင်းကိစ္စ၊ နောက်ပိုင်းကိစ္စများ မဆောင်ရွက်လျှင် သံဃာတော်မှာ တာဝန်မကျေသဖြင့် အာပတ်အပြစ်ဖြစ်နိုင်ပါသည်။ အာပတ်အပြစ် မဖြစ်နိုင်စေရန် ရဟန်းလောင်း၏ ရှေ့ပိုင်းကိစ္စ၊ နောက်ပိုင်းကိစ္စများကို ဆောင်ရွက်ရပါသည်။

အဓိကကမ္မဝါစာတွင်-

- ဉတ်
- ကမ္မဝါစာ
- နိဂုံး ဟူ၍ သုံးပိုင်းရှိသည်။

ဉတ်ကမ္မဝါစာဖြင့် သံဃာ့ကံကို ဆောင်ရွက်ခြင်းသည် အစည်းအဝေးသဘောဆန်သည်။ရဟန်းလောင်းကို သံဃာ့အဖွဲ့က ရဟန်းအဖြစ် အသိအမှတ်ပြုရန် သံဃာ့အစည်းအဝေး ပြုလုပ်ခြင်းဖြစ်ပါသည်။ သံဃာ့အစည်းအဝေး၌-

- ဥ_တ်ဖြင့် ကြိုတင်အသိပေးသည်။
- ကမ္မဝါစာဖြင့် အဆိုတင်သွင်းသည်။
- နိဂုံးဖြင့် အတည်ပြုချက်ကို ကြေငြာပေးသည်။

## ဉာတ်ဖြင့် ကြိုတင်အသိပေးပုံ

ဤရဟန်းလောင်းသည် ဤမည်သော ဥပဇ္ဈာယ်ဆရာ၏ ဟပည့်ဖြစ်ပါသည်။ အန္တရာယ်ကင်းသူလည်း ဖြစ်ပါသည်။ သူမှာ သပိတ်သင်္ကန်းလည်း ပြည့်စုံနေပါပြီ။ ဖြစ်နိုင်မည်ဆိုလျှင် သံဃာတော်က ဤရဟန်းလောင်းကို ရဟန်းပြုပေးဖို့ရာ ကြိုတင်အသိပေးခြင်း ဖြစ်ပါသည်။

## ကမ္မဝါစာဖြင့်အဆိုတင်ခြင်း

ရဟန်းလောင်းကို သံဃာ့အဖွဲ့က ဤရဟန်း ပြုပေးပါသည်။ ဤသို့ ရဟန်းပြုပေးခြင်းကို သဘောတူလျှင် ဆိတ်ဆိတ်နေတော်မူပါ၊ သဘောမတူသူရှိလျှင်လည်း ကန့်ကွက်ပြောဆိုပါဟု သုံးကြိမ်သုံးခါ အဆိုတင်သည်။

## နိဂုံးအတည်ပြုချက်ကြေငြာခြင်း

သံဃာ့အဖွဲ့က ရဟန်းလောင်းကို ရဟန်းပြု ပေးပြီးပါပြီ၊ သံဃာ့အဖွဲ့ကသဘောတူခြင်းကြောင့် ဆိတ်ဆိတ်နေခြင်းဖြစ်ပါသည်ဟု အတည်ပြုကြေငြာသည်။

ရဟန်းခံအောင်မြင်မှု

ပဓာနကိစ္စဖြစ်သော ဉာတ်, ကမ္မဝါစာ, နိဂုံး သုံးပါးလုံးကို ပါဠိဘာသာစည်းကမ်း၊ ဗျဥ္ဇနဗုဒ္ဓိ ၁၀ ပါးနှင့်အညီ ယုတ်လျော့မှု၊ ဖောက်ပြန်မှုမရှိစေဘဲ မှန်ကန်ပီသစွာ ရွတ်ဖတ်နိုင်မှသာ ရဟန်းကိစ္စ ပြီးစီး အောင်မြင်နိုင်ပါသည်။

ကမ္မဝါစာဖတ်သင့်သူဟူသည် ပင်ကို အရည်အသွေးကလည်းရှိ၊ တကယ့်လက်တွေ့လည်းစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်မျိုး (ဗျတ္တ,ပဋိဗလ) ရဟန်းသာဖြစ်ပါသည်။

ဥတ္တိစတုတ္ထကမ္မဝါစာကို ဌာန်၊ ကရိုဏ်း၊ ပယတ် ဗျဥ္ဇနဗုဒ္ဓိ တို့ဖြင့် စနစ်တကျသင်ယူထားသူကို ဗျတ္တိပုဂ္ဂိုလ်ဟု ခေါ်သည်။

တတ်သိရုံသာမက လုပ်ငန်းခွင်၌လည်း ဌာန်၊ ကရိုဏ်း၊ ပယတ်၊ ဗျဥ္ဇနဗုဒ္ဓိတို့နှင့်ညီအောင် ဆောင်ရွက်နိုင်သူကို ပဋိဗလပုဂ္ဂိုလ်ဟု ခေါ်သည်။

ပါဠိတော်များ၌ ကမ္မဝါစာကို တစ်ပါးတည်း ဖတ်ပုံသာ လာရှိသည်။

နှစ်ပါး သုံးပါးဟူ၍ လည်းကောင်း နှစ်ကြိမ်၊ သုံးကြိမ် ထပ်၍ လည်းကောင်းရွတ်ဖတ်ရမည်ဟု အဆိုမရှိပါ။

နောက်ပိုင်းတွင် တစ်ပါးမသေချာလျှင် အခြားတစ်ပါး

က သေချာအောင် နှစ်ပါးသုံးပါးတွဲ၍ ဖတ်ကြလေ့ရှိပါသည်။ တစ်ကြိမ် မသေချာလျှင် နောက်တစ်ကြိမ်များ၌ သေချာအောင် ရွတ်ဖတ်လေ့ ရှိပါသည်။

## ရဟန်းဖြစ်ချိန်

ရဟန်းလောင်းကို ဉတ်ကမ္မဝါစာဖတ်၍ ရဟန်းပြုလုပ်ပေးရာ၌ တတိယကမ္မဝါစာ သောဘာသေယျ ဟူသော စကားဆုံးလျှင် ရဟန်းဖြစ်တော့သည်။

ရဟန်းဖြစ်သည်နှင့်တစ်ပြိုင်နက် ရဟန်းသစ်၏ သန္တာန်ဝယ် စတုပါရိသုဒ္ဓိသီလ တစ်ခါတည်းတည်ပြီး ဖြစ်ပါတော့သည်။

အကျဉ်း ၂၂၇ သွယ်၊ အကျယ်ကုဋေ ကိုးထောင်ကျော်သော အဓိသီလသိက္ခာများ တည်ရှိသွားတော့သည်။ အဓိသီလသိက္ခာနှင့် ပြည့်စုံသွားသောကြောင့် ပုထုဇဉ်ပင် ဖြစ်စေကာမူ သေက္ခအရိယာပုဂ္ဂိုလ်တို့၌ စာရင်းသွင်း ရေတွက်အပ်ပါသည်။

မြင့်မြတ်သော ဥပသမ္ပဒရဟန်းအဖြစ်သို့ ရောက်သွားပါတော့သည်။ရဟန်းဖြစ်သွားသူသည် မိမိပုထုဇဉ်ပင် ဖြစ်စေကာမူ ရဟန္တာ ဖြစ်သော လူသာမဏောတို့၏ ရှိခိုးမှုကို ခံယူထိုက်သည်။

ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တော်တို့၏ တည်နေ ကိန်းဝပ်ရာ စေတီအရာ၌တည်သည်။(၁)

ဤသို့ ဖြစ်ရခြင်းသည် ဘုရားရှင်၏ မကြံစည် မန္တိုင်း ယှဉ်နိုင်သော ဘုန်းတော်, ဉာဏ်တော်, ကံတော်, တန်ခိုး တော်, အာဏာတော် ပညတ်တော်တို့၏ အစွမ်းသတ္တိပင် ဖြစ်ပါသည်။

ရဟန်းချင်းဖြစ်စေကာမူ ရဟန်းဖြစ်ရှေးကျ၍ သိက္ခာ ဦးသော ပုထုဇဉ်ရဟန်းကို သိက္ခာတည်မှု ရဟန်းဖြစ်မှု၌ နောက်ကျသော ရဟန္တာရဟန်းက ရှိခိုးရသည်။

ရဟန်းအဖြစ်၏ အကျိုးအာနိသင်ဂုဏ်တို့ကား မရေမတွက် နိုင် များပြားလှပါသည်။

ဒုဿီလ(သီလမရှိခြင်း)တူစေကာမူ ရဟန်းဒုဿီလက လူဒုဿီလထက်ဂုဏ် ၁၀ မျိုးတို့ဖြင့် သာလွန်ရုံသာမက အလှူဒါနကိုလည်း အကြောင်း ၁၀ မျိုးတို့ဖြင့် စင်ကြယ်စေ နိုင်ပါသည်။

သံဃာကပေးသော သင်္ကန်းအရှိန်အဝါသည် ကြီးမြတ် လှသည်။ သင်္ကန်းသည် ရဟန္တာတို့၏ အလံတံခွန်ဖြစ်သည်။ လမ်းခရီး၌ မစင်လိမ်းကျံလျက် စွန့်ပစ်ထားအပ်သော သင်္ကန်းဖြစ်စေကာမူ တွေ့မြင်ပါမူ ဦးထိပ်၌ လက်အုပ်ချီကာ

ရသေ့၊ ရဟန်းတို့၏ အောင်လံတံခွန်အဖြစ် ရှိခိုးရသည်။

သင်္ကန်းဝတ်သူကို သိတတ်သည့် သူတော်ကောင်းများသည် မသတ်အပ်၊ မညှဉ်းဆဲအပ်ပေ။

လူ့ဘဝဖြင့် ရဟန္တာဖြစ်သူ သင်္ကန်းမဝတ်ရလျှင် ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံဝင်ရသည်။ သင်္ကန်းဝတ်လိုက်မှ အသက်တမ်းအတိုင်း တည်နေနိုင်သည်။ ရဟန်းသင်္ကန်း၏ အရှိန်အဝါသည် ဤမျှကြီးမြတ် လှပါသည်။

## ရဟန်းဖြစ် ရက်ချုပ်ဇာတာ

ရဟန်းဖြစ်သည်နှင့် တစ်ပြိုင်နက် ရဟန်းသစ်၏ သင်္ဘောက်ဝယ် အဓိသီလသိက္ခာ တည်ရှိနေပြီးဖြစ်၍ ရဟန်းအဖြစ်ရောက်ချိန်စောသူကို သိက္ခာကြီးသူ (ဝါ) ဝါကြီးသူဟုခေါ်သည်။ နောက်ကျသူကို သိက္ခာငယ်သူ(ဝါ) ဝါငယ်သူဟုခေါ်သည်။

ဘုရားရှင်သာသနာတော်ဝယ် သိက္ခာကြီးသူ ငယ်သူအသီးသီးနှင့်ဆိုင်သော ကျင့်ဝတ် ဝတ္တရားများရှိသည်။

- ထေရ်စဉ်ဝါလိုက်ပစ္စည်းဝေဘန်ရာ
- နိဿရည်းလွတ်အင်္ဂါ
- ကျောင်းထိုင်အင်္ဂါ

စသော သိက္ခာဝါနှင့်ဆိုင်သော ကိစ္စတိုင်းတို့၌ အသုံး

ပြုနိုင်ရန် ရဟန်းဖြစ်ချိန်ကို တိကျစွာမှတ်သားရသည်။

ရဟန်းဖြစ်ဇာတာမှတ်သားရာဝယ် ရှေးခေတ်က နာရီများ မရှိသဖြင့်နေရောင်ရှိရာမှာ မတ်တပ်ရပ်ပြီး လူရိပ်ကို ဖဝါးဖြင့်တိုင်းတာ၍ တစ်ဖဝါး, နှစ်ဖဝါး စသည်ဖြင့် မှတ်သားထားလေ့ရှိသည်။

ယခုခေတ်တွင်မူ ရှေးမူလည်းမစွန့်၊ ယခုခေတ်နှင့်ညီစွာ အရပ်ဖဝါး, နာရီ, မိနစ်,စက္ကန့်တို့ကိုပါထည့်၍ မှတ်ကြလေ့ရှိသည်။ မည်သည့်ဥတုမှာ ရဟန်းဖြစ်သည်၊ မည်သည့်ရက်၊ မည်သည့်နေ့၊ မည်သည့်အချိန်မှာ ရဟန်းဖြစ်သည်ဟု ဥတု, လ, နေ့ရက်, အချိန်တို့ကို မှတ်သားပြီး ရဟန်းလောင်းအား ပြောထားရသည်။ အရိပ်,ဥတု နေ့တို့ကိုလည်း စုပေါင်းပြီး ပြောကြားထားရသည်။

ယခုခေတ်တွင် သာသနာနှစ်၊ကောဇာနှစ်၊ ဥတု၊ လ၊ နေ့ရက်၊ အချိန်၊ နာရီ၊ ဖဝါး၊ ဗီလာတို့ကိုလည်းကောင်း၊ သိမ်၊ ဥပဇ္ဈာယ်၊ ကမ္မဝါစာ ဆရာကာရက(အရံ) သံဃာတော်တို့ကိုပါ မှတ်တမ်းပြု၍ အစုံအလင် ပြောကြားလေ့ရှိပါသည်။

ရဟန်းရက်ချုပ်ဇာတာကို ကြည့်၍ ဝိနည်းတော်နှင့်အညီ ရဟန်းဖြစ်လာသူ ဟုတ်, မဟုတ်ကိုလည်း စစ်ဆေးသိရှိနိုင်သည်။

## ရဟန်းတို့မှီရာလေးပါး

ရဟန်းကို ရဟန်းဖြစ်ချိန် ရက်ချုပ်ဇာတာပြောကြားပြီး နောက် ရဟန်းတို့ သိသင့်သိထိုက်သော အမှီ လေးပါးနှင့် လုံး၁ရှောင်ကြဉ်ရ မည့် ရှောင်ကြဉ်မှုလေးပါးကို ပြောကြား ပေးရသည်။

မှီရာလေးပါးဟူသည် လောကဝေါဟာရအားဖြင့် စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေးဟူသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း လေးပါးဖြစ်သည်။

ယင်းလေးမျိုး မရရှိက ရဟန်း၏ ခန္ဓာကိုယ်အတ္တဘော မရပ် တည်နိုင်။ ယင်းတို့သည် ခန္ဓာကိုယ်အတ္တဘော၏ မှီရာများ ဖြစ်ကြသည်။ ပစ္စည်းလေးပါးကို ရှာမှီးကြရာဝယ် ရှာမှီးနည်း လမ်းမကျလျှင် ပေါ့စေလို၍ကြောင်ရုပ်ထိုး၊ ဆေးကြောင့် လေးသွားနိုင်သည်။ သံသရာဝဋ်ဒုက္ခမှ လွတ် မြောက်ဖို့ရန် ရည်ရွယ်ချက်ဖြင့် ရှင်ရဟန်းပြုလာရာ ရည်ရွယ် ချက်ပြီးမြောက်ရေးအတွက် ကိစ္စနည်းပါး၍ အသက်မွေးမှု လွယ်ကူပေါ့ပါးရန်လိုပါသည်။

ရဟန်းတော်များနှင့် အသင့်တော်ဆုံးပစ္စည်းဖြစ်ရန်-

* တန်ဖိုးနည်းရမည်၊
* ကာလ,ဒေသမရွေး ရလွယ်ရမည်၊

* အပြစ်ကင်းရမည်ဟု ဘုရားရှင်က မူကြီးသုံးချက် ချပေးထားခဲ့သည်။ ယင်းမူသုံးခုနှင့်ညီသော ပစ္စည်းတို့မှာ-

♦ ဆွမ်းခံ၍ရသော ဆွမ်းပစ္စည်း၊

♦ ပံ့သကူ သင်္ကန်းပစ္စည်း၊

♦ သစ်ပင်ရင်းဟူသော ကျောင်းပစ္စည်း၊

♦ နွားကျင်ငယ်ဟူသော ဆေးပစ္စည်း ဤလေးမျိုးပင် ဖြစ်ပါသည်။

## ဆွမ်းဟူသောရဟန်း၏မှီရာ

* ဆွမ်းခံ၍ရသော ပစ္စည်းသည် တစ်အိမ်လျှင် တစ်ဇွန်း၊ တစ်ယောက်တစ်လုတ်စာမျှ လောင်းလှူရသဖြင့် လှူသူများအား ဝန်မတက် တန်ဖိုးလည်းနည်း၏။

* ဝန်မကြီးသဖြင့် အရပ်ဒေသတိုင်းရှိ အိမ်တိုင်းတွင် ရဖို့ရန် လွယ်သည်။

* ရှားပါးခေတ်၊ ပေါများခေတ် ဘယ်ခေတ်မဆို ရလွယ်သည်။

* တစ်လုတ်စာမျှ လောင်းလှူသဖြင့် ဒါယကာများ အပေါ် ငဲ့ညှာရခြင်း၊တွယ်တာရခြင်း၊ သံယောဇဉ် ကင်းသည်။

* ဒါယကာတို့ အလိုလိုက်ရခြင်းစသော ကုလဒူသက အနေသနမိစ္ဆာဇီဝ အပြစ်တို့မှကင်း၏။
* ဆွမ်းနှင့်ပတ်သက်၍ စိုးရိမ်ရခြင်း၊ ကြောင့်ကြရခြင်း ကင်း၏။
* အကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းကန် မရောက်နိုင်သူများအတွက် ကုသိုလ်ထုပ် လှည့်လည် ဝေငှသည်နှင့် တူသည်။
* အာဟာရ ပရိယေသနဒုက္ခဟူသော အားထုတ်ရမှု ဝတ္ထုကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။
* အနာရောဂါကင်းခြင်းစသော စကြံန်လျှောက်ခြင်း၏ အကျိုးကို ခံစားရနိုင်သည်။
* အရိယာသူတော်ကောင်းတို့၏လမ်းစဉ် ဆွမ်းခံကျင့်ဝတ်ကို ပူဇော်သည်မည်သည်၊

ဤသို့စသည်ဖြင့် ဆွမ်းခံ၍ရသောပစ္စည်းသည် အလွန်မွန်မြတ်လှသည်။

ဘုရားရှင်သည် တပည့်သားများအား အာမိသအမွေကို ပေးသောအခါဝယ် လတ်တလောအကျိုးထက် ရေရှည်အကျိုးများနိုင်သော ဆွမ်းခံ၍ရသော အာမိသအမွေကို ပေးခဲ့ခြင်းဖြစ်သည်။

ဘုရားရှင်သည် အစွန်းရောက်ဝါဒကို ကျင့်သုံးနေတော်မမူ။ ဆွမ်းခံကျင့်ဝတ် ကောင်းမွန်သော်လည်း ဆွမ်းခံရန် မသင့်လျော်သော ပုဂ္ဂိုလ်များကိုငဲ့ညှာပြီး အပိုလာဘ်လာဘကို ခွင့်ပြုတော်မူခဲ့ပါသည်။

* ကာယဗလအားနည်းခြင်း၊
* ခြေလက်အနာရှိခြင်း၊
* မျက်စိအားနည်းခြင်း၊
* ဖျားနာခြင်းစသော အနာရောဂါရှိ၍ ဆွမ်းခံမထွက်နိုင်သူ၊
* ကိုယ်ကာယနူးညံ့၍ ဆွမ်းခံထွက်လျှင် ကာယိကဒုက္ခဖြစ်ပြီး စိတ္တသုခမရနိုင်သူ၊
* သံဃာ့ကိစ္စကို ဆောင်ရွက်နေရသူ ဤပုဂ္ဂိုလ်များသည် ဆွမ်းခံထွက်ရန် မလွယ်ကူပေ။

ထို့ပြင် စွမ်းနိုင်သော ဒါယကာတို့က သံဃာအားလုံးအတွက် ပင့်ဖိတ်၍ လှူဒါန်းသောအခါမျိုး၊ ရှင်သုဒိန်ရှင်ရဋ္ဌပါလတို့ကဲ့သို့ မိဘတို့ကို ငဲ့ညှာသင့်ရာ အခါမျိုးတို့၌ ဆွမ်းခံထွက်၍ မသင့်လျော်ပေ။

ဤပုဂ္ဂိုလ်မျိုး အခါမျိုးတို့ကို ငဲ့ညှာ၍ ဘုရားရှင်သည်

အပို ဖြစ်သော ပို့ဆွမ်း၊ ပင့်ဆွမ်းများကို ခွင့်ပြုတော် မူခဲ့ပါသည်။

**သင်္ကန်းဟူသောရဟန်း၏မှီရာ**

အဝတ်သင်္ကန်းသည် ခန္ဓာကိုယ်အတွက် မှီရာနိဿယ ဘစ်ပါး အပါအဝင်ဖြစ်သည်။ အချမ်း၊ အပူစသော ဘေးရန် ကာကွယ်ရန်နှင့် အရှက်အကြောက်ကို ဖုံးလွှမ်းရန် အဝတ် သင်္ကန်းကို အသုံးပြုရသည်။

သင်္ကန်းဟူသမျှတွင် ပံ့သကူသင်္ကန်းသည်သာ တန်ဖိုး နည်းခြင်း၊ ရလွယ်ခြင်း၊ အပြစ်ကင်းခြင်းဂုဏ်နှင့် ပြည့်စုံ ပါသည်။

ပံ့သကူသင်္ကန်းဟူသည် သင်္ချိုင်းကုန်းမှရသောအဝတ်၊ သူများမလိုချင်၍ စွန့်ပစ်ထားသောအဝတ်များကို ကောက် ယူပြီးရဟန်းနှင့် လျော်အောင် ဖွတ်လျှော်ချုပ်ဆိုထားသော သင်္ကန်းဖြစ်သည်။

သူများမလိုချင်၍ ပစ်ထားရာမှ ရသောအဝတ်သင်္ကန်း ဖြစ်၍ တွယ်တာမှုတဏှာ ကင်းသည်။ အဟောင်းအနွမ်း ဖြစ်၍ လိုချင်သူမရှိသဖြင့် စောင့်ရှောက်ရမှု၊ ကြောင့်ကြ ဗျာပါရသောကင်းသည်။

အလှူရှင်ကိုယ်တိုင်လှူသော သင်္ကန်းမဟုတ်၍

ဒါယကာတို့ကို ငဲ့ညှာရခြင်း၊ ဒါယကာတို့ကို စောင့်ရှောက်ရခြင်းစသော လူတို့နှင့်စပ်သော တဏှာသံယောဇဉ်မှ ကင်းသည်။

ဤသို့စသည်ဖြင့် သက်န်းသည် လောက၌ တန်ဖိုးနည်းသော်လည်း လောကုတ္တရာတန်ဖိုးက ကြီးလှသည်။

ဘုရားရှင်သည် မိမိ၏ သာဝကများအား မွန်မြတ်လှသော လောကုတ္တရာအကျိုးကို ရစေလိုသဖြင့် ပံ့သကူသင်္ကန်းတည်းဟူသော အာမိသအမွေကို ပေးတော်မူသည်။

ပံ့သကူသင်္ကန်းသည် ရဟန်းများနှင့်အသင့်လျော်ဆုံး မွန်မြတ် သည့်သင်္ကန်းဖြစ်သော်လည်း လှူဒါန်းမည့်သူရှိလျှင် စေတနာငဲ့၍ အလှူခံပြီး ဝတ်ရုံနိုင်ရန် ခွင့်ပြုတော်မူပါသည်။

**ကျောင်းဟူသောရဟန်း၏မှီရာ**

ရဟန်းသည် စားဝတ်နေရေး ပြေလည်ရုံနှင့်မပြီး၊ နေရာ ကျောင်းသည်လည်း ခန္ဓာဝန်ကိုစောင့်ရှောက်ရန် မရှိမဖြစ်သော မှီရာ ပစ္စည်းတစ်ခုဖြစ်သည်။

အချမ်း၊ အပူစသော ဘေးရန်များကို ကာကွယ်ကြရန်နှင့် ကိန်းအောင်းမွေ့လျော်ရန် ကျောင်းကို မှီဝဲသုံးဆောင်ရသည်။

ကျောင်းပစ္စည်းသည် လိုအပ်သည်မှန်သော်လည်း သာသနာ့ အလုပ်ပျက်လောက်အောင် ဝန်တက်မည့် ကျောင်းမျိုး အပြစ်မကင်းသည့် ကျောင်းမျိုးမဖြစ်ရပါ။

ကျောင်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်ရင်းဟူသော ရုက္ခမူ ကျောင်းသည်-

* တန်ဖိုးနည်းသည်၊
* အပြစ်ကင်းသည်၊
* တံခါးပိတ်ရ ပြုပြင်ရမှုစောင့်ရှောက်ရမှု ပလိဗောဓ ကင်းသည်၊
* ကျောင်းဟူသောစွဲလမ်းတွယ်တာမှု တဏှာ သံယောဇဉ်ကင်းသည်။

မရေမတွက်နိုင်သော အကျိုးအာနိသင်နှင့် ပြည့်စုံသဖြင့် အလွန်မွန်မြတ်လှသော သူတော်ကောင်းတို့နှင့် သင့်လျော်ပြီး အကျိုးအနန္တ ရစေသဖြင့် ဘုရားရှင်က ရုက္ခမူ ကျောင်းဟူသော အာမိသအမွေကို ပေးတော်မူသည်။ သစ်ပင်ရင်းတည်းဟူသော ကျောင်းသည် ဝိပဿနာခုံရ ပုဂ္ဂိုလ်များနှင့် သင့်လျော်သည်မှန်သော်လည်း-

* ဥတုဘေးရန်မခံနိုင်သူ
* ပရိသတ်မွေ၍ ဂန္ထဓုရတာဝန်ထမ်းဆောင်သူ ပုဂ္ဂိုလ်

များအတွက်မူ မိုးလုံလေလုံကျောင်းလိုအပ်သည်။

သို့တွက်ဘုရားရှင်က ရက္ခမူကျောင်းထက် အပိုအလွန်ဖြစ်သော

* လေးဘက်မိုးကျောင်း၊
* နှစ်ဘက်မိုးကျောင်း၊
* ပြာသာဒ်၊
* လိုဏ်ဂူ၊
* အုတ်တိုက် စသော အဆောက်အအုံများကိုလည်း ခွင့်ပြုပါသည်။

**ဆေးဟူသောရဟန်း၏မှီရာ**

စားဝတ်နေရေးပြည့်စုံသော်လည်း ကျန်းမာရေး မပြည့်စုံကလည်း မည်သည့်တရားလုပ်ငန်းမှ အောင်မြင်အောင် လုပ်နိုင်မည် မဟုတ်ပေ။ ကျန်းမာခြင်းသည် တရားအားထုတ်သူ၏ ပဓာနိယအင်္ဂါ တစ်ပါးဖြစ်သည်။ အကောင်းဆုံးသော လာဘ်လာဘတစ်ပါးလည်း ဖြစ်သည်။

သို့အတွက် ကျန်းမာရေးအတွက် ဆေးပစ္စည်းသည် မရှိမဖြစ် မှီဝဲအပ်သောအရာဖြစ်၍ ဘုရားရှင်က ခွင့်ပြုတော်မူသည်။

ဆေးအမျိုးမျိုးရှိသည်တွင် တန်ဖိုးနည်းခြင်း၊ ရလွယ်ခြင်း၊ အပြစ်ကင်းခြင်းဟူသော ဒေါဂါသုံးရပ်နှင့်ညီသော နွားကျင်ငယ်ရေကို ဆေးအဖြစ် ဘုရားရှင်က အာမိသအမွေအဖြစ် ပေးသည်။ (အချို့ဆရာများက နွားကျင်ငယ်ရေဖြင့် စိမ်အပ်သော ဆီးဖြူသီးဟု ယူကြသည်)

နွားကျင်ငယ်ရေသည် အဖျားရောဂါ၊ လေနာရောဂါ၊ သွေး ဒူလာရောဂါစသော ရောဂါအမျိုးမျိုး ပျောက်ကင်းစေနိုင်သည်။

နွားကျင်ငယ်ရေဆေးသည် မွန်မြတ်သော ဆေးဖြစ်သော်လည်း သင့်လျော်သောအကြောင်းရှိက ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲဟူသော စတုမဓုဆေးနှင့် ဗိန္ဓောဆေး၊ ခေတ်မီဆေးများကိုလည်း ခွင့်ပြုတော်မူသည်။

## ပစ္စည်းလေးပါးသုံးဆောင်နည်း

"မိုးရာလေးသင်း၊ မာရ်ကျော့ကွင်း၊ ဝဋ်တွင်းနက်လေစွ" ဟူသောစကားနှင့်အညီ ပစ္စည်းလေးပါးကို မာရ်နတ်ကျော့ကွင်းဟု ဝိနယသံခိပ်ကျမ်းက ဆိုပါသည်။

ပစ္စည်းလေးပါး၌ သာယာငြိတွယ်၍ ကျော့ကွင်းမိခဲ့လျှင် ဝဋ်ဒုက္ခတွင်နစ်မွန်းရမည်။

ပစ္စည်းလေးပါးရှာမှီးရာ သုံးစွဲရာတွင် ကျွမ်းကျင် လိမ္မာ

ရန် အရေးကြီးပါသည်။ဝိနည်းတော်နှင့်အညီ ရှာမှီးတတ် သုံးစွဲတတ်ရန် လိုအပ်ပါသည်။

ငှက်ပျော၊ ဝါး၊ ကျူပင်တို့ကို မိမိအသီးက ပြန်၍ သတ်ဖြတ်သကဲ့သို့ ပစ္စည်းလာဘ်လာဘက ရဟန်းကိုပြန်၍ သတ်တတ်သည်ဟု အင်္ဂုတ္တိုရ်-(၁-၃၈၅)၌ ဆိုထားပါသည်။

ပစ္စည်းလေးပါးသည် သုံးတတ်လျှင်ဆေး၊ မသုံးတတ် လျှင်ဘေး ဖြစ်တတ်ပါသည်။

ဘေးမဖြစ်စေရန် သုံးစွဲနည်း-ပစ္စဝေက္ခဏာ-(ပစ္စည်း၌ ဆင်ခြင်မှု)ကို ဘုရားရှင်က မှာကြားပေးထားပါသည်။

ပစ္စည်းတိုင်း၊ ဘုရားရှင်ညွှန်ကြားချက်ကို မမေ့လျော့ မပေါ့ဆသော သတိသမ္ပဇဉ်တရားဖြင့် ဆင်ခြင်ပွားများပြီး သုံးစွဲနိုင်အောင် ကြိုးစားအားထုတ်ကြရသည်။

## ရဟန်းတို့မမှီဝဲအပ်သောတရားလေးပါး

ဆောင်ရန်သိသကဲ့သို့ ရှောင်ရန်လည်း သိထားရပါ မည်။ လွန်ကြူးမိပါက ကုစား၍မရနိုင်သောအပြစ် လေးမျိုး ကို ရဟန်းတို့သည် ရှောင်ကြဉ်ရပါမည်။ ထိုလေးပါးတွင် တစ်ပါးပါး ကျူးလွန်မိက ရဟန်းအဖြစ်က လျှောကျပြီး ကုစား၍မရတော့ပေ။

သို့အတွက် ဘုရားရှင်က မှီရာလေးပါးကို ရဟန်းအား ပြောကြားပြီးနောက် မပြုထိုက်သော ရှောင်ကြဉ်ရာ လေးပါးကို ပြောကြားထားရန် ဘုရားရှင်က မိန့်ကြား လမ်းညွှန်ခဲ့သည်။

(၁) လည်ပင်းပြတ်သောယောကျ်ားသည် တစ်ဖန် အသက်မရှင်နိုင်၊ ထို့အတူ မေထုန်မှီဝဲလျှင် ရဟန်း အဖြစ်မှ ဆုံးရှုံးသွားတော့သည်။ ထို့အတွက် ရဟန်းဘဝနေသမျှကာပတ်လုံး မေထုန်မမှီဝဲရ။

(၂) အညှာမှကြွေပြီးသော သစ်ရွက်ရော်သည် နောက်ထပ် တစ်ဖန် စိမ်းလန်းခြင်းငှာ မထိုက်တော့၊ ထိုတူ တစ်မတ်, တစ်မတ်ထိုက်သောဥစ္စာ၊ တစ်မတ်ထက် လွန်သော ဥစ္စာတို့ကို ခိုးယူမိလျှင် ရဟန်းဘဝဆုံးရှုံး ရတော့သည်။ထို့ကြောင့် သူတစ်ပါးဥစ္စာကို မြက်ဝါး ခြမ်းစိတ်မျှ မခိုး ရပါ။

(၃) နှစ်ခြမ်းကွဲပြီးသော ကျောက်ဖျာကြီးသည် ပကတိ အတိုင်းတစ်ဖန် ဆက်၍မရနိုင်သကဲ့သို့ လူဇာတ် ရှိသူကို သတ်မိလျှင် ရဟန်းအဖြစ်မှ ဆုံးရှုံးရသည်။ သို့တွက် သူတစ်ပါးအသက်ကို မသတ်ရပါ။

(၄) လည်ဆစ်ပြတ်လေပြီးသော ထန်းပင်သည် တစ်ဖန် စည်ပင်ပြန့်ပွားခြင်းငှာ မထိုက်တော့သကဲ့သို့ မိမိ

သဏ္ဍာန်ဝယ် တကယ်မရှိသော ဈာန်ဝိမောက္ခ သမာဓိ သမာပတ် မဂ်ဖိုလ်တရားများကို လိမ်ညာ ပြောဆိုမိလျှင် ရဟန်းဘဝမှ ဆုံးရှုံးရတော့သည်။ ထို့ကြောင့် ရဟန္တာမဟုတ်ဘဲ ဟုတ်သည်ဟု လိမ်ညာ ပြောဆိုမှု မပြုရပါ။

## ဆရာများက နားလည်မှုခွင့်လွှတ်ခြင်း

ရဟန်းဖြစ်ချိန်မှတ်တမ်း၊ ဆောင်ရန်လေးပါး၊ ရှောင်ရန် လေးပါးတို့ကို ရဟန်းအားပြောကြားပြီးနောက် လိုက်နာ ကျင့်သုံးရမည့် ဝတ္တရားများ မလစ်ဟင်းရန်နှင့် လစ်ဟင်းမှု ရှိက သက်သာခွင့်ရရန် လမ်းညွှန်ချက်များ ပေးရသေးသည်။

ဥပဇ္ဈာယ်ဆရာနှင့် ကမ္မဝါဆရာတို့သည် ရဟန်းဖြစ် အောင် ချီးမြှောက်ပေးသော ဆရာရင်းများ ဖြစ်ကြသည်။ ရဟန်းခံရာတွင် သံဃာအင်္ဂါအတွက် ပြည့်မီအောင် ပါဝင် သူအရံသံဃာ(ကာရကသံဃာ)များသည်လည်း ရဟန်းသစ် ၏ ကျေးဇူးရှင်များပင် ဖြစ်ပါသည်။

သာသနာတော်အတွင်း၌ ဆရာတပည့်အချင်းချင်း ဆက်ဆံရေး ဝတ္တရားများရှိကြသည်။ဝတ္တရားမကျေပွန်လျှင် အာပတ်အပြစ် ဖြစ်ရုံသာမက သီလကိုလည်း ဖြည့်ကျင့်သည် မမည်ပါ။ သီလမစင်ကြယ်က စိတ်တည်ငြိမ်မှုမရှိဘဲ မဂ်ဖိုလ်

နိဗ္ဗာန်ကိုလည်း မရနိုင်ပါ။

ထို့ကြောင့် ဆရာတပည့်တို့ တာဝန်ကိုယ်စီ ဖြည့်ကျင့်ရသည်။ ဆရာတပည့်အနေဝေးကွာခြင်း စသောအကြောင်းကြောင့် ဝတ္တရားမပြုနိုင်ခဲ့သော် အပြစ်မှ သက်သာခွင့်ရရန် နားလည်မှုယူပြီး ခွင့်ပြုထားလျှင် အပြစ်လွတ်နိုင်သည်။

ထို့ကြောင့် ရဟန်းသစ်က အောက်ပါအတိုင်း ခွင့်လွှတ်မှုကို လျှောက်ထားရသည်-

"ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ ကာရကသံဃာတော် အရှင်မြတ်တို့ ဘုရား၊အရှင်မြတ်တို့အပေါ်၌ တပည့်တော်မှ ပြုရမည့် ဝတ္တရားများစွာ ရှိပါသည် ဘုရား၊ နေရာတစ်ပါး ဝေးခြားခြင်းစသောအကြောင်းကြောင့် ခွင့်ပြုရစကောင်းသော ဝတ္တရားများကို မပြုဘဲနေနိုင်ရန် ခွင့်လွှတ်တော်မူပါ ဘုရား၊ တပည့်တော်အပေါ်၌ အရှင်မြတ်တို့က ပြုရမည့် ဝတ္တရားများကိုလည်း တပည့်တော်က မသာယာဘဲ ခွင့်လွှတ်ပါသည် ဘုရား "

## သာသနာ့တာဝန်၏အနှစ်သာရ

စန္ဒကူးနှစ်ကို ရလိုလျှင် စန္ဒကူးမကြီးမှ အပွေး အခေါက်၊ အခွံ၊ အကာတို့ကို ပယ်ရှားရမည်။ အပွေး၊

အခေါက်၊ အခွံ၊ အကာတို့ဖြင့်သာ တင်းတိမ်နေလျှင် စန္ဒကူး နှစ်ကို မရနိုင်သကဲ့သို့ သာသနာ့ဘောင်ဝင်၍ ရှင်ရဟန်းပြု နေခြင်းသည် အရဟတ္တဖိုလ်အနှစ်ကို ရှာဖွေနေခြင်း ဖြစ်ပါ သည်။

သို့အတွက်-

* အပေါ်ယံအပွေးမျှဖြစ်သော လာဘသက္ကာရ-လာဘ် ရမှု၊ အပူဇော်ခံရမှု အရှိန်အဝါရှိမှုနှင့် တင်းတိမ်မနေရ ပါ၊
* အခေါက်ပမာ သီလဖြင့် တင်းတိမ်မနေရပါ၊အခွံနှင့် တူသော ဈာန်သမာဓိလောက် အဟုတ်ကြီးထင် မနေရပါ၊
* အကာမျှဖြစ်သော စတုတ္ထဈာန်အဆင့် အမြင်ထူးရ တန်ခိုးပြနိုင်ခြင်းဟူသော အဘိညာဉ်ကိုပင် ရဟန္တာ ဟု ထင်မနေရပါ၊
* တကယ်အနှစ်သာရ အရဟတ္တဖိုလ်အစစ်ကို ရလို လျှင် လာဘသက္ကာရဟူသောအပွေး၊ သီလဟူ သောအခေါက်၊ သမာဓိဟူသောအခွံ၊ အကာဟူ သော အဘိညာဉ်တို့ကို ဖယ်ရပါမည်။ အရဟတ္တ ဖိုလ် အစစ်ရနိုင်ရန် တရားအနှစ်ဟူသောဝိပဿနာ

အဆင့်ကို ရောက်အောင် ကြိုးစားအားထုတ် ကြရပါမည်။

ဘုရားရှင်သည် မိမိ၏တပည့်သား သံဃာတော်များအတွက် အာမိသအမွေ၊ ဓမ္မအမွေနှစ်မျိုးစလုံးကို ပေးခဲ့ပါသည်။တပည့်သား သံဃာသည် ထိုအမွေနှစ်မျိုးစလုံးကို အသုံးချရန် လိုအပ်ပါသည်။

အာမိသအမွေဖြင့် သာယာလမ်းဆုံးနေကြလျှင် သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ=သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရခြင်း အကျိုးငှာဟူသော မူလရည်ရွယ်ချက်ကိစ္စ ပြီးမြောက်တော့မည် မဟုတ်ပါ။ပစ္စည်းလေးပါးဟူသော အာမိသအမွေကို တရားနှင့်အညီ သုံးဆောင်ခြင်း၊ ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်ခြင်း၊လိုက်နာခြင်း ဟူသော ဓမ္မအမွေကိုခံယူမှသာ ဒုက္ခကင်းဝေးရေး ရည်ရွယ်ချက်အောင်မြင်ပါမည်။

**ရဟန်းတို့သာသနာ့တာဝန်ထမ်းဆောင်ခြင်း**

"ရဟန်းကိစ္စ၊ နှစ်ဓုရ၌၊ လုံ့လအားသည်း၊ ဟိတ်မာန်ကြီး၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း"

(ဝိသုဒ္ဓါရုံဆရာတော်)

ဘုရားရှင်မြတ်၏ သာသနာတော်ဝယ် သဒ္ဓါတရား အားဖြင့် ရဟန်းအဖြစ်ကို ခံယူသောပုဂ္ဂိုလ်-

**ဂန္ထဓုရပိဋကတ်စာပေသင်ကြားခြင်း**

*ဝိပဿနာဓုရ*=တရားဓမ္မအားထုတ်ခြင်း ဟူသော ကိစ္စ တာဝန်များကို ထမ်းဆောင်၊ ဆောင်ရွက်ကြရပါမည်။ ထိုကိစ္စ တာဝန်မှ တစ်ပါးသော ကိစ္စတာဝန်များသည်ကား ရဟန်းကိစ္စမဟုတ်ကုန်၊ ပြင်ပ,ပလိဗောဓများသာ ဖြစ်ပါ သည်။

ဂန္ထဓုရ=ပိဋကတ်ကျမ်းဂန်စာပေသင်ကြားခြင်းဟူသည်ရဟန်း ပုဂ္ဂိုလ်၏ ဂန္ထဓုရကိစ္စနှင့်ပတ်သက်၍ ဓမ္မပဒအဋ္ဌကထာ (ပ- ၅)သုတ္တနိပါတအဋ္ဌကထာ(ပ-၁၉၃)၌-

"မိမိတို့၏ပညာစွမ်းရည် သတ္တိရှိသည့်အားလျော်စွာ

- * တစ်ပါးသောနိကာယ်ကို လည်းကောင်း
- * နှစ်ပါးသောနိကာယ်ကို လည်းကောင်း
- * သုံးပါးလေးပါးသောနိကာယ်ကို လည်းကောင်း
- * နိကာယ်ငါးရပ်လုံးတို့ကို လည်းကောင်း

ဆရာကောင်းထံနည်းနာခံ၍ သင်အံလေ့ကျက်ပြီး လျှင် ထိုသင်ကြားအပ်ပြီးသော ကျမ်းဂန်တို့ကို မပျောက်ပျက်

ရလေအောင် သင်အံပို့ချခြင်း နှုတ်တွင်ဆောင်ထားခြင်း များသည် ဂန္ထဓုရကိစ္စမည်၏" ဟု ဖွင့်ဆိုရှင်းပြထားပါသည်။

ထိုဂန္ထဓုရအားထုတ်ရမည့် အချိန်ကာလနှင့် ပတ်သက်၍ ပါထိက ဝဂ္ဂသင်္ဂီသုတ် အဋ္ဌကထာ(စာ-၂၂၂)၌ ဖွင့်ဆိုထားသည်မှာ-

* ဉာဏ်ပညာထက်သန်သော ရဟန်းသည် ရဟန်းအဖြစ်သို့ ရောက်လာသည်မှစ၍ ငါးဝါရသည့်တိုင်အောင် ပါဠိအာဂုံနှုတ်ငုံရအောင် သင်ကြားရသည်။
* ဉာဏ်နုံ့သောရဟန်းသည် ဆယ်ဝါရသည့်တိုင်အောင် ပါဠိအာဂုံနှုတ်ငုံရအောင် သင်ကြားရမည်။
* ရဟန်းတို့သည် အထက်ပါဉာဏ်ထက် ဉာဏ်နုံ့ သတ်မှတ်ချက် အတိုင်း ပါဠိတော်အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများကို အနက်၊ အဓိပ္ပါယ် အဖွင့်သံဝဏ္ဏနာ၊ ဝိနိစ္ဆယ အဆုံးအဖြတ်များနှင့်တကွ အထွတ်၊အတက် စုပ်စောဒနာကျမ်းရိုး ကျနအောင် သင်ကြားလေ့လာ အားထုတ်ရသည်။
* ဉာဏ်ထက်သော ပုဂ္ဂိုလ်အား ၁၀ ဝါရပြီးနောက် ဉာဏ်နုံ့သောပုဂ္ဂိုလ်အားဝါ ၂၀ ရပြီးနောက်တွင် သမထဝိပဿနာကို လွန်စွာကြိုးကုတ် အားထုတ်ရ

သည်။

ထိုဂန္ထဓုရ ဝိပဿနာဓုရ အားထုတ်ရာကိုခွဲခြားသိသော ပုဂ္ဂိုလ်ကို (အချိန်ကာလကိုသိသော ပုဂ္ဂိုလ်) (ကာလညူပုဂ္ဂိုလ်) ဟူ၍ ဘုရားရှင်က ဟောကြားခဲ့သည်။

ထို့ကြောင့်ရဟန်းများသည် အလိုမပြီး အချည်းနှီးဖြစ်သော မောဃကာလဖြင့် မကုန်ခန်းစေဘဲ ကာလကိုပိုင်းခြား၍ သိရမည်ဟု ဟောဖော်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် ရဟန်းဟူသမျှတို့သည် ဂန္ထဓုရကို မလွဲမသေ ပြုကျင့်ရမည်ဖြစ်ပါသည်။

## ဂန္ထဓုရအားထုတ်သင်ကြားခြင်းနည်း(၃)သွယ်

ဂန္ထဓုရဟူသော ပရိယတ္တိကိစ္စကို အားထုတ် သင်ကြားရာမှာသည်း-

(၁) မြွေဖမ်းသမားလျှင် ဥပမာရှိသော အလဂဒ္ဒူပမာသင်ကြားခြင်း၊

(၂) သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေခြင်းငှာ ဟူသော နိဿရဏတ္ထသင်ကြားခြင်း၊

(၃) ဘဏ္ဍာစိုးကဲ့သို့ ထိန်းသိမ်းခြင်းဟူသော

ဘဏ္ဍာဂါရိက သင်ကြားခြင်း ဟူ၍ သင်ကြား ခြင်း သုံးပါးရှိသည်။

## (၁) အလဂဒ္ဒူပမာသင်ကြားနည်း

သူတစ်ပါးကို ချုပ်ချယ်လွှမ်းမိုးလို၍ သင်ကြားခြင်းကို အလဂဒ္ဒူ သင်ကြားခြင်း ဟုခေါ်သည်။

မြွေဖမ်းယောက်ျား အလမ္ပာယ်သမားသည် မြွေကို မဖမ်းတတ် မကိုင်တတ်လျှင် ထိုမြွေခဲ၍ သေခြင်းသို့သော် လည်းကောင်း၊ သေလောက်နီးပါး ဒုက္ခများသို့သော်လည်း ကောင်း ရောက်တတ်လေသည်။ ထို့အတူ ပရိယတ္တိဓမ္မကို သင်ကြားသောသူသည်လည်း မသင်ကြားတတ်လျှင် သင်ကြားရခြင်း၏အကျိုးထူးကိုမခံစားရဘဲ ထိုသင်ကြား သောပရိယတ္တိဓမ္မကို အကြောင်းခံ၍ ပျက်စီးခြင်းသို့ ရောက် တက်သည်။ဓမ္မအတ္ထတို့၌ ကျနစွာသင်ကြားခြင်းမရှိသဖြင့် အဓိပ္ပါယ် အယူအဆ သဘာဝမသိဘဲ အကျင့်လွဲ၍ ပျက်စီး တတ်သည်ဟု ဆိုလိုသည်။

## (၂) နိဿရဏတ္ထသင်ကြားခြင်း

နိဿရဏတ္ထသင်ကြားခြင်းဆိုသည်ကား ဘုရား စကားတော်ဟူသော ပရိယတ္တိကို သင်ကြားရာတွင် သီလကို ပြောကြားသော အရာဌာန၌ သီလကိုဖြည့်ကျင့်၍ သမာဓိ

ကို ဟောကြားသောအရာဌာန၌ သမာဓိကိုယူ၍ ဝိပဿနာကို ဟောကြားသောအရာဌာန၌ ဝိပဿနာကို ဖြစ်စေ၍ မဂ်ဖိုလ်ကိုဟောကြားသောအရာဌာန၌ မဂ်ကိုပွားအံ့၊ ဖိုလ်ကို မျက်မှောက်ပြုအံ့ဟု နှလုံးပိုက်၍သင်ကြားခြင်းပင်တည်း။ ယိုသို့ နှလုံးသွင်း၍ သင်ကြားခြင်းသည်သာလျှင် နိဿရဏတ္ထ သင်ကြားခြင်းမည်၏။

(၃) ဘဏ္ဍာဂါရိက သင်ကြားခြင်း

ဘဏ္ဍာဂါရိက သင်ကြားခြင်းဆိုသည်ကား မြတ်စွာဘုရား စကားတော်ဟူသော ပါဠိအစဉ် မပျောက်မကွယ်စိမ့်သောငှာ မြတ်စွာဘုရား၏ အနွယ်အဆက်မပျက်စိမ့်သောငှာ စောင့်ရှောက်သောအားဖြင့် သင်ကြားခြင်းသည် ဘဏ္ဍာဂါရိက သင်ကြားခြင်းမည်၏။ ဤဘဏ္ဍာဂါရိက သင်ကြားခြင်းမျိုးကို ရဟန္တာအရှင်မြတ်တို့အားသာ ရသင့်လေသည်။ ယခုအခါ ဘုရားစကားတော် အဆက်အနွယ် မပျောက်ကွယ်စေခြင်းငှာ နှလုံးပြု၍ သင်ကြားသော ပုဂ္ဂိုလ်တို့မှာ နိဿရဏတ္ထသင်ကြားခြင်းမျိုးထဲသို့ ထည့်သွင်းရလေသည်။

ပရိယတ္တိကိုသင်ကြားရခြင်းအကျိုး

(၁) ဝိနည်းပိဋကတ်ကို သင်ကြားရခြင်းသည် ဝိနည်း

အရာ၌လိမ္မာ၍ မိမိ၏သီလလည်း ကောင်းစွာ လုံခြုံခြင်း ရှိလေသည်။

(၂) ကုက္ကုစ္စဖြင့် နှိပ်စက်ကုန်သော ရဟန်းတို့၏ ကိုးကွယ်ရာ မှီခိုရာ အားထားရာလည်း ဖြစ်လေသည်။

(၃) သံဃာ့ပရိသတ်အလယ်၌လည်း ကြောက်ရွံ့ခြင်း မရှိဘဲ ပြောဆို ဆုံးဖြတ်ဝံ့လေသည်။

(၄) သာသနာတော်၏ရန်သူဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ ကိုလည်း အကြောင်းပြ၍ကောင်းမွန်စွာ နှိမ်နင်းနိုင်လေသည်။

(၅) သာသနာတော်သုံးပါး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေခြင်းငှာ ကျင့်နိုင်သည်လည်း ဖြစ်လေသည်။

ဤသို့အကျိုးငါးပါးရရှိ၏။

ထို့ပြင် ပရိယတ္တိသင်ယူခြင်းနှင့် ပတ်သက်၍ ပရိဝါပါဠိတော် (၂၃၆-၃၂၀)၌-

ဝိနည်းကိုကောင်းစွာသင်ယူ၍ ကောင်းစွာကျင့်သောရဟန်းသည် သီလပြည့်စုံခြင်းကိုအမှီပြု၍ တေဝိဇ္ဇပတ္တရဟန္တာအဖြစ်သို့ ရောက်နိုင်သည်။ ဝိနည်းပိဋကတ် ဝိနည်းအကျင့်သည် ဝိဇ္ဇာသုံးပါးကို ရခြင်း၏ အကြောင်းအခြေခံ ပိဋကတ်အခြေခံ

အကျင့်မြတ်ဖြစ်သည်။

* သုတ္တန်ပိဋကတ်ကို ကောင်းမွန်စွာသင်ယူ၍ သုတ္တန်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိနှင့် ပြည့်စုံနိုင်သည်။ သမာဓိပြည့်စုံခြင်းကို အကြောင်းပြု၍ ဆဠဘိညာရဟန္တာ အဖြစ်သို့ ရောက်နိုင်လေသည်။ သုတ္တန်ပိဋကတ် သုတ္တန်အကျင့်သည် ခြောက်ပါးသော အဘိညာဏ်ကို ရနိုင်ခြင်း၏ အကြောင်းအခြေခံ ပိဋကတ်အခြေခံ အကျင့်မြတ်ဖြစ်သည်။

* အဘိဓမ္မာပိဋကတ်ကိုကောင်းစွာသင်ယူ၍ အဘိဓမ္မာ၌ ကောင်းစွာကျင့်သောရဟန်းသည် ပညာနှင့် ပြည့်စုံ၏။ ပညာ၏ ပြည့်စုံခြင်းကိုအမှီပြု၍ ပဋိသမ္ဘိဒါပတ္တာ ရဟန္တာအဖြစ်သို့ ရောက်နိုင်လေသည်။ အဘိဓမ္မာပိဋကတ် အဘိဓမ္မာအကျင့်သည် လေးပါးသော သမ္ဘိဒါကိုရနိုင်ခြင်း၏အခြေခံ၊ ပိဋကတ်အခြေခံ အကျင့်မြတ်ဖြစ်လေသည်ဟု ဘုရားရှင်ဟောကြားထားသည်ကို တွေ့ရပါသည်။

## သင်ကြားမှုမဟုတ်ကပျက်စီးတတ်သည်

အပြစ်အားလျော်စွာ ဆုံးမတတ်သည်ဖြစ်၍ "ယထာ

ပရာဓ သာသနာ”ဖြစ်သော ဝိနည်းပိဋကတ်၌ ဘုရားဟောတော်မူ လိုရင်းဖြစ်သော ဝိနည်းဒေသနာနည်း ကျနအောင် ကောင်းစွာသင်ယူခြင်းမရှိသဖြင့် ဝိနည်းပိဋကတ်၌ဟောနည်းကို မသိသောသူသည် မကြာမြင့်မီ သီလပျက်စီးခြင်းသို့ ရောက်တတ်လေသည်။

သတ္တဝါတို့၏ စရိုက်နှလုံးသွင်းအားလျော်စွာ ဆုံးမတတ်သည်ဖြစ်၍ ယထာနုလောမသာသနာဖြစ်သော သုတ္တန်ပိဋကတ်၌ ဘုရားဟောတော်မူလိုရင်းဖြစ်သော သုတ္တန်နည်းကျနအောင် ကောင်းစွာသင်ယူခြင်း မရှိသဖြင့် သုတ္တန်ပိဋကတ်၌ ဟောနည်းကို မသိသောသူသည် မကြာမြင့်မီ မိစ္ဆာအဖြစ်သို့ရောက်တတ်လေသည်။

ရုပ်နာမ်ဓမ္မအစုမျှ၌ “ငါ-ငါ၏ဥစ္စာ”စသည်ဖြင့် စွဲလမ်းလျက် ရှိသောသတ္တဝါတို့ကို “ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ား မရှိ၊ မိန်းမမရှိ,”ဟု ဟုတ်မှန်သည့်အပိုင်းဆုံးမတတ်သည်ဖြစ်၍ “ယထာဓမ္မသာသနာ”ဖြစ်သော အဘိဓမ္မာပိဋကတ်၌ ဘုရားဟော တော်မူလိုရင်းဖြစ်သော အဘိဓမ္မနည်းကျနအောင် ကောင်းစွာသင်ယူ ခြင်းမရှိသဖြင့် အဘိဓမ္မာပိဋကတ်၌ ဟောလိုရင်းနည်းကို မသိသောသူသည် မိမိတို့၏ဉာဏ်ဖြင့် မလိုက်နိုင်၊ မနှိုက်နိုင်၊ မမီနိုင်သော အရာဌာနနှ့်ကြုံဆသဖြင့် လိုရင်းသဘာဝသို့

မရောက်နိုင်ဘဲ စိတ်ပျံ့လွင့်၍ ပျက်စီးခြင်းသို့ ရောက်တတ်သည်။

ထို့ကြောင့် ဝိနည်း၌ ဟောတော်မူလိုရင်းသဘော၊ သုတ္တန်၌ ဟောတော်မူလိုရင်းသဘော၊ အဘိဓမ္မာ၌ ဟောတော်မူလိုရင်းသဘော အသီးသီးကို သိရှိအောင် သင်ယူကြည့်ရှုသင့်ကြလေသည်။

* ဝိနည်းပိဋကတ်ဒေသနာတော်ကိုကား ကရုဏာ ပြဋ္ဌာန်း၍ ဟောတော်မူ၏။
* သုတ္တန်ပိဋကတ်ဒေသနာတော်ကိုမူကား ကရုဏာ ပညာနှစ်ပါး ပြဋ္ဌာန်း၍ဟောတော်မူ၏။
* အဘိဓမ္မာပိဋကတ်ဒေသနာတော်ကိုကား ပညာ ပြဋ္ဌာန်း၍ ဟောတော်မူ၏။

ဝိပဿနာဓုရ

ဉာဏ်ပညာထက်မြက်သော ရဟန်းကား (၁၀)ဝါရပြီးနောက် ဉာဏ်ပညာနုံ့သောပုဂ္ဂိုလ်ကား ဝါ(၂၀)ရပြီးနောက် သမထဝိပဿနာ နှစ်ဖြာသောဘာဝနာကို ကျင့်ကြံအားထုတ်ရမည်ဟု ဆိုခဲ့ပါသည်။

ဝိပဿနာဓုရကိစ္စဟူသည်ကား-

* ဆရာဥပဇ္ဈာယ်တို့ထံ၌ ငါးဝါပတ်လုံးနေ၍ ဥပဇ္ဈာယ် ဆရာတို့ အားပြုအပ်သော ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးလျှင် ပါတိမောက်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းနှင့်ဆိုင်ရာသုတ် ပါဠိတော်များကိုလည်းကောင်း နှစ်ဘာဏဝါရ, သုံးဘာဏဝါရမျှလောက် ရအောင်လေ့လာ၍ စင်ကြယ်သောသီလ၌ တည်ရမည်။
* ပလိဗောဓကြီးဆယ်ပါးကိုလည်း ဖြတ်တောက်ရမည်။
* ကမ္မဋ္ဌာန်းပေးတတ်သော ပိယ-ဂရုကဘာဝနိယ စသော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ဆရာကောင်းထံသို့ကပ်ကာ မိမိစရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ယူပြီးလျှင် ဆိတ်ငြိမ်ရာသို့ချဉ်းကပ်ပြီး မဂ်ဖိုလ်ရအောင် ကျင့်ကြံအားထုတ်ရပါမည်။

ဤသည်ကား ဝိပဿနာဓုရကိစ္စပင်ဖြစ်ပါသည်။

ဤအချိန်ကား ကျမ်းဂန်စာပေ သင်ရမည့်ကာလ၊ ဤအချိန်ကား သမထဝိပဿနာနှစ်ဖြာသောဘာဝနာကို လွန်စွာကြိုးကုတ် အားထုတ်ရမည့်အချိန်အခွင့်တည်းဟု ဂန္ထဓုရဝိပဿနာဓုရ အားထုတ်ရမည့် အချိန်ကာလကို ပိုင်းခြားသိသော ရဟန်းပုဂ္ဂိုလ်ကို ကာလညုပုဂ္ဂိုလ်ဟူ၍

ဘုရားရှင်ဟောကြားခဲ့သည်။

ဤအချိန်ကား စားချိန်ကာလ၊ ဤအချိန်ကား အိပ်ရန်ကာလ၊ ဤအချိန်ကား ပရိယတ်ပဋိပတ် အားမထုတ်ဘဲ မြို့ရွာထဲသို့သွားရန် ကာလ၊ လူတို့ကိုအမှုကိစ္စ ဆောင်ရွက်ပေးရန်ကာလ စသည်ဖြင့် အချည်းနှီးကာလကို သိသောရဟန်းကို ကလညုတရဟန်းဟူ၍ ဘုရားမဟောခဲ့ပေ။ ထိုရဟန်းကို မောဃပုရိသမဂ်ဖိုလ်မှ အချည်းနှီးရဟန်းဟူ၍သာ ဟောခဲ့သည်။

သို့အတွက် ရဟန်းတို့သည်သာသနာဘောင်ဝယ် ဘုရားစကားကို နားထောင်၍ မိမိလည်းအကျိုးပြီးမြောက် ပစ္စည်းလေးပါး ဒါယကာတို့လည်း အကျိုးကြီးရောက်၍ ခံစားနိုင်ကြရန် ဂန္ထဓုရ၊ ဝိပဿနာဓုရကို ကြိုးစားအားထုတ်၍ နေသင့်ကြပေသည်။

## ရဟန်းတို့၏သီလဝိသုဒ္ဓိ

ရဟန်းတို့သည် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်ပြီးနောက် ထက်ဝန်းကျင်စင်ကြယ်သည့် လေးပါးသောသီလ(စတုပါရိ သုဒ္ဓိသီလ) လုံခြုံအောင် စောင့်ထိန်းကြရပါသည်။ စတုပါရိ သုဒ္ဓိသီလ (၄)ပါးမှာ-

(၁) ပါတိမောက္ခသံဝရသီလ

ရဟန်းများသည် ဝိနည်းဟူသော ပါရာဇိက(၄)ပါးနှင့် တကွသော (၂၂၇)သွယ်သော ဝိနည်းပညတ်ချက် အာပတ် (၇)ပုံတို့ကို မကျိုးမပေါက်ကြအောင် သဒ္ဓါတရားပြဋ္ဌာန်းပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ကြရသည်။

ရဟန်းတို့၏ (၂၂၇)သွယ်သောသိက္ခာပုဒ်တွင်-

* ပါရာဇိက(၄)ပါး
* သံဃာဒိသိသ်(၁၃)ပါး

ဤအာပတ်အားဖြင့်(၂)ပုံ သိက္ခာပုဒ်အားဖြင့် (၁၇) ချက် ဝိနည်းပညတ်ချက်များသည်(ကြီးလေးသောအာပတ်) ဂရုကအာပတ် ဟုခေါ်သည်။

အကြင်ရဟန်းသည် ပါရာဇိကလေးပါးတွင် တစ်ပါးပါး ကို ကျူးလွန်မိက ဒေသနာကတ်တို့ဖြင့် ကုစား၍မရပေ၊ စင်ကြယ်လိုက လူသာမဏေ ပြုလုပ်နေကြရသည်။

သံဃာဒိသိသ်အာပတ်သင့်လျှင် သီလပျက်သည် သီလစင်ကြယ်လို ပြန်တည်လိုသော် ဝိနည်းဓမ္မကံ လုပ်ထုံး လုပ်နည်းအရ ပရိဝသ်ဆောက်တည်ခြင်း၊ မာရ်နတ် ခြောက်ညဉ့်ကျင့်ခြင်း၊ အဗ္ဘာန္နကံ ဆောက်တည်ခြင်း စသည် တို့ကို သံဃာ့ပရိသတ်နှင့်ပြုလုပ်မှ သီလစင်ကြယ်သည်။

ယင်းသံဃာ့ဒိသိသ်အာပတ်သည် သံဃာနှင့် ဆက်စပ်

ပြုလုပ်မှသာ ပြီးစီးနိုင်သောကြောင့် အလွန်ဝန်လေးသည်။ ထို့အတွက် လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။

နိဿဂ္ဂိယပါစိတ်အာပတ်မှာမူ ဝိနည်းဓမ္မအရ ပစ္စည်း စွန့်ပြီး ဒေသနာကြားလျှင် သီလစင်ကြယ်သည်။

ကြွင်းကျန်သောအာပတ်များသည် တရားအားမထုတ် မီတွင် အိမ်လုံးတောင်လုံးလောက်ပင် သင့်ထားပါသော် လည်း တရားအားမထုတ်မီ ရှေ့အဖို့၌ သံဃာနှစ်ပါး ဒေသနာကြားက သီလစင်ကြယ်၍ နိဗ္ဗာန်ရောက်နိုင် ပါသည်။

အာပတ်(၇)ပုံမှာ-

(၁) ပါရာဇိကအာပတ်(၄)ပါး၊
(၂) သံဃာဒိသိသ်အာပတ်(၁၃)ပါး၊
(၃) ပါဋိဒေသနီအာပတ်(၂)ပါး၊
(၄) နိဿဂ္ဂိယပါစိတ် အာပတ်(၃၀)ပါး၊ ပါစိတ် အာပတ် (၉၂)ပါး၊
(၅) သေခိယစသောဒုက္ကဋ်အာပတ်၊
(၆) ထုလ္လစဉ်းအာပတ်၊
(၇) ဒုဗ္ဘာသိအာပတ် တို့ဖြစ်သည်။

## (၂) ဣန္ဒြိယသံဝရသီလ

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊စိတ်ဟူသောဣန္ဒြေ ခြောက်ပါးကို စောင့်စည်းရခြင်း၊

လေးတောင်ခန့်မျှ ရှေ့သို့တည့်တည့်ကြည့်၍ မြင်ရာ၊ ကြားရာ စားသောက်ရာ၊ တွေ့ထိရာ၊ ကြံစည်ရာ၊ အနံ့ရရာ တို့၌ သာယာနှစ်သက်ခြင်း၊ လောဘမဖြစ်အောင် အထူး သတိထား၍ လုံခြုံစွာ စောင့်စည်းခြင်း၊ သီလကို စောင့်ထိန်း ရခြင်း။

## (၃)အာဇီဝပါရိသုဒ္ဓိသီလ

ရဟန်းများသည် ပစ္စည်းလေးပါးနှင့်စပ်၍ မရှာမှီး အပ်သော မှားသောအသက်မွေးမှု (ကုလဒူသက အနေသန မိစ္ဆာဇီဝ) အမှုတို့ကို ကြဉ်၍ ဘုရားရှင်ခွင့်ပြုတော်မူသော တရားသဖြင့်ရအပ်သော စင်ကြယ်သော ပစ္စည်းဝတ္ထုတို့ ကိုသာ သုံးဆောင်ရာ အသက်မွေးခြင်း အမှုပြုခြင်း။

## (၂၂၇)သွယ်သိက္ခာပုဒ်

ပါရာဇိက(၄)ပါး၊ သံဃာဒိသိသ်(၁၃)ပါး၊ အနိယတ (၂)ပါး၊ နိဿဂ္ဂိယပါစိတ်(၃၀)၊ ပါစိတ်(၉၂)၊ သေခိယ (၇၅) အဓိကရဏ(၇)ပါး၊

အာပတ်(၇)ပုံ

၁။ ပါရာဇိက၊ ၂။ သံဃာဒိသိသ်၊ ၃။ နိဿဂ္ဂိပါစိတ်၊ ၄။ ပါစိတ်၊ ၅။ ဒုက္ကဋ်၊ ၆။ ဒုဗ္ဘာသိ၊ ၇။ ထုလ္လစ္စည်း

*ကုလဒူသကအနေသနမိစ္ဆာဇီဝ*

လူဒါယကာတို့ ပျက်စီးစေသော မှားယွင်းသော အသက်မွေးမှုရှစ်ပါး-

၁။ သစ်သီးပေးခြင်း၊

၂။ ပန်းပေးခြင်း၊

၃။ ဒန်ပူပေးခြင်း၊

၄။ ကသယ်မှုန့်ပေးခြင်း၊

၅။ ဝါးပေးခြင်း၊

၆။ ဆေးကုသပေးခြင်း၊

၇။ မြေဖြူပေးခြင်း၊

၈။ ဒါယကာအစေအပါးခံခြင်း။

(၄) ပစ္စယသန္နိဿိတသီလ

ဆွမ်း၊ သင်္ကန်း၊ကျောင်း၊ဆေး ဟူသော ဘုရားရှင် ခွင့်ပြုတော်မူသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်

၍ သုံးဆောင်ခြင်း။

ဤသီလလေးပါးကို လုံခြုံအောင်ထိန်းသိမ်းစောင့် ရှောက်ပြီးလျှင် ကိလေသာတို့ခွာထွက်ကြောင်း ခေါင်းပါး စေသော ဓုတင်(၁၃)ပါးကိုလည်း မိမိတတ်စွမ်းသရွေ့ ဆောက်တည်ကျင့်သုံးရပါမည်။

(၁) ***ပံ့သကူဓုတင်***=ဒါယကာတို့လှူဒါန်းသောပစ္စည်းကို စွန့်ပါ၏။ ပံ့သကူသင်္ကန်းကို ဆောက်တည်ပါ၏။

(၂) ***တိစီဝရိတ်ဓုတင်***=လေးထည်မြောက် သင်္ကန်းကို စွန့် ပါ၏။ သင်္ကန်း(၃)ထည်ကိုသာ ဆောက်တည်ပါ၏။

(၃) ***ပိဏ္ဍပါတ်ဓုတင်***=အပိုလာဘ်လာဘကို ပယ်ပါ၏ ဆွမ်းခံ၍ရသော ဆွမ်းကိုစားပါ၏။

(၄) ***သပဒါနဓုတင်***=လျှပ်ပေါ်လော်လီ အိမ်စဉ်ကျော်၍ ခံယူခြင်းကို ပယ်ပါ၏။ အိမ်စဉ်မကျော်ရပ်၍ ရသော ဆွမ်းကို ဆောက်တည်ပါ၏။

(၅) ***ဧကာသနိကဓုတင်*** =နေရာအထူးထူး၌စားခြင်းကို ပယ်ပါ၏။ ဝင်တိုင်းတစ်နေရာတည်း၌ စားခြင်းကို ဆောက်တည်ပါ၏။

(၆) ***ပတ္တပိုင်ဓုတင်***=နှစ်ခွက်မြောက်သောဆွမ်းဟင်းကို ပယ်ပါ၏။ တစ်ခွက်တည်းနှင့်သာ ဆောက်တည်ပါ

၏။

(၇) ခလုပစ္ဆာဓုတင်=အတိရိတ်ဝိနည်းကံစွမ်းကို ပယ်ပါ၏၊ ခလုပစ္ဆာဓုတင်ကို ဆောက်တည်ပါ၏။

(၈) အရညာဓုတင်=ဂါမဝါသီကျောင်းသင်္ကန်းကို ပယ်ပါ၏၊ တောရကျောင်း၌နေခြင်းကို ဆောက်တည်ပါ၏။

(၉) ရုက္ခမူဓုတင်=အမိုးအကာကျောင်းကို ပယ်ပါ၏၊ သစ်ပင်ရင်း၌ နေပါ၏။

(၁၀) အဗ္ဘောကာသိကဓုတင်=အမိုးအကာရှိသော ကျောင်း နှင့် သစ်ပင်ကိုပယ်ပါ၏။ လွင်တီးခေါင်၌နေခြင်းကို ဆောက်တည်ပါ၏။

(၁၁) သုသာနဓုတင်=သုသာန်မဟုတ်သောနေရာကို ပယ်ပါ ၏၊ သုသာန်၌နေပါ၏။

(၁၂) ယထာသန္ထတိဓုတင်=နေရာကောင်း၊ကျောင်းကောင်း ရွေးချယ် မှုကိုပယ်ပါ၏။ ဖြစ်စဉ်အတိုင်းနေပါ၏။

(၁၃) နေသဇ္ဇိကဓုတင်=အိပ်ခြင်းကိုပယ်ပါ၏။ ထခြင်း၊ ထိုင် ခြင်း၊ စင်္ကြံသွားခြင်းကို ဆောက်တည်ပါ၏။

ရဟန်းတို့ပစ္စည်းလေးပါးရှာမှီးခြင်း၌ရှောင်ရန်(၂၁)ပါး

၁။ သစ်ဝါးပေးခြင်း

၂။ ဒန်ပူပေးခြင်း
၃။ သစ်ရွက်ပေးခြင်း
၄။ သစ်သီးပေးခြင်း
၅။ မျက်နှာသစ်ရေပေးခြင်း
၆။ တရော်ကင်ပွန်းဦးခေါင်းဆေးရေ ပေးခြင်း
၇။ ကသယ်မှုန့်ပေးခြင်း
၈။ ပန်းပေးခြင်း
၉။ မြေဖြူမြေနီပေးခြင်း
၁၀။ ဆေးကုသခြင်း
၁၁။ ထမ်းသွားခြင်း
၁၂။ အပသို့အစေအပါးကိုခံခြင်း
၁၃။ ဆွမ်းကိုဆွမ်းတုံ့ပေးခြင်း
၁၄။ လာဘ်ကိုသာယာ၍တံစိုးထိုးခြင်း
၁၅။ နက္ခတ်ကြားခြင်း
၁၆။ ကြန်အင်လက္ခဏာဖတ်ပေးခြင်း
၁၇။ အိပ်ရာစသောလူတို့အခန်းအရာကို ဟောညွှန်ခြင်း

၁၈။ လာဘ်ကိုငဲ့၍ ဒါယကာတို့အား ချစ်ဖွယ်စကား ပြောခြင်း

၁၉။ ကလေးငယ်တို့အား ချီပိုးသုတ်သင်ပေးခြင်း

၂၀။ ဒါယကာဟို့အစေအပါးခံခြင်း

၂၁။ လာဘ်ကိုငဲ့၍ဒါယကာတို့အား အကျွမ်းဝင်လို၍ မမှန်တစ်ချက် မှန်တစ်ချက် ပြောဆိုခြင်း

ဤ(၂၁)ပါးသောအကြောင်းနှင့်ရသော ပစ္စည်းတို့သည် ရဟန်းတို့နှင့်မအပ်ကုန်၊ ထိုအကြောင်းတို့ဖြင့် ရသောပစ္စည်းတို့ကိုမှီး၍ အသက်မွေးသော ရဟန်းသည်-

* ပစ္စည်းမစင်ကြယ်ခြင်းကြောင့် အာဇီဝပါရိသုဒ္ဓိသီလ ပျက်သည်။
* အာပတ်သင့်ခြင်းကြောင့် ပါတိမောက္ခသံဝရသီလ ပျက်သည်။
* ရသောပစ္စည်း၊ပစ္စဝေက္ခဏာမထိုက်သောကြောင့် ပစ္စယသန္နိဿိတ သီလပျက်သည်။

သို့သော် ပါရာဇိကအာပတ်မရောက်ခြင်းကြောင့် သီလမရှိသူ ဟူ၍ကားမဆိုရပါ၊သီလလေးပါးတွင် အာဇီဝ

ပါရိသုဒ္ဓိသီလသည် ဤသုံးပါးတို့၌ အဓိကအခြေခံဖြစ်နေ၍ သတိရှိစွာခြိုးခြံဆင်ခြင်ကာ ကျင့်အပ်ရသည်။

ရဟန်းတို့သုံးဆောင်ခြင်း(၄)ပါး

(၁) ထေယျပရိဘောဂ = သီလမရှိသောရဟန်းသည်သီလရှိယောင်ဆောင်သော်လည်းကောင်း၊ပါရာဇိကကျရောက်ပြီး၍ ရဟန်းသီလမျှကင်းသော ဒုဿီလပုဂ္ဂိုလ်သည်လည်းကောင်း ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ခိုး၍သုံးဆောင်ခြင်းနှင့်တူ၏။

(၂) ဣဏပရိဘောဂ=သီလရှိသောရဟန်းသည် တရားသဖြင့် ရသောပစ္စည်းတို့ကို ပစ္စဝေက္ခဏာမဆင်ခြင် ပစ္စည်းလေးပါးကိုသုံးဆောင်ခြင်းသည်။ သူတစ်ပါးကြွေးမြီကို ယူ၍သုံးဆောင်ခြင်းနှင့်တူသည်။ သင်္ကန်းကို ကိုယ်မှလွှတ်ထား ပြီးနောက် ပြန်လည်သုံးဆောင်ဝတ်ရုံတိုင်း ပစ္စဝေက္ခဏာ ဆင်ခြင်အပ်၏။

* ဆွမ်းစားတိုင်း ဆင်ခြင်အပ်၏။
* ကျောင်း အိပ်ရာ နေရာ ဝင်ထွက်သုံးဆောင်တိုင်း ဆင်ခြင်အပ်၏။
* ဆေးကို အကပ်ခံတိုင်းသုံးဆောင်တိုင်း ဆင်ခြင်

အပ်၏။ သုံးဆောင်သောအခါဖြစ်စေ၊ ခံယူထားသောအခါတိုင်းဖြစ်စေ သတိကိုအမြဲထား၍ ပစ္စဝေက္ခဏာ ဘည်ထားလျှင် အာပတ်မသင့်နိုင်ပါ။

(၃) *ဒါယဇ္ဇပရိဘောဂ*=မိဘ၏အမွေဥစ္စာကို သားသမီးတို့သာအမွေခံထိုက်သကဲ့သို့ ရဟန်းတို့ သည်ဘုရားရှင်ခွင့်ပြုထားသော ပစ္စည်းလေးပါးကို အမွေခံအဖြစ်သုံးဆောင်ထိုက်သည်။

(၄) ***သာမိစိပရိဘောဂ***=ရဟန္တာအရှင်မြတ်တို့သည် တဏှာ၏ကျွန်ဘဝမှလွတ်၍ ပစ္စည်းလေးပါးကို အရှင်သခင်ကဲ့သို့ သုံးဆောင်ထိုက်ခြင်း၊ တရားသဖြင့်ရ၍ ပစ္စဝေက္ခဏာထိုက်သောပစ္စည်းလေးပါးက ပစ္စဝေက္ခဏာမဆင်ခြင်ဘဲသုံးဆောင်လျှင် မကောင်းသဖြင့် သုံးဆောင်သောကြောင့် ရဟန်းသည် ဒုက္ကဋ်အာပတ်သင့်သည်။

**ရဟန်းတို့သီလစင်ကြယ်အောင်ပြုလုပ်နည်း**

ရဟန်းများသည် မိမိတို့၏ သီလစင်ကြယ်အောင် အောက်ပါ သီလစင်ကြယ်နည်း(၄)နည်းဖြင့် ပြုလုပ်ဆောင်ရွက်ရသည်-

(၁) ဒေသနာသုဒ္ဓိ=သင့်သောအာပတ်ကိုဒေသနာကြား

သဖြင့်စင်ကြယ်စေသည်။

(၂) **သံဝရသုဒ္ဓိ** =ကျင့်ကြံစောင့်စည်းမှုပျက်သည်ကို တစ်ဖန်မပြုပြီဟု အဓိဋ္ဌာန်အဖြစ်စင်ကြယ်၏။

(၃) **ပရိယေဋ္ဌိသုဒ္ဓိ**=တရားနှင့်အညီပစ္စည်းကိုရှာမှီးပြီး ပြန်လည်ကျင့်သုံးသဖြင့် စင်ကြယ်၏။

(၄) **ပစ္စဝေက္ခဏာသုဒ္ဓိ**=သုံးဆောင်သော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်သဖြင့် စင်ကြယ်၏။

**သာသနာတော်၏ကျက်သရေဆောင်လေးဦးနှင့် ဖျက်ဆီးသူ**

သာသနာတော်ကို စည်ပင်ပြန့်ပွား ထွန်းကားတင့်တယ်အောင် ဆောင်ရွက်ပေးတတ်သော သာသနာ့ ကျက်သရေဆောင် ပုဂ္ဂိုလ်လေးဦးမှာ-

(၁) ရဟန်းယောကျ်ား၊

(၂) ရဟန်းမိန်းမ၊

(၃) ဥပါသကာယောကျ်ား၊

(၄) ဥပါသိကာမိန်းမ တို့ဖြစ်သည်။

ယင်းတို့သည် မြတ်စွာဘုရားသာသနာတော်ကြီး ကြီးပွားစည်ပင်အောင် စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ရှိသည်။ ထိုတွင် သာသနာ့ဝန်ကို အဓိကတာဝန်ယူ ဆောင်

ရှက်ရသော ရဟန်းများသည် သာသနာ၏ ကျက်သရေမဆောင် အဓိကပုဂ္ဂိုလ်များဖြစ်သလို ပစ္စည်းလေးပါးဒါယကာတို့၏ ကောင်းကျိုးချမ်းသာအတွက် လယ်ယာမြေကောင်းများ ဖြစ်ကြပါသည်။

သာသနာတော်ကို ချီးမြှောက်ထောက်ပင့်သူ ဤလေးဦးရှိသကဲ့သို့ပင် သာသနာတော်ကို ဖျက်ဆီးမည့်သူမှာလည်း ဤလေးဦးပင်ဖြစ်ကြောင်း ဘုရားရှင်က (ပါထိကဝဂ္ဂ အဋ္ဌကထာ ၂၁၇)၌-

"ချစ်သား၊ ကဿပ-ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ဟူသော ဤလေးပါးတို့သည် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်ကြီးကို မကွယ်ပျောက်စေကုန်၊ စင်စစ်အားဖြင့် သာသနာတော်ကို ယုတ်လျော့ကွယ်ပျောက်သွားအောင် ပြုတတ်သူများကား ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမဟူသော ပရိသတ်လေးပါးသာလျှင် သာသနာတော်ကိုယုတ်လျော့အောင်၊ တိမ်ကောအောင်၊ မှေးမှိန်အောင်၊ သိမ်ဖျင်းအောင်၊ ဂုဏ်ညှိုးအောင်၊ ကွယ်ပျောက်အောင် ပြုတတ်သည်။

အဘယ်သို့ပြုတတ်သနည်းဟူမူကား။ အကြင်

ပရိသတ်လေးပါးသည်-

* ဘုရား၌လည်း ရိုသေခြင်းမရှိ၊
* တရားတော်ကိုလည်း ရိုသေခြင်းမရှိ၊
* သံဃာတော်၌လည်း ရိုသေခြင်းမရှိ၊
* မိမိကိုယ်ကိုကျင့်အပ်သောသိက္ခာ၌လည်း ရိုသေခြင်း မရှိ
* သမထဟူသော သမာဓိ၌လည်းရိုသေခြင်း မရှိသောကြောင့် သာသနာတော်ယုတ်လျော့ မှေးမှိန်သိမ်ဖျင်းပျောက်ကွယ်ရသဖြင့် ထိုပရိသတ်လေးပါးပင် သာသနာတော်ကို ယုတ်လျော့မှေးမှိန်ဂုဏ်သိမ်အောင် ဖျက်ဆီးသူမည်ပါသည် " ဟု ဖွင့်ဆိုဟောထားသည်ကို တွေ့ရပါသည်။

**သာသနာတော်ဆုတ်ယုတ်မှုနှင့်ရဟန်းများကျင့်ကြံအားထုတ်မှု**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ထားတော်မူခဲ့သော သာသနာတော်ကို ငါးခုငါးပုံထား၍-

* တစ်ပုံသည် ပစ္စက္ခဘဝ၌ပင် မဂ်ဖိုလ်ကိုရအောင် ကိုယ်နှင့် အသက်မငဲ့ကွက်ဘဲ တရားကိုအားထုတ်

သော ဝိမုတ္တိကာလ၊ထိုကာလကား ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည်နောက် ရှေးဦး စွာသောကာလ ဖြစ်သည်။

* တစ်ပုံသည် ယခုပစ္စက္ခဘဝ၌ လောကီချမ်းသာကိုမျှ ရရုံနှင့် အားရတင်းတိမ်ခြင်းရှိသဖြင့် လောကီချမ်း အဘိညာဉ်ကိုသာရအောင် အားထုတ်သော သမာဓိ ယုဂကာလ။ ထိုကာလသည် ပစ္စက္ခဘဝတွင် မဂ် ဖိုလ်ရအောင် အားထုတ်ခြင်းမရှိသည်ဖြစ်၍ ဝိမုတ္တိယုဂကွယ်ပျောက်သောအခါ ဖြစ်လေသည်။
* တစ်ပုံသည်လောကီချမ်းကိုမျှရအောင် အား မထုတ်တော့ဘဲ စတုပါရိသုဒ္ဓိသီလကြီးလေးပါး ကိုသာ လုံခြုံအောင် အားထုတ်သော သီလယုဂ ကာလ။ ထိုကာလသည်လည်း သမာဓိယုဂ ကွယ် ပျောက်သောအခါ ပေါ်လာသည်။
* တစ်ပုံသည် စတုပါရိသုဒ္ဓိသီလမျှ မလုံတော့ဘဲ တရားကွယ်ရန် သင်အံလေ့ကျက်ဆောင်ရွက် ကြည့်ရှု ဗဟုသုတရှိရုံမျှအားထုတ်သော သုတ ပညာကာလ။ ထိုကာလသည် သီလယုဂကွယ်သော အခါ ဖြစ်သည်။
* တစ်ပုံသည် တရားကျမ်းဂန်ပရိယတ်ကိုမျှ ချပို့

သင်အံခြင်းမရှိတော့ဘဲ ရဟန်းဟူသော အသွင်မျှသာ ရှိတော့သည်။ ထိုသို့သောအခါ ရဟန်းတို့သည် ဥစ္စာပစ္စည်းကို စုဆောင်း၍ စွန့်လွှတ်ပေးကမ်းခြင်းဟူသော ဒါနအလှူကိုသာ ပြုလုပ်အားထုတ်သောဒါနယုဂကာလ။

ထိုဒါနယုဂသည် သာသနာတော်၌နောက်ဆုံးအကျင့်ဖြစ်တော့သည်။

**ရဟန်းပျောက် သာသနာပျောက်မည့်ဘေးရန်**

သာသနာတော်တည်တံ့ပြန့်ပွားရေးတွင် ရဟန်းတော်များသည် အဓိကအခန်းမှ ပါဝင်နေသည်။ ရဟန်းပျောက်လျှင် သာသနာပျောက်မည်။ သာသနာပျောက်လျှင်လူသားတို့ အတွက် လယ်ယာမြေ ကောင်းသဖွယ်ဖြစ်သောအလှူခံပုဂ္ဂိုလ်မြတ်မရှိတော့၍ အကျိုးယုတ်ကြ ပေတော့မည်။

နောင်အနာဂတ်သာသနာတော်နှင့် ရဟန်းတော်များတည်ရှိမှုနှင့်ပတ်သက်၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလကပင် မဏ္ဍလိကမင်းမျိုးမှ ရဟန်းပြုခဲ့သောဆဋ္ဌာဘိညာရဟန္တာဖြစ်တော် မူသော ဖုဿရဟန္တာမြတ်ထံသို့ ပဏ္ဍုရဂေါရတ္တမည်သော ရသေ့တစ်ပါး တရားနာလာ

သည်။

ရသေ့သည် သီလ, အကျင့်နှင့်ပြည့်စုံ၍ လုံခြုံသော ဣန္ဒြေရှိသော ဖုဿမထေရ်မြတ်ကိုမြင်၍ လွန်စွာကြည်ညို လေသည်။

"ဤသို့သောပဋိပတ်အကျင့်မြတ်သည် ဤလောက လူ့ရွာဝယ်ကြာရှည်စွာတည်ပါမူကား ကောင်းလေစွ "ဟု ကြံစည်ဆင်ခြင်၍ နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော အကျင့်များကို ဖုဿမထေရ်ထံ မေးလျှောက်သည်။

ထိုအခါ ဖုဿမထေရ်က အနာဂတ်ကာလသာသနာ၏ ဘေးရန်များကို ဟောကြားခဲ့ပါသည်။

သာသနာနောက်ပိုင်းသို့ ရောက်သောအခါ ရဟန်းတို့သည်

အမျက်ထွက်လေ့ရှိကုန်အံ့။

* ရန်ငြိုးဖွဲ့လေ့ရှိကုန်အံ့။

* သူကျေးဇူးကို ချေဖျက်ကြကုန်အံ့။

* ခက်ထန်မောက်မာကုန်အံ့။

*မကျင့်ဘဲနှင့်ကျင့်ယောင်၊ မသိဘဲနှင့် သိယောင်ပြုမူကုန်အံ့။

* သူတစ်ပါးရဟန်းဂုဏ်နှင့်ပြည့်စုံအောင်နေသည်ကို အလိုမတူ ငြူစူစောင်းမြောင်းခြင်း ရှိကုန်အံ့။
* အယူဆန့်ကျင် နင်သင်စသည်ဆို၍ အချင်းချင်း ခိုက်ရန်ငြင်းပွား အချင်းများကုန်အံ့။
* နက်နဲသိမ်မွေ့သော တရားတော်၌ မသိမမြင် သော်လည်းတတ်သိယောင်မာနထောင်၍ ဟန်ဆောင်ပြုမူတတ်ကုန်အံ့။
* မသူတော်တို့၏တရားဘက်ကိုသာ အာရုံစိုက်လေ့ ရှိကုန်အံ့။
* သွားလာလက်ကြော ဂွမ်းဝါ ဖော့ဆို့ ပေါ့သောသဘော ရှိကုန်အံ့။
* ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာသုံးရပ်၌ အလေးမမူ ဂရုမပြု ရှိသေမှုကင်းကုန်အံ့။
* သီတင်းသုံးဖော်သံဃာအချင်းချင်း ရိုသေကင်းကုန်အံ့။
* ပညာမဲ့သောရဟန်းဆိုး ရဟန်းမိုက်တို့သည် ဘုရားရှင် ဟောကြားသော ပိဋကတ်သုံးပုံတရားကို သေးသိမ်အောင်ပြုလုပ်ကြလတ္တံ့။ ထို့ပြင် ညစ်ညူးပျက်စီးအောင် ဖျက်ဆီးလတ္တံ့။ ဥပမာ အာပတ်သင့်

သည်ကို မသင့်၊ ဂရုကအာပတ်ကို လဟုက အာပတ်ပြုခြင်းစသော ဒုစ္စရိတသံကိလေသာဖြင့် ညစ်ညူးစေလျက် ဝိနည်းတရားတော်ကို ဖျက်ဆီးလတ္တံ့။ နူးညံ့သိမ်မွေ့လှသောရုပ်၊ နာမ်တရားတို့ကို ပယ်ရှား စွန့်ခွာ၍ ဒိဋ္ဌိသံကိလေသာဖြင့် ညစ်ညူးစေလျက် အဘိဓမ္မာတရားတော်ကို ဖျက်ဆီးလတ္တံ့။ နှစ်ပါးစုံသော အလျှိုကိုပြုခြင်း၌ နှစ်သက်သာယာ တဏှာသံ ကိလေသာဖြင့်ညစ်ညူးစေလျက် ဝိနည်း အဘိဓမ္မာနှစ်ပါးစုံကို ဖျက်ဆီးလတ္တံ့ဟု ဆိုလိုသည်။

* သံဃာဘောင်ဝယ် တစ်စုံတစ်ခု အမှုစကား တရား တပေါင် ရှေ့ဆောင်ပြောဆိုကြသည်ရှိသော် အလဇ္ဇီဒုဿီလတို့ အသင်းအပင်း အားကြီးကြ ကုန်လတ္တံ့။ ဥပမာ သံဃာ့အမှုဆုံးဖြတ်ရာ သံဃာ့ အစည်းအဝေး၌ လာဘသက္ကာရကို တောင့်တ သဖြင့် ဂုဏ်ကိုဆောင်၍ ဓမ္မကို အဓမ္မ၊ အဓမ္မကို ဓမ္မ၊ ဝိနယကို အဝိနယ အစရှိသည်ဖြင့် မိမိလိုတိုင်း သောအနက်ကို သံဃာတော်၌ တည်စေ၍ အလဇ္ဇီ ဒုဿီလအချင်းချင်း အားပေး၍ အလဇ္ဇီ ဒုဿီလ အသင်းအပင်း အားကြီးကြကုန်လတ္တံ့။

* သီလ, သမာဓိ, ပညာစသော ပရိယတ္တိဂုဏ်

ပဋိပတ္တိဂုဏ်နှင့် ပြည့်စုံသောရဟန်းမြတ်တို့သည် သံဃာအမှုကိုဆုံးဖြတ်ရန် သံဃာ အစည်းအဝေး၌ အားနည်းကုန်လတ္တံ့။

* ပညာမဲ့သောရဟန်းတို့သည် ရွှေ၊ ငွေ၊ ကျွန် ယောကျ်ား၊ ကျွန်မိန်းမနှင့် ဆိတ်၊ သိုးစသော ခြေလေးချောင်းရှိသော သတ္တဝါတို့ကို မိမိတို့ အလို့ငှာ သာယာခံယူကုန်လတ္တံ့။

* သူတစ်ပါးကို ကဲရဲ့လိုသောစိတ် ရှိကုန်သည်ဖြစ်၍ သီလ၌ မတည်ကုန်ဘဲ ထက်မြက်သောမာန်မာန ရှိကုန်သဖြင့် ငြင်းခုံရန်တွေ့ ချုပ်ချယ်သော အလေ့၌ သာလျှင် သာယာပျော်မွေ့၍ သားသမင်တို့ ကဲ့သို့ လှည့်လည်သွားလာကုန်လတ္တံ့။

* ကုဟနလပနအလျှုဖြင့် အသက်မွေးကြကုန်လတ္တံ့။ ဥပမာ ဈာန်မဂ်ဖိုလ်နီးရောက်နေပြီဟု လှည့်ပတ်မှု ဖြစ်သလို လိမ်လည်ကြည်ညိုစေမှု အံ့ဖွယ်ပြုကြမည်၊ ပစ္စည်းအလို့ငှာ ဒါယကာတို့အား ညှာတာ ချီးမြှောက် ခြိမ်းခြောက်မောင်းမဲ ဆဲရေးရှုတ်ချပြော ပြမည် ဖြစ်သည်။

* ဒေါသမျက်ကန်း ခက်ထန်ကြမ်းကြုတ်သော စိတ်

နှလုံးရှိ ကြမည်။

* ကိလေသာအမှုအရာတို့သည် သားသမင်တို့၏ ချိုဖျားကဲ့သို့ ထင်ရှားလာမည်။

* ကိုယ်ကိုတန်ဆာဆင်ခြင်း၊ ပရိက္ခရာကို တန်ဆာဆင်ခြင်း စသော ယှုပ်ပေါ်လော်လီသော အကျင့်၌ ကျင့်ကုန်သည်ဖြစ်၍ ကြော့ကြော့မော့မော့နှင့် ဖျော့တော့ဂါအောင် စွပ်ရောင်ဆိုးသော ခင်ကြီးကို ဝတ်ဆင်လျက် မြို့လယ်ခရီးရွာလယ်ခရီးများ၌ သွားလာ လှည့်ပတ်ကြအံ့။

* ပစ္စည်းလေးပါးကိုတပ်မက်မောသည် ဖြစ်ကြကုန်အံ့။

* ရဟန်းတရားကိုအားမထုတ်လိုဘဲ ဆွမ်းခံပျင်း၍ ရွာဦးကျောင်း၌နေပြီးလျှင် ကျောင်းသားလူငယ် မွေး၍ နေကြကုန်လတ္တံ့။

* မိစ္ဆာဇီဝအသက်မွေးခြင်း၌ မွေ့လျော်၍ လာဘ်လာဘကို များစွာရရှိသော အလိုဆိုးအကုသိုလ်၌ ကျင့်ကုန် လတ္တံ့။

* ထိုအခါ ရဟန်းကောင်း ရဟန်းမြတ်တို့၌ လာဘ်လာဘနည်း ကုန်လတ္တံ့။ ထိုသီလဝန္တ ဂန္ထရဟန်း

မြတ်တို့ကို မြတ်နိုးကော်ရော် ပူဇော် ဆည်းကပ်မှု မပြုကြကုန်လတ္တံ့။

* ပိန္နဲဆိုး-သစ်ခေါက်ဆိုးသင်္ကန်းများကို ကဲ့ရဲ့ရှုံ့ချ၍ သာသနာတော်မှ အပဖြစ်သော တိတ္ထိပရိဗိုဇ်တို့၏ အဝတ်ဖြူကို ဆောင်ကြကုန်လတ္တံ့။

* ထိုအခါ အရိယာတို့၏ တံခွန်သဖွယ်ဖြစ်သော သင်္ကန်းကို ရိုသေကင်း၍ ပစ္စဝေက္ခဏာဆင်ခြင်၍ ဝတ်ရုံခြင်းကိုမပြုကုန်လတ္တံ့။

* အလဇ္ဇီဒုဿီလရဟန်းများသည် မိမိတို့ကို လူဒါယကာတို့ သဒ္ဓါကြည်ညိုပျက်မည်စိုး၍ သီလဝန္တရဟန်းမြတ် ကျမ်းဂန်တတ် ရဟန်းမြတ်တို့ကို ထိုအရပ်၌မနေနိုင်အောင် နှိပ်စက်လတ္တံ့။

* ဆရာဥပဇ္ဈာယ်တို့က ကောင်းသောအမူအရာ ပဋိပတ်ကို ဟောဖော်ရှင်းပြဆိုဆုံးမသော်လည်း မနာယူကြကုန်လတ္တံ့။

* ထိုအခါ၌ ဆရာဥပဇ္ဈာယ်တို့ကို ရိုသေခြင်းကင်း၍ ဆရာဥပဇ္ဈာယ်တို့ကိုပင် နှုတ်လှံ ပြန်ကာဆိုကြလတ္တံ့။

* ဤသို့သော အခြေအနေများသည် သီလယုဂ်

ကာလသို့ရောက်သော် ရဟန်းတို့သည် ဖောက်ပြန်နည်းလွတ် ချွတ်ယွင်းပျက်ပြားသော အကျင့်များဖြစ်ပေါ်တတ်ပြီး သာသနာတော်နှင့် ရဟန်းများသည် ပျက်ဆီးဆုတ်ယုတ် ကြမည်သာ ဖြစ်ပါသည်။

(ဖုဿထေရဂါထာ-စာ-၃၆၀)

## ရဟန်းဖြစ်ကျိုးနပ်စေရန်

သာသနာ၀န်ထမ်း ရဟန်းများသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော ကိစ္စနှစ်ပါးရှိသဖြင့် ဝိပဿနာဓုရကို အားထုတ်လိုသော် အားထုတ်ရာ၏။ သို့မဟုတ် မိမိဉာဏ်စွမ်းရှိသလောက် စာပေပရိယတ် ပို့ချသင်အံလေ့ကျက် ဆောင်ရွက်တတ်မှု အားလုံးရွတ်၍ သရဇ္ဈာယ် ခြင်းဖြင့် အချိန်ကုန်စေပြီးလျှင် ပရိယတ္တိသာသနာကြီး ကြီးပွားထွန်းကားစေရာ၏။

ယင်းသို့ ကြီးပွားထွန်းကားစေမှသာလျှင် သာသနာတော်ကြီးကို စောင့်ရှောက်ရာရောက်၍ သာသနာနှင့် ကြုံရကျိုးနပ်၍ ရဟန်းဖြစ်ရကျိုးနပ်၏။ ရဟန်းအလုပ် ကျေနသေချာပါသည်။

ရဟန်းကိစ္စနှစ်ခုတွင် တစ်ခုခုမှအားမထုတ်သောရဟန်းသည် ရဟန်းဖြစ်ရကျိုးမနပ်၊ ရဟန်းကိစ္စ ရဟန်းအလုပ် မကျေပွန်၊သာသနာ ကို စောင့်ရှောက်ရာမရောက်၊

သာသနာကို ဖျက်ဆီးရာရောက်ပြီးလျှင် လူဒါယကာတို့၏ ကုသိုလ်အစီးအပွားကိုလည်း ဖျက်ဆီးရာရောက် ပေသည်။

**ရဟန်းတို့ထိတ်လန့်ကြောက်မက်ဖွယ်ရာများ**

ရဟန်းတို့ကျင့်ဝတ်သိက္ခာနှင့်ပတ်သက်၍ ရဟန်းများ၏ ဘဝနှင့် အကျင့်သည် မည်မျှလေးနက်စွာ ခံယူကျင့်ရသည်ကို ဘုရားရှင်က ရဟန်းများကို အာဒိတ္တပရိယာယသုတ်ဖြင့် လမ်းညွှန်ဟောဖော်ပြ သည်ကိုလည်း အောက်ပါအတိုင်းတွေ့ရပါသည်-

(၁) ရဟန်းတို့၊ ရဲရဲညီးသော ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွ ခြစ်ခြစ်တောက်ပူလောင်သော သံချောင်းဖြင့် မျက်စိကိုထိုးဖောက်ခြင်းက မြတ်သေး၏။ စက္ခုဝိညာဏ်ဖြင့် သိရကုန်သော အဆင်းတို့၌ လက်၊ ခြေစသော ကိုယ်အင်္ဂါအစိတ်အပိုင်းအားဖြင့် ယောကျ်ားပဲ မိန်းမပဲစသော အာရုံကိုယူခြင်းသည် မမြတ်သည်သာလျှင်တည်း။

ရဟန်းတို့ တည်ဆဲကမ္မဝိညာဉ်သည် ယောကျ်ားပဲ မိန်းမပဲ စသောအာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း၊ လက်၊ ခြေ

စသော အင်္ဂါအစိတ်အပိုင်းကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်းကောင်း တည်ရာ၏။

ထိုအခါဝယ် အကယ်၍သေခဲ့မူ ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်မျိုးသို့ဖြစ်စေ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသောလားရာဂတိသို့ ရောက်ရာသော အကြောင်းရှိ၏။ ရဟန်းတို့ ဤအဖြစ်ကိုမြင်၍ ဤသို့ ငါဘုရားဟော၏။

(၂) ရဟန်းတို့၊ ရဲရဲညီးသော ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွသော ချွန်ထက်သောသံချွန်ဖြင့် နားကို ထိုးဖောက်ခြင်းက မြတ်သေး၏။

သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော အသံတို့၌ ရယ်သံ၊ ငိုသံစသော အသံအစိတ်အပိုင်းအားဖြင့် ယောကျ်ားသံ၊ မိန်းမသံ စသောအာရုံကိုယူခြင်းသည် မမြတ်သည်သာလျှင်တည်း။

ရဟန်းတို့ တည်ဆဲကမ္မဝိညာဉ်သည် ယောကျ်ားသံ၊ မိန်းမသံ စသောအာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော် လည်းကောင်း၊ ရယ်သံ၊ ငိုသံစသော အသံအစိတ်အပိုင်းကို သာယာသော အားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍ သော်လည်းကောင်း

တည်ရာ၏။

ထိုအခါဝယ် အကယ်၍ သေခဲ့မူ ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်မျိုးသို့ဖြစ်စေ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိ သို့ဖြစ်စေ ရောက်ရသော အကြောင်းသည်ရှိ၏။

(၃) ရဲရဲညီးသော၊ ပြောင်ပြောင်တောက်ပသော၊ အလျှံနှင့်တကွသော၊ ထက်လှစွာသော လက်သည်းလှီးဓါးဖြင့် နှာခေါင်းကိုထိုးဖောက် လှီးချခြင်းက မြတ်သေး၏။

ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သောအနံ့တို့၌ မွှေးသောအနံ့ နံသောအနံ့စသော အနံ့အစိတ်အပိုင်းအားဖြင့် ယောကျာ်းနံ့၊ မိန်းမနံ့စသော အာရုံကို ယူခြင်းသည် မမြတ်သာလျှင်တည်း။

ရဟန်းတို့ တည်ဆဲကမ္မဝိညာဉ်သည် ယောကျာ်းနံ့၊ မိန်းမနံ့ စသောအာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော် လည်းကောင်း၊ မွှေးသောအနံ့၊ နံသောအနံ့စသော အနံ့အစိတ်အပိုင်းကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော် လည်းကောင်း တည်ရာ၏။

ထိုအခါဝယ် အကယ်၍သေခဲ့မူ ငရဲဖြစ်စေ၊

တိရစ္ဆာန်မျိုးသို့ ဖြစ်စေ၊လားရာဂတိနှစ်ဘဝလုံးတို့တွင် တစ်မျိုးမျိုးသောလားရာဂတိသို့ ရောက်ရာသော အကြောင်းရှိ၏။

(၄) ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ အလျှံနှင့် တကွသော၊ ထက်လှစွာသော သင်မုန်းဓါးဖြင့် လျှာကို အရင်းမှလှီးဖြတ်ခြင်းက မြတ်သေး၏။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာတို့၌ ချိုချဉ် စသော အရသာ အစိတ်အပိုင်းအားဖြင့် ယောကျ်ား အရသာ၊ မိန်းမ အရသာ စသောအာရုံကိုယူခြင်းသည် မမြတ် သည်သာလျှင်တည်း။

ရဟန်းတို့ တည်ဆဲကမ္မဝိညာဉ်သည် ယောကျ်ား အရသာ မိန်းမအရသာ စသောအာရုံကို သာယာ သောအားဖြင့် ဖွဲ့ယှက်သည် ဖြစ်၍သော်လည်း ကောင်း၊ ချိုချဉ်အရသာ စသောအစိတ်အပိုင်းကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်း ကောင်း တည်ရာ၏။

ထိုအခါဝယ် အကယ်၍သေခဲ့မူ ငရဲသို့ ဖြစ်စေ၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေ၊ လားရာဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသောလားရာဂတိသို့ ရောက်ရာသော အကြောင်း ရှိသည်။

(၅) ရဟန်းတို့ ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွသော ထက်လှစွာသော လှံဖြင့်ကိုယ်ကို ထိုးဆွခြင်းက မြတ်သေး၏။

ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အတွေ့ အထိတို့၌ နူးညံ့ သောအတွေ့၊ ကြမ်းတမ်းသောအတွေ့ အစိတ်အပိုင်းအားဖြင့် ယောကျ်ားအတွေ့အထိ၊ မိန်းမ အတွေ့အထိ စသောအာရုံကိုယူခြင်းသည် မမြတ် သည်သာလျှင်တည်း။

ရဟန်းတို့တည်ဆဲကမ္မဝိညာဉ်သည် ယောကျ်ား အတွေ့အထိ၊ မိန်းမအတွေ့အထိစသော အာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက်သည်ဖြစ်၍သော်လည်း ကောင်း၊ 'နူးညံ့သောအတွေ့အထိ၊ ကြမ်းတမ်းသော အတွေ့အထိ စသောအာရုံကို သာယာသောအားဖြင့် ဖွဲ့ယှက် သည်ဖြစ်၍သော်လည်းကောင်း တည်ရာ၏။

ထိုအခါဝယ် အကယ်၍သေခဲ့မူ ငရဲ၊ တိရစ္ဆာန် လားရာဂတိ နှစ်မျိုးတို့တွင် တစ်မျိုးမျိုး၌ဖြစ်ရာ၏။

(၆) ရဟန်းတို့ အိပ်ပျော်နေခြင်းက မြတ်သေး၏။အမှန် အားဖြင့် ဆိုသော်ကား-

အိပ်ပျော်နေခြင်းကို အသက်ရှင်နေသူတို့ အတွက် မြုံခြင်းဟူ၍ ငါဟော၏။

* အသက်ရှင်နေသူတို့အတွက် အကျိုးမရှိဟူ၍ ငါဟော၏။

* အသက်ရှင်နေသူတို့အတွက် တွေဝေခြင်းဟူ၍ ငါဟော၏။

* အကြင်သို့သဘောရှိသော အကြံအစည်တို့၏ အလိုသို့ လိုက်ပါလျက် သံယာကိုသင်းခွဲရာ၏။ ထိုသို့သဘောရှိသော အကြံသည် မသင့်တော်ရာ၊ ရဟန်းတို့ ငါဘုရားသည် အသက်ရှင်နေသူတို့အတွက် မြံခြင်းကိုလည်းကောင်း၊ အပြစ်ကို လည်းကောင်း မြင်၍ဤသို့ဟောပါ၏။

(၇) ရဟန်းတို့ ထိုတရားတို့၌ အကြားအမြင်ရှိသော အရိယာတပည့်သည် ဤသို့ ဆင်ခြင်ပါ၏။

* လောကပူသော၊ ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွသော၊ ထက်လှစွာသော သံချောင်းဖြင့် မျက်စိတို့ကို ထိုးဖောက်ခြင်းကိုထားဘိဦး၊

  - မျက်စိသည်မမြဲ
  - အဆင်းတို့သည်မမြဲ
  - စက္ခုဝိညာဏ်သည်မမြဲ

စက္ခုသမ္ဖဿသည်မမြဲ

- ✱ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသည်လည်းမမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

(၈) ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွသော၊ ထက်လှစွာသော၊ သံချွန်ဖြင့်နားကို ထိုးဖောက်ခြင်းကို ထားဘိဦး-

- နားသည်မမြဲ
- အသံတို့သည် မမြဲကုန်
- သောတဝိညာဏ်သည် မမြဲ
- သောတသမ္ဖဿသည်မမြဲ

- ✱ သောတသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသည်လည်းမမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

(၉) ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွသော၊ ထက်လှစွာသော၊ လက်သည်းလှီးဓားဖြင့် နှာခေါင်းကို ထိုးဖောက်လှီးချခြင်းကို ထားဘိဦး-

- နှာခေါင်းသည် မမြဲ
- အနံ့တို့သည် မမြဲကုန်
- ဃာနဝိညာဏ်သည်မမြဲ
- ဃာနသမ္ဖဿသည် မမြဲ

* ဃာနသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည်လည်း မမြဲ။ဤ အကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

(၁၀) ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ အလျှံနှင့်တကွသော၊ ထက်လှစွာသော၊ သင်မှုန်းဓားဖြင့် လျှာအရင်းကို လှီးဖြတ်ခြင်းကို ထားဘိဦး-

- လျှာသည် မမြဲ
- အရသာတို့သည် မမြဲကုန်
- ဇိဝှာဝိညာဏ်သည် မမြဲကုန်
- ဇိဝှာသမ္ဖဿသည် မမြဲ

*- ဇိဝှာသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည်လည်း မမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

(၁၁) ရဲရဲညီးသော၊ ပြောင်ပြောင်တောက်သော၊ အလျှံနှင့် တကွသော၊ ထက်လှစွာသော လုံဖြင့်ကိုယ်ကို ထိုးဆွခြင်းကို ထားဘိဦး-

- ကိုယ်သည် မမြဲ
- အတွေ့အထိတို့သည် မမြဲ
- ကာယဝိညာဏ်သည် မမြဲ
- ကာယသမ္ဖဿသည် မမြဲ

* ကာယသမ္ဖဿဟူသော အကြောင်းကြောင်း ဖြစ်ပေါ်လာသော ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသည်လည်းမမြဲဟု ဤအကြောင်းကိုသာ ယခုအခါ ငါနှလုံးသွင်းနေတော့အံ့။

(၁၂) အိပ်ပျော်ခြင်းကို ထားဘိဦး

- စိတ်သည်မမြဲ
- သဘောတရားတို့သည် မမြဲကုန်
- မနောဝိညာဏ်သည် မမြဲ
- မနောသမ္ဖဿသည် မမြဲ

* မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာ

ဝေဒနာသည်လည်း မမြဲဟု ဤ အကြောင်းကို သာ ယခုအခါ ငါနှုလုံးသွင်းနေတော့အံ့ ဟုဆင်ခြင်၏။

ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိလည်းငြီးငွေ့၏၊ အဆင်းတို့၌ ငြီးငွေ့၏။စက္ခုဝိညာဏ်၌လည်း ငြီးငွေ့၏။ စက္ခုသမ္ဖဿ၌ လည်း ငြီးငွေ့၏။ သိမှုဟူသော အကြောင်းကြောင့် ဖြစ်ပေါ် လာသည့်ခံစားမှု သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာ၌လည်း ငြီးငွေ့ ၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှလွတ်မြောက်၏။

ကိလေသာမှလွတ်မြောက်သော် ကိလေသာမှ လွတ် မြောက်ပြီဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေနေမှုကုန်ပြီး အကျင့်မြတ်ကို သုံးပြီးလျှင် ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ မဂ်ကိစ္စ အလို့ငှာ တစ်ပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏။

**မီးလျှံဥပမာရဟန်းဘဝကြောက်စရာ**

တစ်ဖန် မြတ်စွာဘုရားသည် ရဟန်းတို့၏ အကျင့် သီလနှင့် ပတ်သက်၍ ကြောက်ရွံ့ထိပ်လန့်စရာကောင်းပုံကို အဂ္ဂိခန္ဓောပမာသုတ်၌ အောက်ပါအတိုင်းဟောခဲ့ပါသည်။

မြတ်စွာဘုရားသည် သီလမရှိသော ရဟန်းများလည်း

ပါရှိ သော ရဟန်းပရိသတ်များနှင့်အတူ ကောသလတိုင်းသို့ ဒေသစာရီ လှည့်လည်တော်မူစဉ် အလျှံတပြောင်ပြောင် တောက်လောင်၍နေသော သစ်ပင်ခေါင်းကြီးကို မြင်တော်မူ၍ လမ်းခရီးမှ လှည့်တော်မူကာ တစ်ခုသောသစ်ပင် အောက်၌ ထိုင်တော်မူသည်။ ထို့နောက် ရဟန်းများကို မီးပုံကို ညွှန်ပြ၍မိန့်ကြားတော်မူသည်။

"ရဟန်းများတို့ ထိုမီးပုံကြီးကို မြင်ကြရဲ့လား၊ အဲဒီ မီးပုံကြီးကို ပွေ့ဖက်၍ မီးပုံကြီးအနီးအပါး၌ ထိုင်မှု၊ အိပ်မှု ကိုပြုခြင်း၊ လက် ခြေအင်္ဂါ လွန်စွာနူးညံ့သော သတို့သမီးကို ပွေ့ဖက်၍ သတို့သမီးအနီးအပါး၌ ထိုင်မှုအိပ်မှုကို ပြုခြင်း၊ ဤနှစ်မျိုးဝယ် အဘယ်ပြုခြင်းက ကောင်းမြတ်သနည်း"

" မြတ်စွာဘုရား၊ လက်ခြေအင်္ဂါလွန်စွာနူးညံ့သော သတို့သမီး ကိုပွေ့ဖက်၍ အနီးအပါး၌ ထိုင်ခြင်းအိပ်ခြင်းက ကောင်းမြတ်ပါသည် ဘုရား"

"ရဟန်းများတို့၊ ဒုသီလဖြစ်နေသော ရဟန်းအတွက် မီးပုံကြီး ကို ပွေ့ဖက်၍ ထိုင်ခြင်းအိပ်ခြင်းက ကောင်းသေး၏။ အကြောင်းမှာ ထိုသို့နေထိုင်မှုကြောင့် ဒုသီလရဟန်းအဖို့ မှာ သေရုံသာ (သို့မဟုတ်) သေလုမလောက် ဒုက္ခရောက်ရုံ သာရှိ၏။ အပါယ်ငရဲသို့ မရောက်နိုင် သေးပါ။ လက်ခြေ အင်္ဂါ နုနယ်စွာသောသတို့သမီးကို ပွေ့ဖက်၍ ထိုင်မှု အိပ်မှု

ကြောင့်ကား အပါယ်ငရဲသို့ ရောက်စရာရှိလေသည်"

"ရဟန်းတို့၊ အားကောင်းသော ယောကျ်ားတစ်ယောက်သည် ခိုင်မြဲစွာကျစ်အပ်သော သားမြီးကြိုးဖြင့် ခြေသလုံးကိုရစ်ပတ်၍ ပွတ်တိုက်အပ်သည်ရှိသော် ထိုသားမြီးကြိုးသည် အရေပါးအရေထူ အသားအကြောအရိုးတို့ကို တစ်ခုပြီးတစ်ခု ဖြတ်လျက် ရိုးတွင်းချဉ်ဆီ ကို ထိခိုက်ရာ၏။ ထိုသို့ ပွတ်တိုက်ခံရခြင်းထက် ဒုသီလရဟန်း၏ လူဝတ်ကြောင်တို့ ရှိခိုးဝတ်ချမှုကို သာယာခြင်းက သာ၍ကြောက်ဖွယ် ကောင်းလေသည်။ အကြောင်းက ထိုသို့ပွတ်တိုက်မှုကြောင့် သေရုံသာ (သို့မဟုတ်)သေလုမလောက် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ မရောက်နိုင်ပါ။ လူဝတ်ကြောင်တို့၏ ရှိခိုးဝပ်ချမှုကို သာယာခြင်းကြောင့်ကား အပါယ်ငရဲသို့ရောက်နိုင်လေသည်"

"ရဟန်းတို့ အားကောင်းသောယောကျ်ား၏ ဆီဖြင့်သွေးကာ လွန်စွာထက်သောလှံဖြင့် ရင်ဘတ်ကို တည့်တည့်ထိုး ခံရခြင်းထက် ဒုသီလဖြစ်ပါလျက် လူကြီးလူကောင်းတို့၏ လက်အုပ်ချီမှုကို သာယာခြင်းသည်ကား သာ၍ကြောက်စရာ ကောင်း၏။ အကြောင်း မှာကား ရင်ဘတ်ကို လှံထိုးခံရခြင်းကြောင့် သေရုံသာ (သို့မဟုတ်) သေလုမလောက် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ မရောက်

နိုင်ပါပေ။ ဒုဿီလအဖြစ်ဖြင့် ရှိခိုးမှုကို သာယာခြင်းကြောင့်ကား အပါယ်ငရဲသို့ရောက်နိုင်လေသည်"

"ရဟန်းတို့၊ အားကောင်းသော ယောကျ်ားတစ်ယောက်က မိမိ၏ကိုယ်ခန္ဓာကို မီးလျှံတောက်နေသော သံပြားဖြင့်ရစ်ပတ်ထား ခြင်းကို ခံရခြင်းထက် ဒုဿီလဖြစ်လျက် လူကြီးလူကောင်းတို့၏ သဒ္ဓါတရားဖြင့် လှူအပ်သော သင်္ကန်းကို (ခန္ဓာကိုယ်မှာဝတ်ရုံ) ရစ်ပတ်ခြင်းသည် သာ၍ကြောက်စရာကောင်းသည်။ အကြောင်းမှာကား ထိုမီးလျှံတောက်သောသံပြားဖြင့် ရစ်ပတ်ခံရခြင်းကြောင့် သေရုံသာ (သို့မဟုတ်) သေလုမလောက် ဒုက္ခရောက်ရုံသာ ရှိ၏။ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ။လူကြီးလူကောင်းတို့၏ သဒ္ဓါတရားဖြင့် လှူအပ်သောသင်္ကန်းကို ဒုဿီလအဖြစ်ဖြင့် သုံးစွဲခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်စရာရှိလေသည်"

"ရဟန်းတို့၊ အားကောင်းသော ယောကျ်ားတစ်ယောက်က အလွန်ပူသောသံချိတ်ဖြင့် ပါးစပ်ကိုဆွဲဖွင့်၍ မီးအလျှံတောက်နေ သောသံလုံးကို ထည့်သွင်းလိုက်သည်ရှိသော် ထိုသံလုံးသည် နှုတ်ခမ်း ကိုလည်းကောင်း၊ ခံတွင်းကိုလည်းကောင်း၊ လည်ချောင်းကိုလည်းကောင်း၊ ရင်ကိုလည်းကောင်း၊ အဆက်ဆက်လောင်ပြီးလျှင် အူသေး၊

အူမတို့ကို ယူဆောင်လျက် အောက်သို့ထွက်လာ၏။ ထိုမျှ လောက် ဒုက္ခပေးသော သံတုံးကို မျိုရခြင်းထက် လူ၀တ် ကြောင်တို့၏ သဒ္ဓါတရားဖြင့် လှူအပ်သောဆွမ်းကို ဒုဿီလ အဖြစ်ဖြင့် စားခြင်းသည် ကြောက်ဖွယ် ကောင်းလှ၏။ အကြောင်းမှာကား ထိုသံတုံးကို မျိုရခြင်းကြောင့် သေရုံသာ (သို့မဟုတ်) သေလုမလောက် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ။ သဒ္ဓါတရားဖြင့် လှူအပ်သော ဆွမ်းကို ဒုဿီလအဖြစ်ဖြင့် စားခြင်း အကြောင်းကား အပါယ်ငရဲသို့ ရောက်စရာ ရှိလေသည်"

"ရဟန်းတို့၊ အားကောင်းသော ယောကျ်ားတစ် ယောက်က ပုခုံးကိုင်၍ အလွန်ပူသော ညောင်စောင်း အင်းပျဉ် (ခုတင်၊ထိုင်ခုံ)၌ ထိုင်စေခြင်း၊ အိပ်စေခြင်းကို ခံရသည်ထက် သဒ္ဓါတရားဖြင့် လှူအပ်သော ညောင်စောင်း၊ အင်းပျဉ် (ခုတင်၊ထိုင်ခုံ)ကို ဒုဿီလအဖြစ်ဖြင့် သုံးစွဲရခြင်း သည် သာ၍ကြောက်ဖွယ်ကောင်းလှ၏။ အကြောင်းမှာ ကား ထိုအလွန်ပူသော ညောင်စောင်း၊ အင်ပျဉ် (ခုတင်၊ ထိုင်ခုံ)၌ ထိုင်ရခြင်းကြောင့် သေရုံသာ (သို့မဟုတ်) သေလု မလောက် ဒုက္ခရောက်ရုံသာရှိ၏။ အပါယ်ငရဲသို့ မရောက် နိုင်ပါပေ။ သဒ္ဓါ၍ လှူအပ်သော (ခုတင်၊ထိုင်ခုံ)ကို ဒုဿီလ အဖြစ်ဖြင့် သုံးစွဲခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်စရာ

ရှိလေသည်”

“ရဟန်းတို့၊ အားကောင်းသော ယောကျ်ားတစ်ယောက်က ဦးခေါင်းဇောက်ထိုးထား၍ ခြေနှစ်ချောင်းကိုင်လျက် အလျှံတောက်နေသော သံရည်အိုးထဲသို့ ပစ်ချရာ၏။ ထိုသို့ အပစ်ချခံရ၍ အမြှုပ်ကလေးတွေဖြစ်စေလျက် ပွက်ပွက်ဆူပြီးလျှင် အထက်သို့ပေါ်လာလိုက် အောက်သို့ မြုပ်သွားလိုက် ဘေးသို့ရောက်သွားလိုက်အားဖြင့် ကျက်နေရခြင်းထက် သဒ္ဓါတရားဖြင့်လှူအပ်သောကျောင်း၌ ဒုသီလအဖြစ်ဖြင့်နေခြင်းသည် သာ၍ကြောက်ဖွယ်ကောင်း၏။ အကြောင်းမှာကား ထိုကဲ့သို့ကျက်၍နေရခြင်းကြောင့် သေရုံသာ (သို့မဟုတ်) သေလု မလောက် ဒုက္ခရောက်ရုံသာ ရှိ၏။ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ။ သဒ္ဓါတရား၌ လှူအပ်သောကျောင်း၌ ဒုသီလအဖြစ်ဖြင့် နေရခြင်းကား အပါယ်ငရဲသို့ရောက်စရာရှိလေသည်”

## တရားအဆုံး၌ဖြစ်ပျက်ပုံ

ဗုဒ္ဓမြတ်စွာသည် သဒ္ဓါ၍လှူအပ်သောပစ္စည်းများကို ဒုသီလအဖြစ်ဖြင့် သုံးစွဲနေရခြင်း၏အပြစ်ကို အဂ္ဂိခန္ဓောပမာသုတ်ဖြင့် ဟောပြတော်မူသောအခါ နဂိုက ပါရာဇိကကျ၍ ဒုသီလဖြစ်နေသော ခြောက်ဆယ်မျှလောက် ရဟန်း

တုများသည် စိတ်နှလုံးပူလောင်လျက် ပါးစပ်မှသွေးတွေ အန်ထွက်လာလေ၏။ နဂိုက မစင်ကြယ်သောသီလဖြင့် အာပတ်အထွေထွေသင့်၍နေသော ခြောက်ဆယ်မျှလောက် ရဟန်းတို့သည် "သာသနာ့ဝန်ကို ဆောင်ဖို့ရန် ခဲယဉ်း ပါတယ်"ဟု ပြောဆိုကာလူထွက်ကြလေ၏။ နဂိုက စင်ကြယ် သောသီလဖြင့် နေလာကြသော ရဟန်းသူတော်မြတ် ခြောက်ဆယ်လောက်ကား ရဟန္တာအဖြစ်သို့ ရောက်ကြ လေသည်။

(သတ္တက၊အင်္ဂုတ္တိုရ်မဟာဝဂ္ဂပါဠိတော်)

မှတ်ချက်။ ဗုဒ္ဓမြတ်စွာသည် သွေးအန်ကြ၊လူထွက်ကြသူ နှစ်မျိုးလုံးပင် လူထွက်ကြပြီးနောက် လူကျင့် ဝတ်ကို စောင့်ရှောက်နေလျှင် အပါယ်ငရဲ မကျနိုင်ဘဲ ကောင်းသောဘဝ ရကြမည်ကို လည်းကောင်း၊ တချို့ကလည်း တရားကျင့်၍ တရားထူးရမည်ကိုလည်းကောင်း၊ မြော်မြင် တော်မူသော ဤအဂ္ဂိခန္ဓောပမသုတ္တန် ဒေသ နာတော်ကို ဟောတော်မူပါသည်။

ဤဒေသနာတော်ကို တစ်ဆင့်တစ်ဆင့်ကြားနာရ၍ သီလကို ပြည့်စုံအောင် မထိန်းနိုင်သော ရဟန်းတချို့သည် ဆယ်စု၊ ရာစု၊ ထောင်စု တိုင်အောင် အစုလိုက်အပြုံလိုက်

လူထွက်ကြလေသည်။

(ဧက အင်္ဂုတ္တရ၊ အစ္ဆရာသံဃာတသုတ် အဋ္ဌကထာ)

## ပေါ့လျော့သောရဟန်းဘဝအပြစ်

ရဟန်းဘဝဟူသည် သိက္ခာကိုဖြည့်ကျင့်မှု၌ ပေါ့ပေါ့လျော့လျော့စိတ်မထားဘဲ တင်းတင်းမာမာ ထက်ထက်သန်သန် စိတ်ဓာတ် ထားနိုင်သူတို့၏ နေရာဘဝဖြစ်ပါသည်။ ထိုသို့စိတ်မထားနိုင်ဘဲ သီလသိက္ခာ ပေါက်ပေါက် ကြားကြားနှင့် စိတ်အားလျော့၍ ပေါ့တော့တော့ ဖြစ်နေလျှင် ထိုရဟန်းဘဝသည် မိမိကိုပြန်၍နှိပ်စက်ကာ အပါယ်ငရဲ သို့ဆွဲချလိမ့်မည်သာ ဖြစ်ပါသည်။

**ဥပမာ။**　အကိုင်မတတ်သူသည် သမန်းမြက်ကို ကိုင်လျှင် ထိုသမန်းမြက်က ကိုင်သောလက်ကို ရှသကဲ့သို့ ဖြစ်လေသည်။

(မေ္မပဒ၊ နိရယဝဂ်(၃၁၁)ပါဠိတော်)

## ထပ်၍မြူမှုန်တင်သောရဟန်းဘဝအပြစ်

ရဟန်းဘဝ၌ ပေါ့ပေါ့ဆဆနေထိုင်ကာ သီလသိက္ခာကို ကောင်းစွာမဖြည့်နိုင်သူ စိတ်ကိုငြိမ်သက်အောင် မထားနိုင်သူမှာ ပင်ကိုကရှိနေသော ရာဂ၊ ဒေါသ၊ မောဟတွေ

မစင်ကြယ်သည့်အပြင် ကာမရာဂမြူမှုန်တွေသည် လူ့ဘဝ တုန်းကထက်ပင်ထကြွ၍ စိတ်အစဉ်မှာ ထကြွပြင်းထန် တတ်လေသည်။

ဥပမာ။ အညစ်အကြေးကိုဆေးရန် ရေကန်သို့ ဆင်းသူ သည် ရွံ့ညွန်ရေကိုသာဆေးရသဖြင့် သာ၍ ညစ်ပေသကဲ့သို့တည်း။

(ဓမ္မပဒ၊နိရယဝဂ်(၃၀၃)ပါဠိတော်)

အထက်တင်ပြသော သုတ္တန်ဒေသနာတော်ကို ထောက်ထား၍ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ပင်လျှင် ပါရာဇိကကျပြီးသော ရဟန်းအတု အပါး(၆၀) ပါရှိ နေကြောင်းကို အံ့အားသင့်ဖွယ်ရာ တွေ့ရပါသည်။ ထို့ ကြောင့် ရဟန်းသံဃာတွေ အရေအတွက်များခြင်းထက် အရည်အချင်းပြည့်စုံခြင်းကိုသာ ဗုဒ္ဓမြတ်စွာ လိုလားတော် မူကြောင်း တွေ့ရပါသည်။ ဝိနည်းတော်သည် ဗုဒ္ဓသာသနာ တော်၏ အသက်သဖွယ်ဖြစ်ပါသည်။

(ဓမ္မပဒ၊နိရယဝဂ်(၃၁၁)ပါဠိတော်)

**ရဟန်းလေးမျိုး**

တစ်ချိန်တွင်စုန္ဒခေါ် ရွှေပန်းတိမ်သည် သူဌေး၏ သားသည် ဘုရားရှင်ထံချဉ်းကပ်၍-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤလောကီဝယ် သာမညော(ရဟန်း)ဟူသည် ဘယ်နှစ်မျိုးရှိပါသနည်း"ဟု မေးလျှောက် ခဲ့သည်။

ထိုအခါ ဘုရားရှင်က ရဟန်းလေးမျိုးရှိကြောင်း အောက်ပါ အတိုင်းရှင်းလင်းဟောကြားခဲ့ပါသည်။

(၁) အကြင်ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာသံသယအမျိုးမျိုး ကျော်လွှားလွန်မြောက်ပြီးဖြစ်၏။ ရာဂ၊ ဒေါသ၊ မောဟ ခြောင့်တံတင်းကိုလည်း ပယ်နုတ်ပြီးဖြစ်၏။ လာဘသက္ကာရဂုဏ်ပကာသန၊ ဒါယကာ ဒါယိကာမတို့၌ တပ်မက်စွဲလမ်းခြင်းမရှိ။ လူနတ်ဗြဟ္မာသတ္တဝါတို့ အပေါင်းကို နိဗ္ဗာန်လမ်းကြောင်းပေါ်တင်၍ ပို့ဆောင်တတ်၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ထမ်းဆောင် မဂ္ဂဇိန ရဟန်းမည်၏။

(၂) အကြင်ပုဂ္ဂိုလ်သည် နိဗ္ဗာန်တရားကိုသိမြင်၏။ နိဗ္ဗာန်ရောက် ကြောင်းတရားဟောကြား၏။ ဝိစိကိစ္ဆာသံသယအမျိုးမျိုးကို ဖယ်ရှားပြီး ဖြစ်၏။ ကိလေသာမြူအညစ်အကြေး ကင်း၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ခရီးညွှန်း မဂ္ဂဒေသီရဟန်းမည်၏။

(၃) အကြင်ပုဂ္ဂိုလ်သည် နိဗ္ဗာန်လမ်းကြောင်း တရားကို သိမြင်၏။ ကိုယ်၊ စိတ်၊ နှလုံးစောင့်ထိန်းချုပ်တည်း၏။

သတိပဋ္ဌာန်တရားနှင့် ပြည့်စုံ၏။ အပြစ်ကင်းသော အရာဝတ္ထုတို့ကို မှီဝဲကျင့်သုံး၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်တရားနှင့်အသက်မွေးသူ မဂ္ဂဇီဝိရဟန်းမည်၏။

(၄) အကြင်ပုဂ္ဂိုလ်သည်ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး ချုပ်တည်းအောင် ထိန်းသူတို့ကို လွှမ်းမိုးနှိပ်စက်၏။ ဒါယကာ၊ ဒါယိကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးပစ်တတ်၏။ မာန်မာန ကြီးမားထောင်လွှား၏။ အမျိုးမျိုးလှည့်ပတ် လိမ်ညာဝါး မာယာများ၏။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး ချုပ်တည်းဆောင်ရွက်ခြင်းမရှိ။ အကျိုးမရှိ အချည်းနှီးအကုသိုလ်စကား ပြောကြားတတ်၏။ ရေလိုက်ငါးလိုက် အလိုက်သင့် ကျင့်ကြံပြုလုပ်တတ်၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်စခန်းခရီးကို ဖျက်ဆီးတတ်သူ မဂ္ဂဒူသိရဟန်းမည်၏။

(စုန္ဒသုတ်သုတ္တန်)

# အခန်း(၂)

## ရဟန်းပြုသူတို့၏ ကောင်းကျိုးချမ်းသာ

### မျက်မြင်ကိုယ်တွေ့ရဟန်းပြုကျိုးများ

သံဃာရတနာတည်းဟူသော ရဟန်းဖြစ်ပေါ်လာမှုတွင် ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးတရားနှင့် ပတ်သက်၍ ဘုရားရှင်က အဇာတသတ်မင်းက လျှောက်ထားသည်ကို သာမညဖလသုတ်တွင် အောက်ပါအတိုင်း မျက်မြင် ကိုယ်တွေ့ ရဟန်းပြုကျိုး၊ တမလွန်ဘဝ အတွက်အကျိုးနောက်ဆုံးဘဝအကျိုးများကို ဟောဖော်ညွှန်ပြခဲ့ ပါသည်။

**မင်း။** အရှင်ဘုရား၊ ယခုလည်း ထိုပြဿနာကိုပင် အရှင်ဘုရားအား မေးလျှောက်ပါသည်။ အရှင်ဘုရားသည် ဆင်စီးသူရဲစသော သူတို့ကဲ့သို့ မျက်မြင်လက်တွေ့ဖြစ်သော ရဟန်းပြုခြင်း၏ အကျိုးကို ဟောကြားပညတ်တော်မူနိုင်ပါမည်လော။

**ဘုရား။** မြတ်သောမင်းကြီး ဟောကြားပညတ်နိုင်ပေသည်။ ထိုသို့ ဟောကြားပညတ်ရမည်ဆိုလျှင် ဤကိစ္စ၌ သင်မင်းကြီးကိုပင် ပြန်၍မေးရလိမ့်ဦးမည်။ နှစ်သက်သဘောကျသလိုသာ ဖြေဆိုပါလော့။

မြတ်သောမင်းကြီး ယခုမေးမည့်စကားကို အဘယ်သို့ ထင်မြင်ပါသနည်း။ ဤရာဇဂြိုလ်ပြည်၌ အသင်မင်းကြီးအား အမှုထမ်းကျွန် တစ်ယောက်ရှိခဲ့ရာ၏။ ထိုကျွန်သည် ရှေးဦးစွာထခြင်း၊ နောက်မှ ထိုင်ခြင်း၊ အိပ်ခြင်း၊ အဘယ်သို့ ပြုဟူသောအမိန့်ကို နာခံခြင်း၊ အရှင် အကြိုက်ကိုသာလိုက်၍ ပြုလုပ်ခြင်း၊ ချစ်ခင်ဖွယ်ရာစကားချိုသာခြင်း၊ အရှင်မျက်နှာကို ကြည့်ရှုထောက်ထားခြင်းတို့နှင့် ပြည့်စုံခဲ့ရာ၏။

ထိုကျွန်သည် တစ်နေ့သောအခါ ဤသို့အကြံဖြစ်ရာ၏။ "အချင်းတို့ ကောင်းမှုကုသိုလ်တို့၏ ဖြစ်ပုံအလားနှင့် အကျိုးပေးပုံများသည် အံ့ဖွယ်ရှိလှပေသည်။ထူးဆန်းလှ

ပါပေသည်။ ဤဝေဒေဟီ မိဖုရား၏သား၊ မာဂဓပြည်ရှင် ဘုရင်အဇာတသတ်သည်လည်း လူပင် ဖြစ်ခဲ့၏။

သို့ရာတွင် ဤအဇာတသတ်မင်းသည် ကာမဂုဏ် ငါးပါးတို့၌ ပြည့်စုံသဖြင့် နတ်ကဲ့သို့စည်းစိမ်ခံစားရပေသည်။ ကျွန်ုပ်မူကား ဤအဇာတသတ်၏ ကျွန်အမှုထမ်းဖြစ်၍ နေရပေသည်။ ငါသည် ကောင်းမှုကုသိုလ်များကို ပြုလုပ်လျှင် ဤအဇာတသတ်မင်းကဲ့သို့ ဖြစ်ရာသည်။ ငါသည် ဆံ၊ မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ရဟန်းပြုမှ ဖြစ်မည်"

ထိုကျွန်သည် ဤသို့အကြံဖြစ်ပြီးနောက် ဆံ၊ မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ရဟန်းပြုပြီးလျှင် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ဖြင့် စောင့်ထိန်းနေရာ၏။

စားရုံ၊ ဝတ်ရုံမျှသာဖြစ်သော အပိုအလျှံမရှိသော ပစ္စည်းဖြင့် ရောင့်ရဲတင်းတိမ်ရာ၏။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခဲ့ရာ၏။

မြတ်သောမင်းကြီးထိုကျွန်ရဟန်းပြုသွားကြောင်းကို အမှုထမ်းယောကျ်ားတို့ လျှောက်ထား၍ သင်မင်းကြီး သိရလျှင် ထိုကျွန်ကို ရှေးနည်းတူ ကျွန်ဖြစ်ရမည်ဟု ဆိုမည်လော။

မင်း။ အရှင်ဘုရား၊ ဤသို့ဆိုမည် မဟုတ်ပါ။ အကျွန်ုပ်

ကိုယ်တိုင်ပင် ထိုရဟန်းကိုရှိခိုးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ နေရာထိုင်ခင်း ဖိတ်ကြားခြင်း၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်း လေးပါးတို့ဖြင့် ဖိတ်ကြားခြင်းကို ပြုကြရမည်။ တရားသဖြင့် စောင့်ရှောက်ခြင်း၊ ဘေးရန်ကိုတားမြစ်ပေးခြင်း၊ လုံခြုံအောင်စီမံခြင်း များကိုလည်း ပြုလုပ်ကြရပါသည်။

ဘုရား။ မြတ်သောမင်းကြီး၊ ဤဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးသည် ရှိသည်ဟု ဆိုရမည်လော- မရှိဟု ဆိုရမည်လော။

မင်း။ အရှင်ဘုရား၊ ဤသို့ဖြစ်လျှင် အမှန်ပင်ရှိသည်ဟု ဆိုရပါမည်။

ဘုရား။ မြတ်သောမင်းကြီး၊ ဤအချက်ကို ပထမမျက်မြင်လက်တွေ့ ရဟန်းပြုကျိုးဟု ဟောကြားပညတ်တော်မူသည်။

မင်း။ အရှင်ဘုရား အခြားအပြင် ပညတ်တော်မူနိုင်ဦးမည်လော။

ဘုရား။ မြတ်သောမင်းကြီး၊ ဟောကြားပညတ်တော်မူနိုင်ပါ၏။ ဤကိစ္စ၌ သင်မင်းကြီးကိုပင် တစ်ဖန်မေးရဦးမည်၊ သင်နှစ်သက် သလိုသာဖြေပါ။

ဘုရား။ မြတ်သောမင်းကြီး၊ ယခုမေးမည့်စကားကို

အဘယ်သို့ထင်မြင် ပါသနည်း။ ဤရာဇဂြိုဟ်ပြည်၌ အသင်မင်းကြီး၏ အခွန်ထမ်း လယ်သမားသူကြွယ် တစ်ယောက်သည် ရှေးနည်းအတူ အကြံဖြစ်ပေါ်၍ ရဟန်းပြုခဲ့ရာ၏။ သင်မင်းကြီးသည် ထိုအကြောင်းကိုသိရလျှင် ဘဏ္ဍာတော် အခွန်ထမ်းသမားသူကြွယ်သည် လယ်သမားပင်ဖြစ်ရမည်ဟု ဆိုမည်လော။

မင်း။ အရှင်ဘုရား၊ ဤသို့ဆိုမည်မဟုတ်ပါ။ ရှေးနည်းအတိုင်း အရိုအသေပြုခြင်း၊ ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားခြင်း၊ လုံခြုံမှုကို စီမံစောင့်ရှောက်ခြင်းများကို ပြုရပါမည်။

ဘုရား။ မြတ်သောမင်းကြီး၊ ဤသို့ဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးသည် ရှိသည်ဟု ဆိုရမည်လော-မရှိဟု ဆိုရမည်လော။

မင်း။ အရှင်ဘုရား၊ ဤသို့ဖြစ်လျှင် အမှန်ပင်ရှိသည်ဟု ဆိုရပါမည်။

ဘုရား။ မြတ်သောမင်းကြီး ဤအချက်ကို ဒုတိယမျက်မြင်လက်တွေ့ ရဟန်းပြုကျိုးဟု ဟောကြားပညတ်တော်မူသည်။

**သာလွန်သောရဟန်းပြုကျိုး**

မင်း။ အရှင်ဘုရား၊ ဤမျက်မြင်လက်တွေ့ ရဟန်းပြုကျိုးများထက် သာလွန်၍နှစ်သက်အပ် မွန်မြတ်သောမျက်မြင်လက်တွေ့ပြုကျိုးကို ဟောကြား ပညတ်တော်မူနိုင်ပါမည်လော။

ဘုရား။ မြတ်သောမင်းကြီး၊ ဟောကြားပညတ်နိုင်ပါသည်။ ထို သာလွန် မွန်မြတ်သော ရဟန်းပြုကျိုးများကို နာယူလိုလျှင် နားထောင်လော့ကောင်းစွာ နှလုံးသွင်းလော့ ဟောကြား တော်မူပါမည်။

မင်း။ အရှင်ဘုရား၊ ကောင်းပါပြီ။

ဘုရား။ မြတ်သောမင်းကြီး ဤလောက၌-

ကိလေသာပယ်သတ်ပြီး ရဟန္တာဖြစ်သူ၊ တရားအလုံးစုံကို မှန်ကန်စွာကိုယ်တိုင်သိမြင်သူ၊ ကျင့်တရား၊ အသိတရားအားလုံးနှင့်ပြည့်စုံသူ၊ ဘုရားတို့ခမ္မတာ ကောင်းစွာဖြစ်ပေါ်လာသူ၊ လောကကို အစုံအလင် အတိအကျသိသူ၊ ဆုံးမထိုက်သူတို့ကို ဆုံးမရာ၌ အတုမဲ့ ဆုံးမနိုင်သူ၊ နတ်လူပြဟ္မာတို့၏ဆရာဖြစ်သူ၊ တရားအမှန်လေးပါးကိုသိသူ (သို့မဟုတ်) သိစေသူ၊ မိမိစိတ်ကို အစိုးရခြင်းဟူသော ဘုန်းခြောက်ပါးနှင့် ပြည့်စုံသူဖြစ်သော မြတ်စွာဘုရားသည် ထင်ရှား ပွင့်တော်မူလာသည်။

ထိုမြတ်စွာဘုရားသည် နတ်ပြည်ငါးထပ်၊ မာရ်နတ်နေရာ ပရနိမ္မိတဝသဝတ္တီနတ်ပြည်၊ ဗြဟ္မာ့ပြည်နှင့်တကွသော လောကအားလုံးနှင့် ရဟန်း၊ ပုဏ္ဏား၊ နတ်၊ လူ၊ ဗြဟ္မာနှင့်တကွသော သတ္တဝါအပေါင်းတို့ကို ကိုယ်တိုင်သိပြီး မျက်မှောက်ပြုပြီးမှ သတ္တဝါတို့ကို ဟောကြားတော်မူ၏။

ထိုမြတ်စွာဘုရားသည် အစ, အလယ်, အဆုံး ကောင်းခြင်းနှင့်ပြည့်စုံသော ကျင့်ဝတ်ပဋိပတ်အရာ ကောင်းစွာပြည့်စုံလုံလောက်သော စင်ကြယ်သော အကျင့်မြတ်ကို ပြသတော်မူ၏။

တစ်စုံတစ်ယောက်သောသူသည် ထိုတရားကိုကြားနာရသဖြင့် မြတ်စွာဘုရား၌ ယုံကြည်မှုသဒ္ဓါတရားကို ရရှိပြီးလျှင် အိမ်ယာတည်ထောင် လူ့ဘောင်၌နေခြင်းသည် ကျဉ်းမြောင်းကြပ်တည်း၏။ ကိလေသာမြူထရာ အရပ်ဖြစ်၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏။ အိမ်၌နေသောသူသည် ဤအကျင့်မြတ်ကို စင်စစ် ပြည့်စုံအောင်၊ စင်ကြယ်အောင် ပွတ်သစ်စခရုသင်းအတူ ဖြူစင်အောင် ကျင့်ကြံဖို့ မလွယ်ကူပေ။ ငါသည် ဆံ၊ မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ပြီးလျှင် ရဟန်းပြုလုပ်မှ သင့်မည်ဟု အကြံဖြစ်၏။ ထို့နောက် ထိုသူသည် စည်းစိမ်ဥစ္စာ၊ အဆွေအမျိုးတို့ကို စွန့်ပယ်၍ ရဟန်းပြု၏။ ထိုသို့

ရဟန်းဖြစ်လာခဲ့သောသူသည် အလွန်မြတ်သော သီလ (ပါတိမောက္ခသံဝရ)ကို စောင့်ထိန်း၍ နေ၏။ ကျင့်ဝတ် ပဋိပတ်ကျက်စားရာအရပ်တို့နှင့် ပြည့်စုံလျက် အနုမြူမျှ သေးငယ်လှသော အပြစ်တို့၌ပင် ဘေးအန္တရာယ်ဟု ဆင်ခြင် ကြည့်ရှု၍ သိက္ခာပုဒ်တို့ကို ဆောက်တည်ကျင့်သုံး၏။ ကောင်းသော ကာယကံ၊ ဝစီကံတို့နှင့် ပြည့်စုံ၏။ အသက် မွေး စင်ကြယ်၏။ သီလနှင့် ပြည့်စုံ၏။ က္ကန္ဒြေခြောက်ပါးတို့၌ လုံခြုံသောတံခါးရှိ၏။ အစားအစာ၌ အတိုင်းအရှည် ပမာဏကို သိတတ်၏။သိမှတ်ဆင်ခြင်မှု သတိသမ္ပဇဉ်နှင့် ပြည့်စုံ၏။ ရောင့်ရဲလွယ်၏။

မြတ်သောမင်းကြီး၊ အဘယ်သို့ သီလနှင့် ပြည့်စုံ သနည်း။ ဤသာသနာတော်၌ တစ်ပါးပါးသောရဟန်းသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော သီလနှင့် ပြည့်စုံ၏။ ဤသို့သီလနှင့်ပြည့်စုံသော ရဟန်း သီလကိုစောင့် ရှောက်မှုကြောင့် မည်သည့်နည်းနှင့်မျှ အန္တရာယ်ကို မတွေ့မြင် ရပြီး။

ဥပမာအားဖြင့် ရန်သူကို သတ်ဖြတ်နှိမ်နင်းပြီးသော မင်းသည် ထိုရန်သူကြောင့် မည်သည့်နည်းနှင့်မျှ ဘေး အန္တရာယ်ကို မတွေ့မြင်ရသကဲ့သို့ ဖြစ်ပေသည်။

ထိုရဟန်းသည် ဤသို့မြတ်သော သီလဂုဏ်နှင့် ပြည့်စုံသဖြင့် အပြစ်မရှိရခြင်းချမ်းသာကို ခံစားရ၏။

မြတ်သောမင်းကြီး၊ အဘယ်သို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသနည်း။ ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည်-

မျက်စေ့ဖြင့် အဆင်းရူပါရုံကို မြင်သည်ရှိသော် ကိလေသာ ဖြစ်ကြောင်း၊ ယောကျ်ား၊ မိန်းမ အာရုံနိမိတ်ကို မှတ်ယူလေ့မရှိ၊

စက္ခုန္ဒြေကို မစောင့်ရှောက်လျှင် ဖြစ်ပေါ်လွှမ်းမိုးလာတတ်ကြကုန်သော သူတစ်ပါးဥစ္စာကို မတရားရလိုမှု အဘိဇ္ဈာ၊ ပျက်စီးစေလိုမှု ဒေါမနဿဟူသော အကုသိုလ်တရားယုတ်ကို စောင့်စည်းခြင်းငှါ ကျင့်၏။ စက္ခုန္ဒြေကို စောင့်ရှောက်၏။

- နားဖြင့်အသံကိုကြားသည်ရှိသော်
- နှာခေါင်းဖြင့် အနံ့ကိုနံသည်ရှိသော်
- လျှာဖြင့်အစားအစာ အရသာကို စားသောက်သာယာသည်ရှိသော်
- ကိုယ်သိဖြင့် ထိတွေ့နိုင်ကောင်းသော (ဖောဋ္ဌဗ္ဗာရုံ) အာရုံကို ထိတွေ့သည်ရှိသော် စိတ်ဖြင့် သဘောတရားတစ်ခုခုကို သိရသည်ရှိသော် ကိလေသာ

ဖြစ်ကြောင်း အာရုံနိမိတ်ကို မှတ်ယူလေ့မရှိ။ ကိလေသာဖြစ်ကြောင်း အခြင်းအရာကို မှတ်ယူလေ့မရှိ။

မနိန္ဒြေခေါ် စိတ်ခေါင်းဆောင်တရားကို မစောင့်ရှောက်လျှင် ဖြစ်ပေါ်လွှမ်းမိုးလာတတ်ကြကုန်သော သူတစ်ပါးဥစ္စာကို မတရားရလိုမှု အဘိဇ္ဈာ၊ ပျက်စီးစေလိုမှု ဒေါမနဿဟူသော အကုသိုလ်တရားယုတ်တို့ကို ဆောက်တည်ခြင်းငှါကျင့်၏။ စိတ်ခေါင်းဆောင် မနိန္ဒြေ ကိုစောင့်ထိန်း၏။

ထိုရဟန်းသည် ဤဣန္ဒြေတို့၌ စောင့်စည်းခြင်းနှင့် ပြည့်စုံသဖြင့် မိမိသန္တာန်၌ ကိလေသာတို့နှင့် မရောနှောသော ချမ်းသာ(အဗျာသေကသုခ)ကို ခံစားရ၏။

မြတ်သောမင်းကြီး၊ ဤသို့ ဣန္ဒြေတို့၌ လုံသော တံခါးရှိလေသည်။

မြတ်သောမင်းကြီး၊ အဘယ်သို့မှတ်ခြင်း၊ သိခြင်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံသနည်း။ ဤသာသနာတော်၌ ရဟန်းတစ်ပါးပါးသည် ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုပ်ခြင်း၊ သိမှတ်ဆင်ခြင်ခြင်းကို ပြုလေ့ရှိ၏။

* တည့်တည့်ကြည့်ခြင်း၊

* တစောင်းကြည့်ခြင်း၊
* ကွေးခြင်း၊ ဆန့်ခြင်းတို့၌၊
* သပိတ် သင်္ကန်းတို့ကို ဆောင်ခြင်း၌၊
* စားခြင်း၊သောက်ခြင်း၊ခဲခြင်း၊လျက်ခြင်း၌၊
* ကျင်ကြီး၊ ကျင်ငယ်စွန့်ခြင်း၌၊
* တိတ်တိတ်နေခြင်း၌၊
* မှတ်ခြင်း၊ သိခြင်းကို ပြုလေ့ရှိ၏။

မြတ်သောမင်းကြီး၊ ဤသို့ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်။

မြတ်သောမင်းကြီး၊ အဘယ်သို့ ရောင့်ရဲတင်းတိမ်လွယ်သနည်း။ ဤသာသနာတော်၌ ရဟန်းတစ်ပါးပါးသည် ကိုယ်ကိုဆောင်တတ်သော (ကိုယ်လုံရုံမျှ) ဖြစ်သော သင်္ကန်းဖြင့် ရောင့်ရဲ၏။ ဝမ်းကို ဆောင်တတ်သော (ဝမ်းဝရုံမျှသာဖြစ်သော)ဆွမ်းဖြင့် ရောင့်ရဲ၏။ (တင်းတိမ်၏) ထိုရဟန်းသည် မိမိသွားလိုရာခရီးသို့ မိမိပရိက္ခရာကို ယူဆောင်၍သာ သွားနိုင်၏(မနိုင်မရှိ)။ ဥပမာအားဖြင့် အတောင်ရှိ သောငှက်သည် မိမိအတောင်သာလျှင် သယ်ပိုးစရာ ဥစ္စာရှိသည်ဖြစ်၍ သွားလိုရာခရီးသို့ ပျံသွားသကဲ့သို့တည်း။

မြတ်သောမင်းကြီး၊ ဤသို့ ရောင့်ရဲတင်းတိမ်လွယ်သည့် ထိုရဟန်းသည် ဤမြတ်သော သီလဂုဏ်နှင့်လည်း ပြည့်စုံ၏။ ဤမြတ်သောဣန္ဒြေကို စောင့်ရှောက်ခြင်းနှင့်လည်း ပြည့်စုံ၏။ ဤမြတ်သော သတိသမ္ပဇဉ်နှင့်လည်း ပြည့်စုံ၏။ ဤမြတ်သော ရောင့်ရဲတင်းတိမ်ခြင်းနှင့်လည်း ပြည့်စုံ၏။

ထိုရဟန်းသည် တောအရပ်၊ တောင်ခြောက်၊ တောင်ဂူ၊ သုသာန်၊ တောနက်၊ လွင်ပြင်၊ ကောက်ရိုးပုံဟူသော စိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်နေထိုင်ပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းစားကျောင်းမှ ထခဲ့သည်ရှိသော် ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထား၍ ကမ္မဋ္ဌာန်းကို ရှေးရှု သတိကို ဖြစ်စေ၏။ (သို့မဟုတ်) ထွက်သက် ဝင်သက်ထိရာ နှုတ်ခမ်းထက်သတိကို ဖြစ်စေ၍ တင်ပလ္လင်ခွေထိုင်နေသည်။

ထိုရဟန်းသည်-

* လောက၌ သူတစ်ပါးဥစ္စာကို မတရားရလိုမှု အဘိဇ္ဈာကို ပယ်စွန့်၍ အဘိဇ္ဈာကင်းသောစိတ်ဖြင့် နေထိုင်၏။ အဘိဇ္ဈာမှ စိတ်ကို သုတ်သင်၏။.
* သူတစ်ပါးပျက်စီးစေမှု ဗျာပါဒခေါ် ဒေါသကို ပယ်စွန့်၍ ဗျာပါဒမရှိသောစိတ်ဖြင့် အလုံးစုံသော

သတ္တဝါတို့၏ အကျိုးစီးပွားကို သနားစောင့်ရှောက်တတ်သည်ဖြစ်၍ နေထိုင်၏။ ဗျာပါဒခေါ် ဒေါသစိတ်ကို သုတ်သင်၏။

* တွေဝေငိုက်မြည်းခြင်း၊ထိနမိဒ္ဓကို ပယ်စွန့်၍ ထိနမိဒ္ဓကင်း၍ နေထိုင်၏။ အလင်းရောင်ဟူသော အမှတ်သညာရှိသည့် သတိသမ္ပဇဉ် ရှိသည်ဖြစ်၍ နေထိုင်၏။ ထိနမိဒ္ဓမှ စိတ်ကို သုတ်သင်၏။

* ပျံ့လွင့်ခြင်း၊ နောင်တတစ္စဖန် ပူပင်ခြင်းဟူသော (ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) ကိုပယ်စွန့်၍ ပျံ့လွင့်ခြင်းမရှိဘဲ အဇ္ဈတ္တသဏ္ဍာန်၌ ငြိမ်းချမ်းသောစိတ် ရှိသည်ဖြစ်၍ နေထိုင်၏။ ဥဒ္ဓစ္စ၊ကုက္ကုစ္စမှစိတ်ကို သုတ်သင်၏။

* ယုံမှားတွေးတောခြင်း(ဝိစိကိစ္ဆာ)ကို ပယ်စွန့်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော တွေးတောမှု မရှိဘဲ ဝိစိကိစ္ဆာကို လွန်မြောက်၍ နေထိုင်၏။ ဝိစိကိစ္ဆာမှ စိတ်ကိုသုတ်သင်၏။

မြတ်သောမင်းကြီး၊ ဥပမာအားဖြင့် -ယောကျ်ား တစ်ယောက်သည် ကြွေးယူ၍ အလုပ်ကိုလုပ်သည်။ ကို အလုပ်အကိုင် အကြံအစည်တို့သည် ပြီးစီးအောင်မြင်ရာ၏။

ထိုသူအား ကြွေးဟောင်းတို့ကို ပေးဆပ်ပြီးနောက်

သားမယားကို မွေးမြူရန် အပိုအလိုလည်း ကျန်ရှိနေသေးရာ၏။

ထိုသူအား ငါသည်ရှေးအခါ၌ကြွေးဟူ၍ အလုပ်လုပ်ခဲ့ရာ၏။ ထိုအလုပ်အကိုင်တို့လည်း ပြီးစီးအောင်မြင်ကြလေပြီ၊ ကြွေးဟောင်း တို့ကိုလည်း ပေးဆပ်ပြီးပေပြီ၊ ငါ့ သားမယားတို့ကို ကျွေးမွေးရန်အပိုဥစ္စာလည်း ကျန်သေး၏ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထိုကြွေးမြီကျေခြင်းဟူသော အကြောင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏။

မြတ်သောမင်းကြီး၊ ဥပမာတစ်နည်းအားဖြင့် ယောကျ်ားတစ်ယောက်သည် အနာရောဂါရ၍ ဆင်းရဲဒုက္ခ ရောက်၍ နေ၏။ ထိုသူသည် ပြင်းထန်စွာ ဖျားနာသဖြင့် ထမင်းကိုလည်း မစားနိုင်ရာ၊ အားအင်ဗလ အနည်းငယ်မျှလည်း မရှိခဲ့ရာ။

ထိုသူသည်နောင်အခါ၌ ထိုအနာရောဂါမှ လွတ်မြောက်ရာ၏။ ထမင်းကိုလည်း စားနိုင်ရာ၏။ ကိုယ်၌ အားအင်လည်း အနည်းငယ်ရှိလာရာ၏။ ထိုသူအား ငါသည်ရှေးအခါ၌ အနာရောဂါရှိသည်ဖြစ်၍ ဆင်းရဲဒုက္ခ ရောက်ရာ၏။ ပြင်းစွာနာဖျားခဲ့၏။ ထမင်းကိုလည်း မစားနိုင် အားအင်ဗလ အနည်းငယ်မျှ မရှိခဲ့။ ယခုငါသည် ထိုအနာမှ လွတ်ခဲ့ပြီး ထမင်းကိုလည်းစားနိုင်ခဲ့ပြီ၊ ကိုယ်၌အားအင် အနည်းငယ်

လည်း ရှိခဲ့ပြီဟု အကြံဖြစ်သည်။

ထိုသူသည် ထိုအနာရောဂါများ ပျောက်ကင်းခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိရာ၏။ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

မြတ်သောမင်းကြီး၊ ဥပမာတစ်နည်းအားဖြင့် ယောကျ်ားတစ်ယောက်သည် ထောင်ကျပြီး၊ အချုပ်အနှောင်ခံနေရ၏။ ထိုအကျဉ်းသားသည် နောင်အခါ ထိုထောင်မှ ချမ်းချမ်းသာသာ ဘေးမရှိဘဲ လွတ်မြောက်ခဲ့ရာ၏။ ထိုအိမ်ရှိ ပစ္စည်းတို့သည် ပျက်စီးခြင်းမရှိဖြစ်ခဲ့ရာ၏။

ထိုသူအား ငါသည် ရှေးအခါက ထောင်ကျခံခဲ့ရသည်။ ယခုအခါ ထိုထောင်မှ ချမ်းချမ်းသာသာဘေးမရှိ လွတ်မြောက်ခဲ့ရလေသည်။ အိမ်ရှိ ဥစ္စာပစ္စည်းတို့လည်း တစ်စုံတစ်ရာမျှ မပျက်စီးကြချေဟု အကြံဖြစ်ရာ၏။

ထိုသူသည် အနှောင်အဖွဲ့မှ လွတ်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏။ ဝမ်းမြောက်ခြင်းကို ရောက်ခဲ့ရာ၏။

မြတ်သောမင်းကြီး၊ ဥပမာ တစ်နည်းအားဖြင့် ယောကျ်ားတစ်ယောက်သည် မိမိကိုယ်ကိုမိမိမပိုင်သော၊ သူတစ်ပါးကို စိုးမိုးပိုင်နေသော၊ အလိုရှိရာခရီးကို မသွားမလာနိုင်သော ကျေးကျွန်ဖြစ်နေရာ၏။

ထိုသူသည် နောင်သောအခါ ထိုကျေးကျွန်အဖြစ်မှ လွတ်မြောက်ရာ၏။ မိမိကိုယ်ကိုမိမိ အစိုးရသူ၊ သူတစ်ပါးတို့ မအုပ်စိုးဘဲ လွတ်လပ်သူ၊ အလိုရှိရာသွားနိုင်သူ ဖြစ်ခဲ့ရာ၏။

ထိုသူအား ငါသည် ရှေးအခါက မိမိကိုယ်ကိုမိမိ အစိုးရသော သူတစ်ပါးကို စိုးမိုးပိုင်နေသော၊ အလိုရှိရာ မသွားနိုင်သော၊ ကျေးကျွန် ဖြစ်နေ၏။ ယခုမူကား ထိုကျွန် အဖြစ်မှ လွတ်မြောက်ရပေပြီ။ မိမိကိုယ်ကို စိုးပိုင်သော လွပ်လပ်သော အလိုရှိရာသွားနိုင်သောသူ ဖြစ်ရပေပြီဟု အကြံဖြစ်သည်။

ထိုသူသည် ထိုကျွန်အဖြစ်မှ လွတ်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏။ ဝမ်းမြောက်ခြင်းသို့ရောက်ခဲ့ရာ၏။

မြတ်သောမင်းကြီး ဥပမာ-တနည်းအားဖြင့်-

ယောကျ်ားတစ်ယောက်သည် ဥစ္စာရွှေငွေနှင့်တကွ အစာများပါး ဘေးရန်များသော ဝေးလံသောကန္တာရသို့ ခရီး သွားရာ၏။

နောင်အခါ ထိုသူသည် ထိုကန္တာရခရီးကို လွန်မြောက် ရာ၏။ ဘေးကင်းရာရွာအနီးသို့ လွန်မြောက်ရာ၏။ ချမ်းသာ စွာရောက်လာ ရ၏။ ထိုသူအား ငါသည် ရှေးအခါက ဥစ္စာ ရွှေငွေနှင့်တကွ အစာရှားပါး ဘေးရန်များသော ကန္တာရ

ခရီးရှည်ကို သွားခဲ့ရ၏။ ယခုမူ ထိုခရီးမှ လွန်မြောက်ရပေပြီ။ ချမ်းသာစွာ၊ ဘေးကင်းစွာ ရွာအနီးသို့ ရောက်ခဲ့ရပေပြီဟု အကြံဖြစ်ပေါ်ရာ၏။

ထိုသူသည် ထိုသို့ ကန္တာရခရီးရှည်မှ လွန်မြောက်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏။ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

မြတ်သောမင်းကြီး၊ ဤဥပမာများအတူသာလျှင် ထိုရဟန်းသည် မိမိသဏ္ဍာန်၌ မပယ်ရသေးသော နီဝရဏငါးပါးတို့ကို-

* ကြွေးမြီကဲ့သို့လည်းကောင်း၊
* အနာရောဂါကဲ့သို့ လည်းကောင်း၊
* နှောင်အိမ်ကဲ့သို့လည်းကောင်း၊
* ကျွန်ဘဝကဲ့သို့လည်းကောင်း၊
* ကန္တာရခရီးဝေးကဲ့သို့လည်းကောင်း အစဉ်အတိုင်း ကောင်းစွာရှု၏။ ကောင်းစွာ ထင်မြင်၏။

မိမိသဏ္ဍာန်၌ ပယ်ပြီးသော နီဝရဏငါးပါးတို့ကို-

* ကြွေးမြီကျေခြင်းကဲ့သို့လည်းကောင်း၊
* ကျန်းမာလာခြင်းကဲ့သို့ လည်းကောင်း၊

* အနှောင်အဖွဲ့မှလွတ်ခြင်းကဲ့သို့လည်းကောင်း၊
* ကျွန်ဘဝမှတော်လှန်ခြင်းကဲ့သို့လည်းကောင်း၊
* ဘေးကင်းရာအရပ်သို့ ရောက်ခြင်းကဲ့သို့လည်း

ကောင်း ကောင်းစွာရှု၏။ ကောင်းစွာထင်မြင်၏။

**သာလွန်သော ရဟန်းပြုအကျိုးများ**

ပယ်ပြီးသော နီဝရဏငါးပါးကို မိမိသန္တာန်၌ ကောင်းစွာ ရှုမြင်ရသော ရဟန်းအား-

* ဝမ်းမြောက်ခြင်းပီတိသည် ဖြစ်ပေါ်လာ၏။
* ဝမ်းမြောက်သောရဟန်းအား နှစ်သက်ခြင်းစိတ် ဖြစ်ပေါ်လာ၏။
* နှစ်သက်သောစိတ်ရှိသော ရဟန်း၏ ကိုယ်ကာယ သည်ငြိမ်းချမ်း၏။
* ကိုယ်ကာယငြိမ်းချမ်းသောရဟန်းသည် ချမ်းသာ သုခ ခံစားရ၏။
* ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည် ကောင်း စွာ တည်ငြိမ်၏။
* ထိုစိတ်တည်ငြိမ်သောရဟန်းသည် တပ်မက်မှု (ကာမ)တရားတို့မှကင်းဆိတ်၍ သာလျှင် အကုသိုလ်

တရားတို့မှ ကင်းဆိတ်၍သာလျှင် စူးစိုက်၍ ကြံစည်မှု (ဝိတက်) ဆင်ခြင်သုံးသပ်မှု (ဝိစာရ)တို့ ပါဝင်သော နီဝရဏကင်းခြင်းကြောင့် ဖြစ်ပေါ်သော-

♦ နှစ်သက်ခြင်း၊

♦ ချမ်းသာခြင်း ပီတိသုခရှိသော ပထမဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏။

ထိုရဟန်းသည် ဤကိုယ်ကာယကို နီဝရဏ ကင်းခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း၊ ချမ်းသာခြင်း၊ (ပီတိ၊သုခ) ဖြင့် စွတ်စိုစေ၏။ ပြည့်လျှံစေ၏။ ပျံ့နှံ့စေ၏။

ထိုနှစ်သက်ခြင်း၊ချမ်းသာခြင်း၊(ပီတိ၊သုခ)ဖြင့် မထိတွေ့ရာအရပ်ဟူ၍ မရှိပြီ။

မြတ်သောမင်းကြီး ဥပမာအားဖြင့် လိမ္မာကျွမ်းကျင်သော ဆတ္တာသည် သို့မဟုတ် တပည့်သည် ကြေးခွက်၌ ရေချိုးကသယ်မှုံ့ (ဆပ်ပြာမှုန့်)တို့ကို လောင်းထည့်၍ ရေဖြင့် ဖျန်းကာ ဖျန်းကာ လုံးရာ၏။ ထိုရေချိုးက သယ်မှုံ့လုံးသည် ညနေချမ်းအခါ၌ ရေ၏အစိုဓာတ်သို့ လိုက်၍ရေ၏။ အစိုဓာတ်ဖြင့် အတွင်းအပြင် ပျံ့နှံ့၍နေ၏။ ယိုစိမ့်ကာ မကျရာသကဲ့သို့ ဖြစ်၏။

မြတ်သောမင်းကြီး၊ ဤပဌမစျာန်ချမ်းသာသည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက် သာလွန်၍ နှစ်သက်အပ်၊မြတ်နိုးအပ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

**ဒုတိယစျာန်ချမ်းသာ**

မြတ်သောမင်းကြီး၊ ထိုပြင်လည်း ရဟန်းတစ်ပါးပါးသည် စူးစိုက်ရာကြံစီမှု(ဝိတက်)သုံးသပ်မှု၊ ဆင်ခြင်မှု (ဝိစာရ)တို့ ချုပ်ငြိမ်းအောင် ပွားများခြင်းကြောင့် အဇ္ဈတ္တသန္တာန်၌ ကောင်းစွာကြည်လင် စေတတ်သော-

* အာရုံတစ်ခုတည်း၌ သက်ရောက်ဖြစ်ပေါ်တတ်သော၊
* သမာဓိဖြစ်ပွားစေတတ်သော၊
* ကြံစီမှု၊ သုံးသပ်ဆင်ခြင်မှု (ဝိတက်၊ ဝိစာရ) မရှိသော၊
* ပဌမစျာန်သမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း၊ ချမ်းသာခြင်း (ပီတိ၊ သုခ) ရှိသောဒုတိယစျာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏။

ထိုရဟန်းသည် ဤကိုယ်ကာယကို ပဌမစျာန်သမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း၊ ချမ်းသာခြင်း (ပီတိ၊ သုခ)

ဖြင့် စွတ်စိုစေ၏။ ပြည့်လျှံစေ၏။ ပျံ့နှံ့စေ၏။ ထိုနှစ်သက်ခြင်း၊ ချမ်းသာခြင်း(ပီတိ၊ သုခ)ဖြင့် မထိတွေ့ရာအရပ်ဟူ၍ မရှိပြီ။

မြတ်သောမင်းကြီး၊ ဥပမာအားဖြင့် ပြရသော် နက်လှစွာသော စိမ့်ရေအိုင်တစ်အိုင်ရှိသည်။ ထိုအိုင်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတို့၌ ရေဝင်ရာအပေါက်မရှိ။ အထက်မှလည်း မိုးရွာသွန်းခြင်းမရှိခဲ့။ သို့ရာတွင် စင်စစ်အားဖြင့် ထိုစိမ့်ရေအိုင်မှ အေးမြသော ရေအလျှင်တို့သည် လျှံထွက်၍ ထိုစိမ့်ရေအိုင်ကို စွတ်စိုစေရာ၏။ ပြည့်လျှံစေရာ၏။ ပျံ့နှံ့စေရာ၏။

ထိုရေအေးဖြင့် မထိမတွေ့ရာ မပျံ့နှံ့ရာဟူ၍ မရှိသကဲ့သို့ပင် ဖြစ်သည်။ မင်းကြီး ဤဒုတိယဈာန် ချမ်းသာသည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်သော မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

## တတိယဈာန်ချမ်းသာ

မြတ်သောမင်းကြီး၊ ရဟန်းတစ်ပါးပါးသည် အထက်ပါ နှစ် သက်ခြင်း၊ ပီတိကိုမတပ်မက်ဘဲ လျစ်လျူရှု၍သာ နေထိုင်၏။ သိမှတ်ခြင်း၊ ဆင်ခြင်တိုင်းထွာခြင်း (သတိသမ္ပဇဉ်)

ရှိသည်ဖြစ်၍ ကိုယ်ကာယ ဖြင့်ချမ်းသာ (သုခ)ကို ခံစား၏။

တတိယစျာန်ရရှိသူကို အရိယာပုဂ္ဂိုလ်တို့သည် လျစ်လျူရှုကတတ်သူ၊ သိမှတ်ခြင်း(သတိ) ရှိသူ၊ ချမ်းသာစွာ နေထိုင်လေ့ရှိသူဟု ချီးကျူးကြကုန်၏။

ထိုတတိယစျာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏။ ထိုတတိယစျာန်ရရှိသောရဟန်းသည် ဤကိုယ်ကာယကို နှစ်သက်ခြင်း (ပီတိ)မရောက်သော ချမ်းသာ(သုခ) သက်သက်ဖြင့် စွတ်စိုစေ၏။ ပြည့်လျှံစေ၏။ ထိုချမ်းသာသုခဖြင့် မတွေ့ထိ မပျံ့နှံ့ရာအရပ်ဟူ၍ ထိုရဟန်း၏ကိုယ်၌ မရှိပြီ။

မြတ်သောမင်းကြီး ဥပမာအားဖြင့် ဥပ္ပလဝဏ်ကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိုက်ကြာတောတို့၌ အချို့သော ကြာတို့သည် ရေထဲတွင်သာဖြစ်ပေါ်ကြီးမား၍ ရေပေါ်သို့မတက်လာဘဲ ရေထဲ၌သာ ငုပ်၍ဖြစ်ပွားကြကုန်၏။

ထိုရေငုပ်ကြာတို့သည် အေးမြသောရေဖြင့် စွတ်စိုပြည့်လျှံ တွေ့ထိပျံ့နှံ့၍ နေကြကုန်၏။ ရေအေးဖြင့် မတွေ့မထိ မပျံ့နှံ့ရာအရပ်ဟူ၍ မရှိကြကုန်ရာသကဲ့သို့ ဖြစ်ပေသည်။

မင်းကြီး ဤတတိယစျာန်ချမ်းသာသည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်။ မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

**စတုတ္ထဈာန် ချမ်းသာ**

မြတ်သောမင်းကြီး ထိုပြင်လည်း ရဟန်းတစ်ပါးပါးသည် ချမ်းသာခြင်း(သုခ)၊ ဆင်းရဲခြင်း(ဒုက္ခ)ကို ပယ်စွန့်နိုင်ခြင်းကြောင့် ဝမ်းမြောက်ခြင်း (သောမနဿ)၊ ဝမ်းနည်းခြင်း (ဒေါမနဿ)တို့ ရှေးဦးကပင် ချုပ်ပျောက်ပြီးဖြစ်ခြင်းကြောင့် ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်သော လျစ်လျူရှုခြင်းကြောင့် ဖြစ်ပေါ်သောသတိတရား၏ စင်ကြယ်ရာဟူ၍ ဆိုအပ်သော စတုတ္ထဈာန်ကိုရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏။

ထိုစတုတ္ထဈာန်ရသောရဟန်းသည် ဤကိုယ်ကာယကို စင်ကြယ်ဖြူစင်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေထိုင်၏။ ထိုစိတ်ဖြင့် မတွေ့မထိမနှံ့ရာအရပ်ဟူ၍ ထိုရဟန်းကိုယ်၌ မရှိပြီ။

မြတ်သောမင်းကြီး၊ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် အဝတ်ဖြူဖြင့်ခေါင်းမြီးခြုံ၍နေရာ၏။ ထိုယောကျ်ား၏ ကိုယ်သည် အဝတ်ဖြူကြောင့် ကိုယ်ငွေ့ဖြင့် မထိတွေ့ မပျံ့နှံ့ရာဟူ၍ မရှိရာသကဲ့သို့ ဖြစ်လေသည်။

မင်းကြီး၊ ဤစတုတ္ထဈာန်ချမ်းသာသည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်။ မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

## ဝိပဿနာချမ်းသာ

မြတ်သောမင်းကြီး၊ ထိုပြင်လည်း ထိုဈာန်သမာပတ်ကို ရရှိ သောရဟန်းသည်-

* ဤစတုတ္ထဈာန်သမာဓိဖြင့် ကောင်းစွာ စိတ်တည် ငြိမ်သည်ရှိသော်၊
* နီဝရဏကင်း၍ စင်ကြယ်သည်ရှိသော်၊
* (ဝိဘက်စသည်ကိုလွန်၍) ဖြူစင်သည်ရှိသော်၊
* လာဘ်လာဘရလိုမှုစသော အကုသိုလ်အပြစ်ကင်း သည်ရှိသော်၊
* တပ်မက်မှု လောဘစသော စိတ်ခတ်ညစ်ညူး ကြောင်းကင်းဝေးသော်၊
* ဈာန်သမာပတ်ကို အထပ်ထပ်လေ့လာခြင်းဖြင့် လျှော်ပြီးသောရွှေပမာ နူးညံ့၍ အလိုရှိရာ ပါသည်ရှိ သော်၊
* ဉာဏ်ဆယ်ပါးတို့ဖြစ်ပွားလောက်အောင် ခန့်ကျန်း လုံလောက်သည်ရှိသော်၊
* ဘာဝနာကိစ္စပြည့်စုံ၍ မတုန်မလှုပ် တည်ငြိမ်သည် ရှိသော် ဝိပဿနာဉာဏ်အမြင် အလို့ငှာ စိတ်ကို ရှေးရှုဆောင်၏။

ထိုသို့ ရှေးရှုဆောင်သောရဟန်းသည်-

"ဤငါ၏ကိုယ်ကာယကား ရုပ်သာဖြစ်၏" မဟာဘုတ်လေးပါးကို အမှီပြု၏။

အမိအဖတို့ သုတ်သွေးကြောင့် ဖြစ်ပေါ်ခဲ့ရ၏။

ထမင်း မုယော မုန့်အစာအာဟာရတို့ဖြင့် ကြီးပွားခဲ့ရ၏။ မမြဲသောသဘော၊ အနံ့ဆိုးသဖြင့် လိမ်းကျံဖုံးလွှမ်းရခြင်းသဘော၊ နှိပ်နယ်ပြုပြင်ရခြင်းသဘော၊ ပျက်စီးခြင်းသဘော၊ ဖရိုဖရဲ ပြိုကွဲတတ်ခြင်းသဘောရှိ၏။

ငါ၏ဤအသိဝိညာဏ်သည် ဤကိုယ်ကာယကိုမှီ၏။ ဆက်စပ်၏ဟု သိမြင်သည်။

မြတ်သောမင်းကြီး၊ ဥပမာတစ်နည်းအားဖြင့် လှပသော၊ ဇာတိဖြစ်သော၊ ကောင်းစွာသွေး၍ ပြုပြင်အပ်ပြီးသော၊ ကြည်လင်လှပသော အပေါက်ဖောက်ခြင်းစသော၊ အခြင်းအရာစုံပါသော၊ ရှစ်မြောင့်ပတ္တမြား ကြောင်မျက်ရွဲ၌ ညိုသောချည်ကိုဖြစ်စေ၊ ဝါသောချည်၊ နီသောချည်၊ ဖြူသောချည် ဖျော့တော့သောချည်ကိုဖြစ်စေ သွတ်သွင်းထိုးသီ၍ ထားရာ၏။

ထိုပတ္တမြားကြောင်မျက်ရွဲကို မျက်စေ့အားကောင်းသော ယောကျ်ားတစ်ယောက်သည် လက်ပေါ်၌တပ်ထား၍

ကြည့်ရှုသော အခါ-

"ဤကားပတ္တမြား၊ ကြောင်မျက်ရွဲ၊ ဤကား ပတ္တမြား ကြောင်မျက်ရွဲ၌ သွတ်သွင်းထိုးသီထားသောချည်"ဟု သိမြင်သကဲ့သို့ပင် ဖြစ်သည်။

မြတ်သောမင်းကြီး၊ ဝိပဿနာဉာဏ်အမြင်သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်။ မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

**မနောမယဉာဏ်ကိုယ်ခွဲဖန်ဆင်းခြင်း**

ထိုစျာန်သမာပတ်တို့ကို ရရှိသောရဟန်းသည် ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော် စျာန်စိတ်ကြောင့်ဖြစ်သော(မနောမယ) ကိုယ်ခွဲဖန်ဆင်းခြင်းငှာ စိတ်ကိုရှေးရှုဆောက်တည်၏။

ထိုရဟန်းသည် ဤကိုယ်ကာယမှတစ်ပါးဖြစ်သော ရုပ်သာဖြစ်သော၊ စျာန်စိတ်ကြောင့် ဖြစ်ပေါ်သော၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့်ပြည့်စုံသော မျက်စေ့၊ နား၊ နှာစသောဣန္ဒြေတို့ ယုတ်လျော့ခြင်းလည်း မရှိသော ကိုယ်ခွဲတစ်ခုကို (မိမိကိုယ်နှင့်အလားတူ) ဖန်ဆင်း နိုင်၏။

မြတ်သောမင်းကြီး၊ ဥပမာတစ်နည်းအားဖြင့်

ယောကျာ်းတစ်ယောက်သည် ဖြူဆံမြက်မှ အရိုးညှောက်ကို နုတ်ထုတ်လိုက်ရာ၏။ ထို့နောက် ထိုယောကျာ်းသည်-

"ဤကား ဖြူဆံမြက်၊ ဤကား ဖြူဆံမြက်၏ အရိုး ညှောက်သည် တစ်ခြားသာဖြစ်၏။ သို့ရာတွင် ဖြူဆံမြက်မှ သာလျှင် အရိုးညှောက်ကို နုတ်ယူအပ်၏ "ဟု သိမြင်ရာ သကဲ့သို့ပင် ဖြစ်စေသည်။

မြတ်သောမင်းကြီး ဥပမာတစ်နည်းအားဖြင့် ယောကျာ်း တစ်ယောက်သည် သန်လျက်ကို အအိမ်မှနုတ်ရာ၏။ ထို့နောက် ထိုယောကျာ်းသည်-

"ဤကား သန်လျက်၊ ဤကား သန်လျက်အိမ်၊ သန်လျက်သည်တခြား၊ အအိမ်သည် တခြားဖြစ်၏။ သို့ရာ တွင် အအိမ်မှသာလျှင် သန်လျက်ကို နုတ်ယူအပ်၏ဟု သိမြင်သကဲ့သို့ ဖြစ်လေသည် "

မြတ်သောမင်းကြီး၊ ဥပမာတစ်နည်းအားဖြင့် ယောကျာ်း တစ်ယောက်သည် မြွေကို ပခြုပ်မှထုတ်ယူရာ၏။ ထို့နောက် ထို ယောကျာ်းသည်-

"ဤကား မြွေ၊ ဤကား ပခြုပ်၊ မြွေသည်တခြား ပခြုပ်သည် တခြားသာဖြစ်၏။ သို့ရာတွင် ပခြုပ်မှသာလျှင် မြွေကိုထုတ်ယူအပ်၏"ဟု သိမြင်ရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး၊ ဤကိုယ်၌ဖန်ဆင်းခြင်း မနောမယ ဉာဏ်သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်း ပြုကျိုးထက် သာလွန်နှစ်သက်အပ်၊ မွန်မြတ်အပ်သော ရဟန်းပြုကျိုးပင် ဖြစ်လေသည်။

## ဣဒ္ဓိဝိဓဉာဏ်တန်ခိုး ဖန်ဆင်းခြင်း

ထိုစျာန်သမာပတ်တို့ကို ရရှိသောရဟန်းသည် ရှေး နည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော် တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းခြင်းငှာ စိတ်ကိုရှေးရှုဆောက်တည်၏။ ထိုရဟန်းသည် တန်ခိုးအမျိုးမျိုး ကိုဖန်ဆင်းနိုင်၏။

* တစ်ယောက်သာဖြစ်သော်လည်း အများအပြား ဖြစ်စေနိုင်၏။
* အများအပြားပင်ဖြစ်သော်လည်း တစ်ယောက်သာ ဖြစ်စေနိုင်၏။
* မျက်မှောက်အရပ်၊ မျက်ကွယ်အရပ်၊ နံရံခြားသော အရပ်တို့၌လည်း ကောင်းကင်ဟင်းလင်းပြင်ကဲ့သို့ မထိမခိုက်မငြိတွယ်ဘဲ သွားရောက်နိုင်၏။
* ကောင်းကင်၌လည်း အတောင်ရှိသောငှက်ကဲ့သို့ တင်ပလ္လင်ခွေ၍ သွားနိုင်၏။

* မြေ၌လည်း ရေ၌ကဲ့သို့ ငုပ်ခြင်း၊ ပေါ်ခြင်းကို ပြုနိုင်၏။

* တန်ခိုးအာနုဘော်ကြီးသော လ,နေတို့ကိုလည်း သုံးသပ်ဆုပ်နယ်နိုင်၏။

* ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကာယဖြင့် အလိုရှိသလိုသွားရောက်ပြောဆိုနိုင်၏။

မြတ်သောမင်းကြီး၊ ဥပမာတစ်နည်းအားဖြင့် လိမ္မာကျွမ်းကျင်သော အိုးထိန်းသည် သို့မဟုတ် တပည့်သည် ကောင်းစွာနယ်အပ်ပြီးသောမြေဖြင့် အလိုရှိတိုင်းသော အိုးခွက်အထူးထူးတို့ကို ပြုလုပ်နိုင်ရာသကဲ့သို့၊ ဥပမာ တစ်နည်းအားဖြင့် လိမ္မာကျွမ်းကျင်သော ဆင်စွယ်ပွတ်သမား (သို့မဟုတ်) တပည့်သည် ကောင်းစွာပြုပြင်ထားအပ်ပြီးသောဆင်စွယ်၌ အလိုရှိတိုင်းသော ဆင်စွယ်ရုပ် အထူးထူးကို ဖြစ်မြောက်ပြီးစီးစေနိုင်သကဲ့သို့၊ ဥပမာ တစ်နည်းအားဖြင့် လိမ္မာကျွမ်းကျင်သော ပန်းထိမ်ဆရာ (သို့မဟုတ်) တပည့်သည် ကောင်းစွာပြုပြင် အပ်ပြီးသောရွှေ၌ အလိုရှိသောရွှေတန်ဆာအထူးထူးတို့ကို ဖြစ်မြောက် ပြီးစီးစေနိုင်သကဲ့သို့-

မြတ်သောမင်းကြီး၊ ဤတန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်း၊ ဣဒ္ဓိဝိဓဉာဏ်သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့

ရဟန်းပြုကျိုးထက် သာလွန်နှစ်သက်အပ်ဖွယ် မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

**အသံအမျိုးမျိုးကြားခြင်း (ဒိဗ္ဗသောတဉာဏ်)**

ထိုစျာန်သမာပတ်ကို ရရှိပြီးသောရဟန်းသည် ရှေးက အတိုင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ရှိသော် နတ်၌ဖြစ်သော အကြားဓာတ်(ဒိဗ္ဗသောတ)အလို့ငှာ စိတ်ကို ရှေးရှုဆောက် တည်နိုင်၏။

ထိုရဟန်းသည် စင်ကြယ်သောလူတို့၏ အကြားဓာတ် (နား)ထက်လွန်သော နတ်ဖြစ် အကြားဓာတ်ဖြင့် လူသံ၊ နတ်သံ၊ အဝေးသံ၊ အနီးသံဟူသော အသံနှစ်မျိုးတို့ကို ကြားနိုင်၏။

မြတ်သောမင်းကြီး၊ ဥပမာတစ်နည်းအားဖြင့် ခရီးရှည် သွားသော ယောကျာ်းသည် စည်သံ၊ မုရိုးစည်သံ၊ ခရသင်း သံ၊ ထက်စည်သံ၊ ဘားစည်သံတို့ကို ကြားရာ၏။

ထိုယောကျာ်းသည် ဤကား စည်ကြီးသံ၊ ဤကားမုရိုး စည်သံ၊ ဤကား ခရသင်းသံ၊ ဤကား ထက်စည်သံ၊ ဤကား ဘားစည်သံဟု သိသကဲ့သို့ပင် ဖြစ်လေသည်။

မြတ်သောမင်းကြီး၊ ဤနတ်ဖြစ်အကြားဓာတ် (ဒိဗ္ဗသောတဉာဏ်)သည်လည်း ရှေးဖြစ်သော မျက်မြင်

လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ် မွန်မြတ်သောရဟန်းပြုကျိုးများပင် ဖြစ်ပေသည်။

**သူတစ်ပါးစိတ်ကိုသိခြင်း(စေတောပရိယဉာဏ်)**

ထိုစျာန်သမာပတ်ကို ရရှိပြီးသောရဟန်းသည် ရှေးနည်းအတူ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ရှိသော် သူတစ်ပါး စိတ်ကိုပိုင်းခြားသိမြင်စေခြင်း(စေတောပရိယာယ)အလို့ငှာ စိတ်ကိုရှေး ရှုဆောက်တည်၏။

ထိုရဟန်းသည် တစ်ပါးပါးသော သတ္တဝါတို့၏ စိတ်အလိုကို မိမိအသိဉာဏ်စိတ်ဖြင့် ပိုင်းခြား၍ သိမြင်၏။

* တပ်မက်ခြင်းရှိသောစိတ်ကိုလည်း တပ်မက်ခြင်း ရှိသော စိတ်ဟု သိ၏။
* တပ်မက်ခြင်းကင်းသောစိတ်ကိုလည်း တပ်မက်ခြင်းကင်းသောစိတ်ဟု သိ၏။
* အမျက်ဒေါသရှိသောစိတ်ကိုလည်း အမျက်ဒေါသ ရှိသောစိတ်ဟု သိ၏။
* အမျက်ဒေါသမရှိသောစိတ်ကိုလည်း အမျက် ဒေါသမရှိဟုသိ၏။

* မိုက်မဲတွေဝေသောစိတ်ကိုလည်း မိုက်မဲတွေဝေသောစိတ်ဟု သိ၏။

* မိုက်မဲတွေဝေခြင်းမရှိသောစိတ်ကိုလည်း မိုက်မဲတွေဝေခြင်းမရှိသောစိတ်ဟု သိ၏။

* နယ်ကျဉ်းသော ကျုံ့သောစိတ်ကိုလည်း

* ပျံ့လွင့်သောစိတ်ကိုလည်း

* ဈာန်ရပုဂ္ဂိုလ်တို့ ရောက်အပ်သောစိတ်ကိုလည်း (မဟဂ္ဂုတ်စိတ်)

* ထိုမဟဂ္ဂုတ်မဟုတ်သော စိတ်ကိုလည်း

* တည်ငြိမ်သောစိတ်ကိုလည်း

* မတည်ငြိမ်သောစိတ်ကိုလည်း

* နီဝရဏကိလေသာတို့မှ လွတ်သောစိတ်ကိုလည်း

* နီဝရဏကိလေသာတို့မှ မလွတ်သောစိတ်ကိုလည်း မလွတ်သောစိတ်ဟု သိ၏။

မြတ်သောမင်းကြီး၊ ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ ပျိုပြင် ဆင်ခြင်နေလေ့ရှိသော မိန်းမ(သို့မဟုတ်) ယောကျာ်းသည် စင်ကြယ်ဖြူစင်သော မှန်၌ဖြစ်စေ၊ ကြည်လင်သော ရေခွက်၌ဖြစ်စေ၊ မိမိ၏ မျက်နှာရိပ်ကိုကြည့်ရှုသည်ရှိသော်

အပြစ်အနာအဆာရှိသော မျက်နှာကို အပြစ်အနာအဆာရှိသည်ဟု သိ၏။ အပြစ်အနာအဆာမရှိသော မျက်နှာကို အပြစ်အနာအဆာမရှိသော မျက်နှာဟု သိရသကဲ့သို့ပင် ဖြစ်သည်။

မြတ်သောမင်းကြီး၊ ဤသူတစ်ပါး၏စိတ်ကို ပိုင်းခြားသိမြင်ခြင်းသည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ရဟန်းပြုကျိုးထက် သာလွန်နှစ်သက်အပ် မွန်မြတ်အပ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

## ရှေးဖြစ်ကိုသတိရခြင်း (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်)

ထိုစျာန်သမာပတ်ကို ရရှိပြီးသောရဟန်းသည် ရှေးကအတိုင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ရှိသော် ရှေးဘဝဇာတ်တို့ကို အောက်မေ့သတိရခြင်း (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်)အလို့ငှာ စိတ်ကို ရှေးရှု ဆောက်တည်၏။

ထိုရဟန်းသည် များပြားလှစွာသော ရှေးဖြစ်ဘဝဇာတ်တို့ကို အောက်မေ့သတိရ၏။

ဤဘဝဇာတ်တို့သည် အဘယ်သို့နည်းဟူမူ-

* တစ်ခုသော ဘဝဇာတ်ကို၊
* နှစ်ခုသော ဘဝဇာတ်တို့ကို၊

* သုံးခုသော ဘဝဇာတ်တို့ကို၊

* လေးခုသော ဘဝဇာတ်တို့ကို၊

* ငါးခုသော ဘဝဇာတ်တို့ကို၊

* ဆယ်ခုသော ဘဝဇာတ်တို့ကို၊

* နှစ်ဆယ်သော ဘဝဇာတ်တို့ကို၊

* သုံးဆယ်သော ဘဝဇာတ်တို့ကို၊

* လေးဆယ်သော ဘဝဇာတ်တို့ကို၊

* ငါးဆယ်သော ဘဝဇာတ်တို့ကို၊

* တစ်ရာသော ဘဝဇာတ်တို့ကို၊

* တစ်ထောင်သော ဘဝဇာတ်တို့ကို၊

* တစ်သောင်းသော ဘဝဇာတ်တို့ကို၊

* တစ်သိန်းသော ဘဝဇာတ်တို့ကို၊

* များစွာသော ကမ္ဘာပျက်ကပ်တို့ကို၊

* များစွာသော ကမ္ဘာပျက် ကမ္ဘာဖြစ်ကပ်တို့ကို၊

* ဤမည်သော ဘဝ၌ ဖြစ်ခဲ့သည်၊

* ဤသို့သော အမည်ရှိခဲ့သည်၊

* ဤသို့သော အမျိုးအနွယ် ရှိခဲ့သည်၊

* ဤသို့သော ရုပ်ဆင်းသဏ္ဌာန် ရှိခဲ့သည်၊
* ဤသို့သော အစာအာဟာရကို စားသောက်ခဲ့သည်၊
* ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့ရသည်၊
* ဤသို့သော သက်တမ်း ရှိခဲ့သည်၊
* ငါသည် ထိုဒုတိယဘဝမှ ဤတတိယဘဝသို့ ကပ်ရောက်ဖြစ်ပွားခဲ့ရသည် ဟု အကြောင်းအရာ ရည်ညွှန်းချက်တို့နှင့်တကွ များပြားလှစွာသော ရှေးဖြစ်ဘဝဇာတ်တို့ကို အောက်မေ့သတိရ၏။

မြတ်သောမင်းကြီး၊ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် မိမိရွာမှ တခြားရွာသို့ သွားခဲ့ရာ၏။

ထိုရွာမှ ဒုတိယ တခြားရွာသို့ သွားခဲ့ရာ၏။

ထိုဒုတိယတခြားရွာမှ မိမိရွာသို့ ပြန်လည်လာခဲ့ရာ၏။

ထိုယောကျ်ားသည်-

"ငါကား မိမိရွာမှ ဤမည်သော တစ်ခြားရွာသို့ သွားခဲ့၏။

ထိုရွာ၌ ဤသို့ရပ်ခဲ့၏၊ ဤသို့ထိုင်ခဲ့၏။ ဤသို့ပြောဆိုခဲ့၏၊

ဤသို့တိတ်တိတ်နေခဲ့၏။ ထိုငါသည် ဒုတိယ တခြား

ရွာမှ မိမိရွာသို့ ပြန်လာခဲ့၏"ဟု အောက်မေ့သတိရသကဲ့သို့ ဖြစ်လေသည်။

မြတ်သောမင်းကြီး ဤရှေးဖြစ် ဘဝဇာတို့ကို အောက်မေ့သတိရခြင်း ပုဗ္ဗေနိဝါသဉာဏ်သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက် သာလွန်၍ နှစ်သက်အပ်၊ မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပါသည်။

**စုတိပဋိသန္ဓေ (သေခြင်းဖြစ်ခြင်းကို သိခြင်း)**
**(စုတူပပါတဉာဏ် ဒိဗ္ဗစက္ခု)**

ထိုစျာန်သမာပတ်ကို ရရှိပြီးသောရဟန်းသည် ရှေးကအတိုင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ရှိသော် သတ္တဝါတို့၏ စုတိပဋိသန္ဓေ (အသေ-အဖြစ်)ကိုသိခြင်း၊ စုတူပပါတဉာဏ် အလို့ငှာ စိတ်ကိုရှေးရှု တည်ဆောက်သည်။

ထိုရဟန်းသည် လူတို့၏မျက်စိထက် လွန်သော စင်ကြယ်သော နတ်မျက်စိနှင့်တူသော အဘိဉာဏ်မျက်စေ့ (ဒိဗ္ဗစက္ခု)ဖြင့်-

* စုတေသေလွန်ဆဲဖြစ်သော သတ္တဝါ၊
* ပဋိသန္ဓေနေဆဲဖြစ်သော သတ္တဝါ၊

* ယုတ်သော သတ္တဝါ၊
* မြတ်သော သတ္တဝါ၊
* လှသော သတ္တဝါ၊
* မလှသော သတ္တဝါ၊
* ချမ်းသာသော သတ္တဝါ၊
* ဆင်းရဲသော သတ္တဝါ တို့ကို သိမြင်၏။

ကံအားလျော်စွာ လားရောက်ဖြစ်ပေါ်သော သတ္တဝါတို့ကိုလည်း

"ဤသတ္တဝါတို့သည် ကာယကံ မကောင်းကျင့်၊ ဝစီကံမကောင်းကျင့်၊ မနောကံမကောင်းကျင့်တို့ ရှိခဲ့ကြကုန်၏။ အရိယာသူတော်ကောင်းတို့ကို ကဲ့ရဲ့စွပ်စွဲကြကုန်၏။ အယူမှားကို စွဲလမ်းကြကုန်၏။ (မိစ္ဆာဒိဋ္ဌိဖြစ်ကြကုန်၏)။ အယူမှားကိုသူတစ်ပါးတို့အား ဟောကြားပြု ကျင့်စေကုန်၏။ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်ကြ ပြီးနောက် ချမ်းသာကင်းရာ၊ မကောင်းသောလားရာ ပျက်စီးကြရာဖြစ်သောငရဲသို့ လားရောက်ကြကုန်၏။

ဤသတ္တဝါတို့မည်ကား ကာယကံအကျင့်ကောင်း၊ ဝစီကံအကျင့်ကောင်း၊ မနောကံအကျင့်ကောင်းတို့ ရှိခဲ့ကြကုန်၏။ အရိယာသူတော်ကောင်းတို့ကို မကဲ့ရဲ့မစွပ်စွဲကြ

ကုန်။ မှန်ကန်သောအယူဝါဒ ရှိကြကုန်၊ အယူမှန်ကို သူတစ်ပါးတို့အား ဟောကြားပြုကျင့်စေကုန်၏။ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်ကြပြီးနောက် ကောင်းသောနတ်ရွာသုဂတိသို့ လားရောက်ကြကုန်၏ ”ဟု နတ်မျက်စေ့ဖြင့်တူသော အသိဉာဏ်မျက်စိဖြင့် သိမြင်၏။

မြတ်သောမင်းကြီး၊ ဥပမာအားဖြင့် လမ်းဆုံလမ်းခွ အလယ်၌ ပြာသာဒ်တစ်ခုရှိရာ၏။ မျက်စိအားကောင်းသော ယောကျ်ားတစ်ယောက်သည် ထိုလမ်းဆုံပြာသာဒ်၌နေ၍ အိမ်သို့ဝင်လာသူတို့ကို လည်းကောင်း၊ ထွက်သောသူတို့ကို လည်းကောင်း၊ လမ်းမ၌သွားလာ နေသောသူတို့ကို လည်းကောင်း၊ လမ်းခွအလယ်၌ထိုင်နေသောသူ တို့ကို လည်းကောင်း တွေ့မြင်၏။

ထိုယောကျ်ားသည် “ဤသူတို့ကား အိမ်ထဲသို့ဝင်ကြကုန်၏။ ဤသူတို့ကား ထွက်ကြကုန်၏။ ဤသူတို့ကား လမ်းမ၌သွားလာကြ ကုန်၏။ ဤသူတို့ကား လမ်းခွအလယ်၌ ထိုင်နေကြကုန်၏ဟု သိမြင်ရာသကဲ့သို့ ဖြစ်လေသည်။

မြတ်သောမင်းကြီး ဤစုတိပဋိသန္ဓေ(အသေ-အဖြစ်)ကို သိခြင်းသည် ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက်သာလွန်၍ နှစ်သက်မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်လေသည်။

## အာသဝေါကုန်ခန်းခြင်း (အာသဝက္ခယဉာဏ်)

ဝိပဿနာအခြေခံ စတုတ္ထဈာန်ကို ရပြီးသော ရဟန်းသည် ရှေးနည်းတူ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်ရှိသော် အာသဝေါတရားတို့၏ ကုန်ခန်းရာဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုတည်ဆောက်၏။ ထိုရဟန်း သည် -

* ဤကားဆင်းရဲဒုက္ခပေတည်းဟု အမှန်အတိုင်း သိမြင်၏။
* ဤကားဆင်းရဲဒုက္ခ၏အကြောင်းတရားတည်းဟု အမှန်အတိုင်း သိမြင်၏။
* ဤကားဆင်းရဲချုပ်ရာတည်းဟု အမှန်အတိုင်း သိမြင်၏။
* ဤကားဆင်းရဲချုပ်ရာသို့ရောက်ကြောင်း အကျင့်လမ်းစဉ်တည်းဟု အမှန်အတိုင်းသိမြင်၏။
* ဤသည်ကား ယိုစီးဖြစ်ပွားတတ်သော အာသဝေါတရားတို့တည်းဟု အမှန်အတိုင်းသိမြင်၏။
* ဤကား အာသဝေါတရား၏အကြောင်းတရားဟု အမှန်အတိုင်း သိမြင်၏။
* ဤကား အာသဝေါတရား၏ ချုပ်ရာဟု အမှန်အတိုင်းသိမြင်၏။

* ဤကား အာသဝေါတရားချုပ်ရာသို့ ရောက်ကြောင်း အကျင့် လမ်းစဉ်ဟု အမှန်အတိုင်းသိမြင်၏။

ဤသစ္စာလေးပါးတရားကို သိမြင်သောရဟန်း၏ စိတ်သည်-

* ယိုစီးဖြစ်ပွားတတ်သောကာမဂုဏ်ကို တပ်မက်မှုကာမာသဝမှလည်း လွတ်မြောက်၏။
* ဘဝကိုတပ်မက်တွယ်တာမှု ဘဝါသဝမှလည်း လွတ်မြောက်၏။
* အယူဝါဒမှားယွင်းစွဲလမ်းမှု၊ ဒိဋ္ဌာသဝမှလည်း လွတ်မြောက်၏။
* အမှန်ကိုမသိဘဲ မိုက်မဲတွေဝေမှု အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏။

ဤအာသဝလေးပါးတို့မှ လွတ်မြောက်သောအခါ ငါသည် အာသဝတို့မှ လွတ်မြောက်ရသည်ဟု အသိဉာဏ်ဖြစ်ပေါ်၏။ ဘဝဇာတ်ကုန်ခန်းပြီ၊ အကျင့်မြတ်ကို ကျင့်သုံးခဲ့ပြီ၊ ပြုဖွယ်ကိစ္စတို့ကို ပြုပြီးခဲ့ပြီ။ ဤသစ္စာကိုသိမှုအတွက် တစ်ဖန်အားထုတ်ဖို့မရှိပြီဟု သိမြင်၏။

မြတ်သောမင်းကြီး၊ ဥပမာအားဖြင့် တောင်ထိပ်၌

အလွန် ကြည်လင်သောရေအိုင်တစ်အိုင်ရှိရာ၏။ မျက်စေ့အားကောင်းသော ယောက်ျားတစ်ယောက်သည် ထိုရေအိုင်၏ ကမ်းနား၌ရပ်လျက် သွားလာလှုပ်ရှား၍နေသော ခရု၊ ယောက်သွား၊ ငါးအပေါင်းတို့ကို လည်းကောင်း၊ ရပ်တည်နေသော ကျောက်ခဲ၊ အိုးခြမ်းတို့ကိုလည်းကောင်း၊ ခရု၊ ယောက်သွားအပေါင်းကိုလည်းကောင်း မြင်ရာ၏။

ထိုယောက်ျားသည် "ဤရေအိုင်ကား အလွန်တရာ ကြည်လင်လှပေသည်၊ ဤရေအိုင်၌ ဤခရု၊ ယောက်သွား၊ ကျောက်ခဲ၊ အိုးခြမ်းကွဲ၊ ငါးအပေါင်းတို့သည် သွားလာလှုပ်ရှား၍လည်း နေကြရ၏၊ ရပ်တည် ၍လည်း နေကြရ၏" ဟု သိမြင်ရသကဲ့သို့တည်း။

မြတ်သောမင်းကြီး၊ ဤအာသဝေါကုန်ခန်းရာ အာသဝက္ခယဉာဏ်စဉ်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက် အထူးသဖြင့် နှစ်သက်အပ်မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်လေသည်။

မြတ်သောမင်းကြီး၊ ဤအာသဝက္ခယဉာဏ် ဟူသော မျက်မြင်လက်တွေ့ရဟန်းပြုကျိုးထက် သာလွန်မွန်မြတ်သော ရဟန်းပြုကျိုးကား မရှိတော့ပြီ။

**အာသဝက္ခယဉာဏ်။** အာသဝကုန်ခန်းရာ အရဟတ္တဖိုလ်၌ဖြစ်သော၊ ဝရဇိန်ဉာဏ်နှင့်တူသော၊ အာသဝကို အပြီးသတ်ကုန်ခန်းအောင် ဖြတ်တောက်နိုင်သောဉာဏ်။

## ရဟန်းအကျိုး ဒါယကာအကျိုးကြီးပွားတိုးတက်ရန်

ဗုဒ္ဓမြတ်စွာဘုရားသည် ရဟန်းတို့၏ ပစ္စုပ္ပန် သီလအကျိုး၊ သမာဓိရအောင် သမထကမ္မဋ္ဌာန်း စီးဖြန်းခြင်း၏အကျိုး၊ ဝိပဿနာဘာဝနာ၏ အကျိုးတို့ကိုလည်းကောင်း၊ ရဟန်းတို့၏သီလသိက္ခာနှင့် ပတ်သက်၍ ပစ္စုပ္ပန်အကျိုးတို့ကို (မူလပဏ္ဏာသအကင်္ခေယျသုတ်)၌

* ရဟန်းတို့ မိမိကိုယ်ကို သီတင်းသုံးဖော် ရဟန်းအချင်းချင်း ကြည်ညိုခြင်း၊ လေးစားခြင်းကို ခံယူလိုလျှင် မိမိ၏ သီလသိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရပါမည်။
* ရဟန်းတို့ ဆွမ်း, သင်္ကန်းစသော ပစ္စည်းလေးပါးကို ကရားသဖြင့်ရရှိလိုလျှင် မိမိ၏ သီလသိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရပါမည်။
* ရဟန်းတို့ မိမိအား ပစ္စည်းလေးပါး ထောက်ပံ့သူ

တို့၏ ကောင်းမှုတို့ကို အကျိုးများများပေးစေလို လျှင် မိမိ၏သီလသိက္ခာကို စင်ကြယ်အောင် ဖြည့် ကျင့်ရပါမည်။

* ရဟန်းတို့ ကွယ်လွန်လေပြီးသော ဆွေမျိုးဉာတိ တို့က ရောက်ရာဘဝမှ မိမိကို ကြည်ညိုသောစိတ် ဖြင့် သတိရသောအခါ ထိုကြည်ညို မှု၏အကျိုးကို များစွာရလိုလျှင် မိမိ၏ သီလသိက္ခာကို စင်ကြယ် အောင် ဖြည့်ကျင့်ရပါမည် ဟုဟောကြားခဲ့ပါသည်။

ဘုရားရှင်၏ ထိုတရားတော်အရ ရဟန်းတော်များ သည် မိမိအကျိုးလည်းပြီးမြောက်၊ လှူဒါန်းသူပစ္စည်းလေးပါး ဒါယကာတို့၏ အကျိုးပြီးမြောက်အောင် သီလ၊ အကျင့် သိက္ခာစင်ကြယ်အောင် ထိန်းသိမ်းရန် မည်မျှလိုအပ်သည်ကို အထူးသတိရှိကြရန် လိုအပ်ပါသည်။

# အခန်း(၃)

## လောင်ကျွမ်း ပျက်စီး အလှူခံမီး

**မီးသုံးမီး**

*သီလဝန္တ၊ ရဟန်းစသား၊ မိဘအိမ်ရှင်၊ မိမိလင်မူ၊*

*လူတွင်ညီးညီး၊ သုံးပါးမီးကို၊ ညီးညီးပြောင်ပြောင်၊*

*မလောင်စိမ့်ငှာ၊ ကြည်သာစိတ်ဖြူ၊ နှလုံးမူဟု၊*

*နည်းယူစေလို၊ ကျမ်းဂန်ဆိုသည်၊ လူ့ဗိုလ်အများ မှတ်ဖွယ်တည်း။*

ရှေးပညာရှိတို့ စပ်ဆိုထားသည့်အတိုင်း လောကဝယ် ဘဝ အဆက်ဆက် ဒုက္ခပေးတတ်သော မီးသုံးမျိုးရှိသည်။ ယင်းမှာ-

(က) ဒုက္ခိဏေယျ အလှူခံမီး၊

(ခ ) အာဟုဏေယျ မိဘမီး၊

(ဂ ) ဂဟပတဂ္ဂိ လင်သားမီး တို့ဖြစ်သည်။

လောကရှိ လူတို့သုံးစွဲနေသောမီးသည် ဤဘဝတစ်ခုတည်းကိုသာ လောင်ကျွမ်းပျက်စီးစေနိုင်သည်။ ဘဝဆက်တိုင်း မလိုက်နိုင်ပါ။ ဤမီး သုံးပါးကား ဘဝဆက်တိုင်း ဒုက္ခပေးတတ်ပါသည်။

* အကျင့်သီလရှိသော အလှူခံ ရဟန်းသံဃာများအပေါ်၌ မတော်တရား လုပ်ကြံစော်ကား ပြုမိပါလျှင် အခြားသာမန်လူများကို စော်ကားမိသည်နှင့်မတူ၊ အလွန်ပူပြင်း ကြီးလေးသောအပြစ်ကို ဖြစ်စေနိုင်၍ ရဟန်းသံဃာကို အလှူခံရဟန်းမီးဟု ခေါ်ပါသည်။
* ထို့ပြင် သံဃာတော်ဟူသည် မပြစ်မှားကောင်းသော ခင်ပွန်းကြီး ၁၀ ပါးတွင် အလေးအမြတ် ပြုအပ်သော ဆရာ၊ တရားဓမ္မဟော ကြားပြသူထဲတွင် ပါဝင်နေပါသည်။ ပကတိသာဝကများ၊ အဂ္ဂသာဝက သံဃာတော်များဆိုလျှင် ခင်ပွန်းကြီး ၁၀ ပါး၌ တိုက်ရိုက်ပါဝင် နေပါသည်။

သံဃာတော်ဟူသည် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို တရားပွားများနိုင်ကြောင်း ကိုယ်ကျိုးစွန့်လွှတ်၍ ကျင့်ကြံပြုကြသော ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်များဖြစ်သည်။ လောကလူသားများအတွက်လည်း တရားဓမ္မ လမ်းညွှန်ပြနေသော ဓမ္မခေါင်းဆောင်ကြီးများ ဖြစ်တော်မူကြသည်။

ထိုသံဃာတော်များ စေလွှတ်၍ ရောက်ရာဒေသတိုင်း၊ တိုင်းပြည်တိုင်းဝယ် မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ ယဉ်ကျေးမှုသိမ်မွေ့ရေးခြားတရား၊ အသိပညာတိုးပွားမှုတရားများ ရရှိနေကြလေရာ ထိုရဟန်းသံဃာများသည် လူသားတို့၏ ရှေ့ဆောင်လမ်းပြ လူသားတို့၏ ငြိမ်းချမ်းရေး ခေါင်းဆောင်ကြီးများ ဖြစ်ကြသည်။

တမလွန်ကောင်းစားရေးစသော လောကုတ္တရာ ကျေးဇူးတရားကို အဘယ် လူ၊ နတ်၊ ဗြဟ္မာမှ မပေးစွမ်းနိုင်။ သံသရာနှင့်ချီ၍ အတုမဲ့ကောင်းကျိုးပေးနိုင်သူမှာ သံဃာတော်များသာ ဖြစ်ပါသည်။

**ခင်ပွန်းကြီး ၁၀ ပါး**

၁။ ဘုရား

၂။ ပစ္စေကဗုဒ္ဓါ

၃။ ပကတိသာဝက

၄။ အဂ္ဂသာဝကလက်ဝဲရံ

၅။ အဂ္ဂသာဝကလက်ျာရံ

၆။ အမိ

၇။ အဖ

၈။ အလေးအမြတ်ပြုအပ်သောဆရာ

၉။ တရား ဟောဓမ္မကထိကဆရာ

၁၀။ ပေးကမ်းလှူဒါန်းသူ

ထို့ကြောင့် သံဃာတော်များသည် မပြစ်မှားထိုက်သော ခင်ပွန်းကြီး ၁၀ ပါး၌ ပါဝင်နေပါသည်။

ခင်ပွန်းကြီး ၁၀ ပါးကို မပြစ်မှားသောသူသည်-

* အခြားအရပ်တစ်ပါးသို့ ရောက်ငြားသော်လည်း အစားအစာ ကျွေးမွေးသူပေါခြင်း၊
* အခြားတစ်ပါးသို့ ရောက်သော်လည်း အောက်တန်းနောက်တန်းမနေရဘဲ လာဘ်လာဘ ပူဇော်သက္ကာရများခြင်း၊
* မီးဘေး၊ခိုးသူ၊ဓားပြဘေးနှင့် နိုင်ထက်ကလူ နှိပ်စက်ညှဉ်းပန်းတတ်သောသူများနှင့် မတွေ့ရဘဲ စိတ်ချမ်းသာစွာနေရခြင်း၊

* ကြယ်တာရာတို့ ဝန်းရံနေသော လပြည့်ဝန်းကဲ့သို့ လူပုံအလယ်၌ တင့်တယ်စွာနေရခြင်း၊
* ရဲရင့်တည်ကြည်သော ဂုဏ်ကျေးဇူးတို့၏ တည်ရာ ဖြစ်ခြင်း၊
* ကျေးဇူးသတင်း ကျော်စောပျံ့နှံ့ခြင်း၊
* ခြွေရံသင်းပင်းတို့နှင့် အမြဲ မကွေမကွာ နတ်တို့၏ ကျက်သရေပမာကဲ့သို့ တင့်တယ်ရွှင်လန်းစွာ နေရခြင်း၊
* ဆင်, မြင်း, ကျွဲ, နွား, လယ်ယာ, စပါး, သီးနှံများ ပြည့်စုံခြင်း၊
* မြင့်မားသော တောင်ချောက်ကမ်းပါးမှ မတော် တဆ ကျလျှင်လည်း အသက်မသေ ကယ်မည့်သူ ပေါ်ခြင်း၊
* မိမိသားသမီး မြေးမြစ်တို့နှင့် ပျော်ရွှင်စွာ အသက် ထက်ဆုံး နေရခြင်း၊
* အကိုင်းအခက်ပြည့်စုံသော ညောင်ပင်ကြီးကဲ့သို့ အခြေခိုင်စွာ တစ်နေ့တစ်ခြား တက်နေလားကဲ့သို့ စည်ပင်ပြန့်ပွားများပြားခြင်း၊

တို့ကို ရရှိခံစားရသည်ဟု တေမိယဇာတ်တော်

ဒသမိတ္တပူဇနခန်းတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ထိုခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားသဖြင့် မကောင်းဆိုးကျိုး ၁၀ ပါးကို ခံစားရကြောင်းကိုလည်း ဖေါ်ပြထားသည်ကို တွေ့ရပါသည်။

(၁) ဆင်းရဲဝေဒနာပြင်းစွာ ခံစားရခြင်း၊

(၂) ပစ္စည်းဥစ္စာကုန်ခန်း ပျက်စီးခြင်း၊

(၃) အသက်သေဆုံးရခြင်း၊

(၄) နူနာရောဂါစွဲကပ်ရခြင်း၊

(၅) အရူးဖြစ်ရခြင်း၊

(၆) ရာထူးရာခံ ကျဆုံးခြင်း၊

(၇) သူတစ်ပါး မတရားစွပ်စွဲခံရခြင်း၊

(၈) စည်းစိမ်ပျက်ခြင်း၊

(၉) ဆွေမျိုးပျက်စီးရခြင်း၊

(၁၀) မိမိနေအိမ် မီးလောင်ခံရခြင်း၊

သာမဏေတို့တွင်ကျင့်ရသော လိင် ၁၀ ပါးတွင် "***သံဃဿ အဝဏ္ဏံဘာသတိ***" သံဃာတော်များအား ဆဲရေးရှုံ့ချက သာမဏေသည် လိင်ကျသည် (ဝါ)သာမဏေဘဝမှ လျော့ကျ လူဖြစ်ရသည် ဟုပညတ်ထားခဲ့ပါသည်။

ရဟန်းသံဃာတော်များသည် မဂ်ဖိုလ်နိဗ္ဗာန် ရရန်အတွက် ကျင့်ကြံတော်မူကြသည်ဟု ဆိုသော်လည်း သီလ, သမာဓိ ထူထောင်ကာစကာလဝယ် အနေအထိုင်၊ အပြောအဆို၊ အကျင့်အကြံ မသေသပ်ရှိခြင်း၊ အားနည်းခြင်း ရှိကောင်းရှိပေမည်။

ထိုသို့သောပုဂ္ဂိုလ်များတွေ့က လူဒါယကာတို့သည် သူ့အပြစ်နှင့်သူသာရှိစေရာ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုလုပ်ကြဘဲ လျစ်လျူရှုသင့်က ရှုကြရသည်။ စိတ်ထားနှလုံးကောင်းဖြင့် မိမိဆောင်ရွက်ရမည်ထင်က လူဒါယကာတို့အနေဖြင့် သာသနာပြုနိုင်သည်။

မိမိတာဝန်ကို ကျေပွန်စွာလုပ်ခြင်းဖြင့် တစ်ဘက်က ပြုပြင်ပြီးသား ဖြစ်သွားတတ်ပါသည်။

စာရေးသူတို့၏ဖခင်သည် ရဟန်းသံဃာကို အလွန်လေးစားကြည်ညိုသူဖြစ်ပါသည်။ ရဟန်းသံဃာတော်များ မသင့်တော်တာတွေ့က အပြစ်ကိုမပြော၊ သူတို့ကိုသူတို့ ဆင်ခြင်နိုင်အောင်သာ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

ရဟန်းတစ်ပါး ရုပ်ရှင်ရုံလက်မှတ်ကို လူတွေနှင့် ရောထွေးတိုးနေသည်ကိုတွေ့၍ ထိုရဟန်းထံချည်းကပ်ကာ "အရှင်ဘုရား၊လာ-လာ-တပည့်တော် လက်မှတ်ရထားတယ်၊ တပည့်တော်နှင့် အတူကြည့်ဟုဆိုကာ ထိုရဟန်းကို လူသူ

မတိုးရသော အထူးတန်းလက်မှတ် ဝယ်ကပ်လှူလိုက်သည်။

"တရားဘာဝနာပွားများပြီး သံဝေဂရအောင်ကြည့် ဘုရား"ဟူ၍ပင် လျှောက်ထားလိုက်လေသည်။

ထိုရဟန်းသည် နောက် မိမိကိုယ်ကိုပြုပြင်သွားသည်။ အလားတူကိစ္စများစွာ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ အဖေ၏ဆန္ဒမှာ ရဟန်းဆိုတာ လူတိုင်းပြုနိုင်ခဲသည့် အမှုကို ပြုသောပုဂ္ဂိုလ် ဖြစ်သည်။ လမ်းမှန်ရောက်အောင် စောင့် ရှောက်ပေးရမည်ဟု ယုံကြည်ထားသူဖြစ်သည်။

သို့အတွက် ဒါယကာများသည် မိမိလုပ်ရမည့် သာသနာ့အကျိုးသာ ပြုလုပ်ပါ။ ရဟန်းသံဃာကို မကဲ့ရဲ့ ပါနှင့်။ အပြစ်မပြောပါနှင့်။ အလှူခံမီး လောင်တတ်ပါသည်။

**ရဟန်းအကျိုး၊ ဒါယကာအကျိုးပြီးစီးပုံ**

မိမိကိုယ်ကို ပြုပြင်ခြင်းနှင့်ပတ်သက်၍ လှူဒါယကာ တို့က အရိုအသေပေးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လှူဒါန်းပူဇော် ခြင်းနှင့် ထိုက်တန်အောင် ကျင့်ကြံခဲ့သော မဟာမိတ္တမထေရ် ၏ နမူနာကို အတုယူသင့်ပါသည်။

သီရိလင်္ကာ (သီဟိုဠ်)တွင် မဟာမိတ္တအမည်ရှိသေ ရဟန်းသည် ကဿကလိုဏ်ဂူ၌ သီတင်းသုံးပြီး တရားကျင့် နေသည်။ ထိုလိုဏ်ဂူတောင်ကျောင်း၏ အနီးတွင်ရှိသော

ဆွမ်းခံ၍မှ သူဆင်းရဲမသားအမိသည် မဟာမိတ္တမထေရ်ကို သားအရင်းကဲ့သို့ ကြည်ညိုကြသည်။

တစ်နေ့တွင် မိခင်ကြီးသည် တောသို့သွား၍ အလုပ်မလုပ်မီ သမီးကိုမှာကြားသည်။

"သမီးရေ၊ သမီးမောင်ကြီး ဆွမ်းခံကြွလာရင် ဆန်ထမင်းလေးချက်ပြီး နို့ထောပတ်၊ တင်လဲပါ လောင်းပါ၊ သမီးလဲစားပေါ့"

တရိုတသေ မောင်းထောင်းဖွပ်ထားသော သလေဆန်ကောင်းနှင့် ထောပတ်တင်လဲ သိမ်းထားသောနေရာကို ပြသပြောကြားခဲ့သည်။

"မေမေကော စားပြီးပြီလား"

သမီးက မိခင်အတွက်မေးသည်။

"အေး-စားပြီးပြီ၊ မေမေ မနေ့ကကျန်တဲ့ ထမင်းကြမ်းခဲကလေးကိုပဲ ဆန်ပုန်းရည်နဲ့ စားလိုက်ပြီသမီး"

"ဒါဖြင့် နေ့လယ်စာကော မေမေ ဘာနဲ့စားမှာလဲ၊ ဘာချက် ထားရမလဲ"

"သမီးရယ်-ဆန်ကွဲလေးကို ဆန်ပြုတ်ကျိုထားပြီး ဟင်းရွက်ကလေး ခပ်ထည့်လိုက်ပေါ့၊ တို့သားအမိ ဒါဆိုပြီးရောပေါ့"

မထေရ်သည် ဆွမ်းခံကြွကာနီး သပိတ်ပြင်ပြီး သက်န်း ရုံနေစဉ် ထိုသားအမိပြောဆိုသောစကားကို အဘိညာဉ် တန်ခိုးဖြင့် ကြားမိသည်။ မထေရ်မြတ်သည် ဆွမ်းခံကြွဆဲ ခြေလှမ်းခရီး ရပ်တန့်သွားသည်။ မိမိကိုယ်ကိုမိမိ စဉ်းစားမိ သွားသည်။

'မဟာမိတ္တ-သင်ကြားရဲ့လား၊ သူ့ခမျာမှာ ထမင်းကြမ်း၊ ထမင်းဆိုးနဲ့ ဆန်ပုန်းရည်ရောပြီး တစ်နပ်သာစားရတယ်၊ မင်းအတွက် ဆန်ထမင်း၊ နို့ထောပတ်တင်လဲနဲ့ အကောင်း ဆုံးလောင်းလှူဖို့ စိတ်ဆန္ဒ စောနေရှာတယ်၊ သူဒီလိုလှူတာ မင်းဆီက လယ်ယာ၊ မိုးမြေ ၊ရွှေ၊ ငွေ ဥစ္စာ ဘာတွေကိုမှ မျှော်လင့်ပြီး လှူကြတာမဟုတ်ဘူး၊ မင်းနဲ့ ဆွေမျိုး တော်လို့ လှူကြတာလဲ မဟုတ်ဘူး'

'သူတို့ဟာ လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာသုံးပါးကိုသာလို၍ လှူနေကြခြင်းဖြစ်တယ်၊ ကောင်းပြီ၊ သင်ကကော သူတို့လို လားတဲ့ ချမ်းသာကို ပေးနိုင်ပြီလား'

'မဟာမိတ္တ-မင်းဟာ ရာဂ၊ ဒေါသ၊ မောဟတွေ အပြည့်နှင့် ဒီဆွမ်းကို မစားထိုက်တော့ဘူး၊ မင်းစဉ်းစား၊ စဉ်းစား...စဉ်းစား...'

မဟာမိတ္တမထေရ်သည် ကြီးစွာသံဝေဂဝင်ပြီးလျှင် ထိုနေ့အဖို့ ဆွမ်းခံမကြွ၊ ဆွမ်းမစားတော့ဘဲ-

"ရဟန္တာမဖြစ်သမျှ ငါမထတော့ပြီ"ဟု သိန္နိဋ္ဌာန်ချလိုက်သည်။ သပိတ်ကို အိပ်ရာအောက်၌ ထိုးထားလိုက်ပြီး ကိုယ်ရုံသင်္ကန်းကိုလည်း သင်္ကန်းတန်းပေါ်၌ တင်ထားလိုက်သည်။

ပြီးလျှင် လိုဏ်ဂူအတွင်းဝင်ကာ အပြတ်အသတ် တရားအားထုတ်လေတော့သည်။

မွန်းမလွဲခင်ပင် ရဟန်းကိစ္စပြီးတော့သည်။

မဟာမိတ္တရဟန္တာမြတ်သည် ရွှင်လန်းကြည်လင်စွာ လိုဏ်ဂူမှ ထွက်တော်မူလာသည်။

"အို....အာဇာနည်ယောကျာ်းမြတ် အသင်ယောကျာ်းမြတ်ကို ရှိခိုးပါ၏။ အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်တော်မူချေပြီ။ မြတ်သောအလှူကို ခံယူတော်မူထိုက်ပါပြီ အရှင်မြတ်။ ထိုကဲ့သို့သော အရိယာသူတော်ကောင်းကို လှူဒါန်းပူဇော်ကြရသူများမှာ သံသရာဝဋ်ဆင်းရဲမှ လွတ်ခွင့်ရပါတော့မည်ဘုရား၊ အရှင်မြတ်အား ရှိခိုးကန်တော့ပါ၏"

လိုဏ်ဂူပေါက်အနီးရှိ သစ်ပင်မှ ရုက္ခစိုးကြီးက မဟာမိတ္တမထေရ်ကို အထက်ပါအတိုင်း လျှောက်ထားလိုက်လေသည်။ မဟာမိတ္တမထေရ်သည် ထိုအခါမှ သတိပြုကြည့်လိုက်ရာ ဆွမ်းခံချိန် ရှိနေသေးကြောင်း သိမြင်တော်မူသည်။

ဆွမ်းခံကြွတော်မူရာ ဆင်းရဲသားသမီးငယ်သည် ခါတိုင်းကဲ့သို့ပင် ဆွမ်းကို မွန်မြတ်စွာပြုလုပ်စီရင်ပြီး လောင်းလှူလေသည်။

သမီးငယ်သည် မဟာမိတ္တမထေရ်၏ ထူးခြားငြိမ်းအေး သော မျက်နှာတော်နှင့် ကိုယ်အမူအယာကို ထူးခြားစွာ ဖူးတွေ့ရ၍ မထေရ်မြတ်ကို မျက်စိတဆုံး လိုက်ကြည့်ရှု မိသည်။

မိခင်ကြီး တောမှပြန်လာ၍ အကျိုးအကြောင်း မေးသောအခါ သမီးငယ်က မထေရ်မြတ်သည် ခါတိုင်းနှင့် မတူ ဣန္ဒြေသိက္ခာ ထူးခြားသောအသွင်အပြင်ရှိကြောင်းကို ပြောပြသည်။

"အင်း၊ ငါ၏သားကြီး ရဟန္တာဖြစ်တော်မူလေမှကိုး"ဟု မိခင်ကြီးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေသည်။

ဤသည်မှာ လူဒါယကာဘက်က မိမိ၏ ပြုရမည့် တာဝန်ကို ရိုသေစွာ ပြုလုပ်ဆောင်ရွက်ခဲ့သဖြင့် ရဟန်း ကလည်း သတိတရားရပြီး ရဟန်းတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သွားခြင်း သာဓက ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ရဟန်းတို့နှင့်ပတ်သက်၍ ဆိုဆုံးမသွန်သင်ထားသည်မှာ လိုလေသေးမရှိပါ။ ရဟန်း

များသည် မြတ်စွာဘုရားသာသနာတော်ဝယ် အဆင့်မြင့် ကျင့်ဝတ်များကို အထူးကြိုးစားလိုက်နာပြီး ကျင့်ကြံ အားထုတ်ရပါမည်။

ဝေဘူဆရာတော်ဘုရားကြီးက တရားဌာနတွင် တရားအားထုတ်နေကြသော ရဟန်းများ (ဒုလ္လဘရဟန်းများ အပါအဝင်)ကို အောက်ပါအတိုင်း ဟောပြောဆို ဆုံးမလေ့ ရှိခဲ့ပါသည်။

"တရားဌာနမှာနေပြီး တရားသမားလို မနေနိုင်ရင် မနေတာက ကောင်းတယ်၊ မနေကြနှင့်၊ တခြားသူတွေလဲ ဒီလိုပဲ နေရမှာပါဆိုပြီး မိမိတစ်ယောက်တည်း မတည့်တာကို မြင်လို့ တစ်ပါးသူက ကဲ့ရဲ့မိသွားရင် ထိုသူမှာ အလွန်အပြစ် ကြီးတယ်၊ မိမိမှာလဲ အစီးအပွားမများတဲ့အပြင် မြင်တဲ့သူကို ပါ အပြစ်ပေးတာနဲ့ အတူတူပဲ"

ရံခါ အလွန်မသင့်သော ရဟန်းများရှိနေသည်ဟု သိမြင်လျှင် ရဟန်းများအားလုံးအား အဂ္ဂိခန္ဓောပမာသုတ် မြန်မာပြန်ကို ဖတ်ခိုင်း လေ့ရှိသည်။

**ဆရာတော်ဦးသီလ၏ ဩဝါဒ**

လူဒါယကာတို့ ဒက္ခိဏေယျ အလှူခံမီး မလောင်မိစေ ရန်(ဝါ) ရဟန်းသံဃာတော်များနှင့်ပတ်သက်၍ ကဲ့ရဲ့ရှုတ်ချ

မိက မိမိမှာ အပြစ်ရှိသည်ကို သိရှိရန် ဘုန်းတော်ကြီးဦးသီလ (ရဟန္တာသမုတ်ခံရသောဆရာတော်၊ အလောင်း မပုပ်မသိုးသောဆရာတော်)သည် ဘုန်းကြီးသံဃာများ၏ အပြစ်အနာအဆာများကို ပြောလေ့ရှိသော ဦးဘိုးရင်ဆိုသူအား အောက်ပါအတိုင်း ဆုံးမခဲ့ကြောင်း မမ္မာစရိယ ဦးဌေးလှိုင်၏ ရတနာသုံးပါးကျေးဇူးစာအုပ်၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။

"ဟဲ့-ဘိုးရင်-နင့်စိတ်ကိုပြုပြင်ပြီး ကြည်ညိုလျှင်လှူ မကြည်ညိုလျှင် မလှူဘဲနေတာပေါ့၊ ဘာဘာညာညာ မပြောနှင့်"

ညောင်လေးပင်မှ ရှေ့နေဦးဘိုကြွ ဆိုသူလည်း ဦးဘိုးရင်ကဲ့သို့ ဘုန်းကြီးအပြစ်ကို ပြောလေ့ရှိသဖြင့် ဆရာတော်ဦးသီလက-

"ဟဲ့-ငတိုးရှင်ဘုရင်တစ်ဦးမှာ သားတော်နှစ်ပါးရှိတယ်၊ အကြီးက တရားရှိသူတော်ကောင်း၊ ချစ်ခင်ကြည်ညိုသူလည်း ပေါတယ်၊ အငယ်ကတော့ တရားမဲ့သူယုတ်မာ၊ မျက်မုန်းကျိုးသူတွေလည်း များတယ်၊ အဲဒီသူယုတ်မှာ သားငယ်ကို လက်နဲ့သွားပုတ်ရင် ဘယ်လို လုပ်မည်ထင်သလဲ"

"လက်ဖြတ်ခံရမှာပါ ဘုရား"

"ခြေနှင့်ကန်ရင်ကော"

"ခြေဖြတ်ခံရမှာပါ ဘုရား"

"ဆဲရေးတိုင်းထွာရင်ကော"

"အာဖွဲ့ခံရမှာပါ ဘုရား"

"ဘာ့ဖြစ်လို့လဲပဲ့"

"ဘုရင့်သားမို့လို့ပါဘုရား"

"အိမ်း-သည်လိုသိလျှင်တော်ပြီ၊ ဘုရားရှင်သားတွေ အပေါ်လည်း နင်သတိထားတတ်ကရောပ"

ဤသည်မှာ ဆရာကော်က ရဟန်းသံဃာတော်များ ဘက်မှလိုက်ပါဖေးမ၍ ပြောကြားခြင်းမဟုတ်ပါ။ သူတော်ကောင်းပညာရှိတို့သည် သဘောအမှန်ကိုသာ မိန့်တော်မူလေ့ရှိကြပါသည်။

ရဟန်းဆိုး၊ ရဟန်းညံ့များကို ဖူးတွေ့ကိုးကွယ်နေရသည်ဟုဆိုလျှင် မိမိ၏ရှေးနှင့်ယခု တစ်ခုခုသောကံ ညံ့ဖျင်းနေ၍သာ ဖြစ်ပေသည်ဟု နှလုံးပိုက်ပါဟု ဓမ္မာစရိယ ဦးဌေးလှိုင်က မိန့်ကြားသည်။

ပုထုဇဉ်ဖြစ်သော သမ္မုတိသံဃာ ရဟန်းသာမဏေများမှာ လူမှပင်ဖြစ်လာကြရသည်။ သူတို့သည် စရိုက်အမျိုးမျိုး၊ အကောင်းအဆိုး ရောနှောနေကြသည်ပင် ဖြစ်ပါသည်။

ရဟန္တာအရှင်မြတ်များဟူသည် မထင်ရှားသော သာမဏေငယ်များ ကလေးဘဝမှ တဖြည်းဖြည်းရင့်ကျက်ပြီး တရားအားထုတ်ရာမှ ရဟန္တာဖြစ်လာရသည်ကို သတိပြုကြပါ။ အနှစ်လိုလျှင် အပွေး၊ အကာကပင် စတင်ရမည်ကို သတိပြုကြပါ။

သာမဏေ၊ သံဃာတော်များအတွက် သည်းခံပြီးလျှင် မိမိ၏ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ခြင်းဖြင့် မိမိအကျိုးပြီးမြောက်အောင် စောင့်ရှောက်ကြပါ။

## ရဟန်းသံဃာတို့ အိမ်ကြွလာအကျိုး

သံဃာဂုဏ်တော်တွင် ပါဟုနေယျော၊ မိမိထံမှာသို့ ကြွရောက်လာသောအခါ အလှူ့န်တရာ တွေကြုံဆုံစည်းရသော အထူး ဧည့်သည်တော်ကြီးအဖြစ် အကောင်းဆုံး၊အမြတ်ဆုံး ဧည့်ဝတ်ပြုစု ပူဇော်ထိုက်သော ပုဂ္ဂိုလ်ဟု ဆိုထားပါသည်။

ဘဝပေါင်းများစွာ၊ ကမ္ဘာပေါင်းအသင်္ချေ သံသရာဝယ် ကျင်လည်နေရသော်လည်း ဤသို့မြတ်နိုးပူဇော်အပ်သော သံသရာကောင်းကျိုးပြုဧည့်သည်က အလှူ့န်ဖူးရခဲ ပူဇော်ရခဲ သည်။

သံဃာတော်များ မိမိအိမ်သို့ကြွရောက်လာခြင်းသည် ဘုရားရှင်များ ပွင့်ထွန်းသောအခါမှသာ ကြုံရသော

သံသရာအထူးဧည့်သည်တော် ပုဂ္ဂိုလ်များဖြစ်၍ မိမိတို့ အတွက် တန်ဖိုးထားအပ်သော ဘဝတန်ဖိုးမဖြတ်နိုင်အောင် အကျိုးပေးသော ဧည့်သည်တော်ကြီးဟု သဘောထားကာ သံဃာတော်များကို ထိုက်တန်အောင် ပြုစုပူဇော် ရပေမည်။

ဗုဒ္ဓဘုရားရှင်က ရဟန်းသံဃာတော်များ ဖူးမြင်ရခြင်း၊ ကြားနာရခြင်း၊ ပြုစုလှူဒါန်းရခြင်းနှင့် ပတ်သက်၍ အင်္ဂုတ္တရ နိကာယ် အနုတ္တရိ ယသုတ်၌-

"သီလ သမာဓိ ပညာနှင့်ပြည့်စုံသော သံဃာတော် များကို ဖူးမြင်ရခြင်း၊ ကြားနာရခြင်း၊ ပြုစုလှူဒါန်းရခြင်းသည် အကောင်းဆုံးသော မြင်ခြင်း၊ကြားခြင်း၊ လာဘ်ဝင်ခြင်းပင် ဖြစ်သည်" ဟူ၍ ဟောတော်မူခဲ့ပါသည်။

ထို့ပြင် မဟာဝဂ္ဂသီလသုတ်တွင် ရဟန်းတော်များကို သတိရရုံမျှဖြင့် အလွန်တရာ ကျေးဇူးကြီးလှကြောင်းကို အောက်ပါအတိုင်း ဟောကြားထားပါသည်။

* အရိယာသံဃာတော်များအား ဖူးမြင်ရခြင်း၊
* အဘယ်အရပ်၌ သီတင်းသုံးလေသတဲ့ဟု ထပ်ဆင့် စကား ကြားရခြင်း၊
* သွားရောက်ချဉ်းကပ်ခြင်း၊
* ကျန်းမာတော်မူပါရဲ့လား အရှင်ဘုရား"စသည်ဖြင့်

မေးလျှောက် ဆည်းကပ်ပူဇော်ခြင်း၊

* ထိုပုဂ္ဂိုလ်၏ နေ့ညအလျောက် သီတင်းသုံးပြုမူ ဆုံးမပုံ စသည်တို့ကို အမြဲသတိရ၍နေရခြင်း စသည်တို့တွင် တစ်ခုခုကို သတိရရုံမျှပင် အလွန်ကျေးဇူးကြီးမားလှပေ၏။

ထို့ပြင် သီလရှိသော ရဟန်းသံဃာများ မိမိအိမ်သို့ ကြွရောက်လာပါလျှင် လာဘ်ကြီးငါးမျိုးရကြောင်းကို ဘုရားရှင်က အင်္ဂုတ္တရနိကာယ်ကုလသုတ်၌-

"ရဟန်းတို့၊ သီလရှိသောရဟန်းတို့ ကြွရောက်သောအိမ်၌ အိမ်ရှင်ဒါယကာတို့သည် အကြောင်းငါးမျိုးတို့ဖြင့် များစွာသောကောင်းမှုကို တိုးပွားစေကုန်၏။

၁။ သီလရှိသောရဟန်းသည် အိမ်သို့ကြွသည်ရှိသော် လူတို့မြင်၍ စိတ်ကြည်လင်ရုံမျှဖြစ်သောအခါ ထိုအိမ်သည် နတ်ပြည်ရောက် စေသောအကျင့်ကို ကျင့်သည်မည်ပါ၏။

၂။ ခရီးဦးကြိုဆိုကြ၊ ရှိခိုးကြ၊ နေရာထိုင်ခင်းပေးပါက ထိုအိမ်သည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေသော အကျင့်ကို ကျင့်သည်မည်ပါ၏။

၃။ နေရာထိုင်ခင်းစသည်၌ နှမြောတွန့်တိုမှု၊ စိတ်အညစ်

အကြွေးကင်းကွာပါက ထိုအိမ်သည် တန်ခိုးကြီးသော အကျင့်ကို ကျင့်သည်မည်ပါ၏။

၄။ စွမ်းအားရှိသလောက် ခွဲဝေလှူဒါန်းပေးပါက ထိုအိမ်သည် ဥစ္စာပေါများစေသော အကျင့်ကို ကျင့်သည်မည်ပါ၏။

၅။ တရားစကားမေးမြန်းလျှောက်ထား မှတ်သားပြီးနာယူပါက ထိုအိမ်သည် အသိဉာဏ်ပညာကြီးပွားသောအကျင့်ကို ကျင့်သည်မည်ပါ၏။"

"ရဟန်းတို့· သီလရှိသောရဟန်းတို့ ကြွရောက်သောအိမ်၌ အိမ်ရှင် ဒါယကာတို့သည် ဤအကြောင်းငါးမျိုးတို့ဖြင့်များစွာသော ကောင်းမှုတို့ကို တိုးပွားစေကြကုန်၏" ဟူ၍ ဟောတော်မူခဲ့ပါသည်။

**လူစော်နံရဟန်း**

သီလရှိသောရဟန်းတော်များ အိမ်သို့ကြွလာတိုင်း ကုသိုလ်တိုးပွားရသော်လည်း၊ ရဟန်းများသည် လူတို့နှင့် ချမ်းသာမကွဲ၊ ဆင်းရဲအတူ အရောဝင်ခြင်းမျိုးကား ဘုရားရှင်သည် မလိုလားပေ။ ထိုရဟန်းကို အိမ်ကပ်ရဟန်း၊ လူစော်နံ **ရဟန်း**ဟု ခေါ်လေသည်။

ဘုရားရှင်က ထိုရဟန်းများနှင့် ပတ်သက်၍ အင်္ဂုတ္တရ

နိကာယ် ကုလုပကသုတ်၌-

"ရဟန်းတို့၊ အိမ်သို့ကပ်တတ်သော ရဟန်းငါးမျိုး ရှိသည်-

(၁) အိမ်သူအိမ်သား ဒါယကာ ဒါယိကာမများနှင့် ချစ်ခင်ရင်းနှီးသူ မဟုတ်ပါဘဲလျက် အရော တဝင် ခင်မင်ရင်းနှီးဟန် ဆက်ဆံသော ရဟန်း၊

(၂) မသက်ဆိုင်မပိုင်စိုးဘဲလျက် ပိုင်စိုးပိုင်နင်း စီမံ ခန့်ခွဲသောရဟန်း၊

(၃) ကွဲပြားသူတို့ကို စေ့စပ်ရေးလုပ်ရန် သွားသော ရဟန်း၊

(၄) အတောင်းအရမ်းထူသောရဟန်း။

ထိုရဟန်းမျိုးတို့သည် လူဒါယကာတို့ ချစ်ခင်မြတ်နိုး ခြင်း၊ လေးစားခြင်း၊ စိတ်နှလုံးကိုပွားစေခြင်း မရနိုင်သော ကြောင့် ဘုရားရှင်က မကြိုက်ပေ။

လူဒါယကာတို့ကလည်း ရဟန်း၊ သံဃာတော်တို့ထံမှ သီလ၊ သမာဓိ၊ ပညာ ကုသိုလ်ရေးမှတစ်ပါး အခြားမျှော်လင့် ချက် တစ်စုံတစ်ရာဖြင့် မဆည်းကပ်ရပါ။ လူပေါင်း, ပေါင်း ခြင်းဖြင့် မပေါင်းဖော် မမှီဝဲရပါ။

သာသနာဖျက်ဆီးရာ ရောက်ပြီး အလျှုခံမီးလောင်ခံရ

သည်ဖြစ်၍ အလွန်အပြစ်ကြီးသော သံဃဘေဒက သံဃာကွဲပြားရေးကံကြီးကိုပင် ကျူးလွန် လုံ့ဆော်မှုဖြစ်တတ်ကြလေသည်။

## သံဃာဂုဏ်တော်အောက်မေ့၍ စိတ်ကြည်ပုံ

ဝိသာခါ ဤသာသနာတော်၌ အရိယာ၏ တပည့်သည်(ရှစ်ပါးသောအရိယာ) သံဃာတော်၏ဂုဏ်ကို အဖန်ဖန်အလဲလဲ အောက်မေ့၏-

(၁) မြတ်စွာဘုရား၏ တပည့်သားသံဃာသည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။

(၂) မြတ်စွာဘုရား၏ တပည့်သားသံဃာသည် ဖြောင့်မတ်သောအကျင့် ရှိတော်မူပါပေ၏။

(၃) မြတ်စွာဘုရား၏ တပည့်သားသံဃာသည် နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူပါပေ၏။

(၄) မြတ်စွာဘုရား၏ တပည့်သားသံဃာသည် ရိုရိုသေသေ လေးလေးစားစား ဒကာ၊ ဒကာမတို့၏ အရိုအသေကို ခံထိုက်အောင် ကျင့်တော်မူပါပေ၏။

(၅) အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာသည် အရပ်ဝေးမှ ဆောင်လာသော

အကျိုးကို ခံတော်မူထိုက်ပါပေ၏။

(၆) ဧည့်သည်အလို့ငှာစီမံထားသော အကျိုးကို ခံတော်မူထိုက် ပါပေ၏။

(၇) တမလွန်အတွက် ရည်မျှော်သောအကျိုးကို ခံတော်မူထိုက် ပါပေ၏။

(၈) လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏။

(၉) သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏။

ဟု သံဃာတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏။

သံဃာတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏။ စိတ်၏ ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။

ဝိသာခါ ဤအရိယာတပည့်ကို-

* သံဃာဂုဏ်ကို အောက်မေ့ကျင့်သုံးခြင်း (သံဃဥပုသ်ကိုသုံးသူ)၊
* သံဃာတော်နှင့်အတူနေသူ၊

* သံဃာကို အာရုံပြု၍စိတ်ကြည်လင်သူ၊
* ဝမ်းမြောက်ခြင်းဖြစ်သူ၊
* စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်ကင်းသူ ဟုဆိုအပ်၏။

(ဥပေါသထသုတ် အင်္ဂုတ္တိုရ်ပါဠိတော်-တိကနိပါတ် ဒုတိယပဏ္ဏာသက၊ မဟာဝဂ် ၁၀-ဆဋ္ဌ-၂၀၆)

ထိုသံဃရတနာကို ဘုန်းကံကြီးသူတို့သာ ဖူးတွေ့နိုင်သည်၊ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံဃရတနာသည် ဘုန်းကံရှိသူတို့၏ ကိုးကွယ်ရာဖြစ်သည်။

## သံဃာဂုဏ်အာရုံပြုကျိုး

*သံဃာမြတ်ဂုဏ် အာရုံညွတ်လို့*
*မပြတ်မလပ် အောက်မေ့လျှင်၊*
*အမြဲတမ်းသာ ကောင်းစွာနိုးလို့*
*ကြီးပွားဖွံ့ဖြိုး အကျိုးထင်။*

# အခန်း(၄)

## လယ်ယာမြေကောင်း မျိုးစေ့ကောင်း စိုက်မိကြသူများ

### ရွှေအင်ပျဉ်းထိုင်ခဲ့လှူ ဗိမာန်ရှင် နတ်သမီး

သာဝတ္ထိပြည်၌ အမျိုးသမီးတစ်ဦးသည် သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်သည်။ မိမိအိမ်ရှေ့သို့ ဆွမ်းခံလှည့်လည်သော ရဟန်းတစ်ပါးသည် ကြည်ညိုဖွယ်ရာသွားခြင်း၊ ရပ်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ ကြည့်ရှုခြင်းတို့ဖြင့် မျက်လွှာချလျက် ဣရိယာပုတ် ပြည့်စုံစွာ အိမ်စဉ်မပြတ် ဆွမ်းအလို့ငှာ လှည့်လည်သည်။

ထိုသဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးသမီးသည် မထေရ်မြတ်ကို တွေ့မြင်သောအခါ များစွာကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ရွှင်လန်းဝမ်းမြောက်စွာ ထိုရဟန်းမြတ် မထေရ်ကို အိမ်သို့ပင့်ဆောင်သည်။

ထိုခြင်းငါးပါးဖြင့် ရိုသေစွာရှိခိုးပြီး မိမိအင်းပျဉ်ထိုင်ခုံကို ခင်း၍ အပေါ်ဝယ် ရွှေအဆင်းရှိသော နူးညံ့ပြေပြစ်သည့် အဝတ်ကိုခင်း၍ ရဟန်းမြတ်ထိုင်ရန် ပေးလှူလေသည်။

"ငါသည် ကောင်းမြတ်လှစွာသော ဒါနမျိုးစေ့ကို စိုက်ပျိုးရ ချေပြီ"

အမျိုးသမီးသည် ဤသို့တွေးမိပြီး ဝမ်းမြောက်ကြည်ရွှင်သော စိတ်ဖြင့် ရဟန်းကို အိမ်တွင်ချက်ပြုတ်ထားသောဆွမ်းဘောဇဉ်ဖြင့် လုပ်ကျွေးသည်။ ဟင်းကိုလည်း ခပ်လှူလေသည်။

မထေရ်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာနှင့်တကွ အင်းပျဉ်ထိုင်ခုံအလှူ၏ အနုမောဒနာတရားကို ဟောကြားတော်မူပြီး ကြွသွားတော်မူသည်။

အမျိုးသမီးသည် မိမိ၏ဒါနကုသိုလ်ကို လည်းကောင်း၊ ဟောကြားအပ်သော တရားတော်ကိုလည်းကောင်း ဆင်ခြင်စဉ်းစားကာ ပီတိဖြင့် မပြတ်လွှမ်းဖြာတွေ့ထိသော

ကိုယ်ရှိလျက် အင်းပျဉ်ထိုင်ခုံကို ကျောင်းသို့ လိုက်ပို့လှူလေသည်။

ထိုအမျိုးသမီးသည် နောင်အခါကာလ တစ်ခုသော ရောဂါကပ်ရောက်၍ ကွယ်လွန်လေသည်။ထိုအမျိုးသမီးသည် ထိုအလှူကြောင့် တာဝတိံသာနတ်ပြည်ဝယ် ၁၂ ယူဇနာရှိသော ရွှေဗိမာန်ဝယ် နတ်သမီးတစ်ထောင်အခြံအရံရှိသော နတ်သမီးဖြစ်လာလေသည်။

အင်းပျဉ်ထိုင်ခုံကို လှူသောကုသိုလ်၏ အာနုဘော်ကြောင့် ထိုနတ်သမီး၏ ဘုံဗိမာန်အတွင်းဝယ် တစ်ယူဇနာရှိသော ပလ္လင်ပေါက်သည်။ ထိုပလ္လင်သည် စိတ်ကဲ့သို့ လျင်မြန်သောအဟုန်ရှိလျက် ကောင်းကင်သို့ ပျံသွားနိုင်၏။ အထက်၌ ပြာသာဒ်သဏ္ဌာန်ရှိသည်။

ထို့ကြောင့် ထိုဗိမာန်ကို အင်းပျဉ်ဗိမာန်ဟု ခေါ်သည်။ ရွှေသောအဆင်းရှိသော အဝတ်ကိုခင်း၍ လှူဒါန်းသောကြောင့် ကံနှင့်လျော်ညီသော ရွှေဖြင့်ပြီးသောပလ္လင်သည် ဖြစ်ပေါ်ရ၏။

လှူဒါန်းသောအချိန်က နှစ်သက်ခြင်း ပီတိအဟုန်အားကြီးသောကြောင့် ပျံသန်းသည့်အခါ ထိုအင်ပျဉ်သည် လျင်မြန်သော အဟုန်ရှိ၏။

အလျှုခံပုဂ္ဂိုလ်စိတ်အလိုကျ လှူဒါန်းခဲ့ရသောကြောင့် မိမိစိတ် အလိုကျ ပျံသန်းနိုင်သည်။

ကြည်ညိုသဒ္ဓါတရားအား၏ များမြတ်ပြည့်ဝမှုကြောင့် အခါခပ်သိမ်း ကြည်ညိုဖွယ်ရာ လွန်စွာတင့်တယ်လှပသော ရုပ်ဆင်းအင်္ဂါ နှင့်ပြည့်စုံသည်။

(ပဌမပိဋ္ဌိဝိမာနဝတ္ထု)

၈၀၈

**ဆင်ပျံရတနာစီးရသည့် မျိုးစေ့ကောင်းမှု**

ရာဇဂြိုဟ်ပြည်ဝယ် နက္ခတ်ပွဲသဘင်ကျင်းပရန် အချိန် ကျသော ကာလဖြစ်သည်။

မြို့သူမြို့သားတို့သည် မြို့တွင်းလမ်း အသွယ်သွယ် တို့၌ သဲဖြူခင်းကြပြီးလျှင် ပေါက်ပေါက်ပန်း ငါးခုမြောက် သောပန်းတို့ကို ကြဲဖြန့်ခင်းကြသည်။

အိမ်တံခါးဝတိုင်း၌ ငှက်ပျောပင်စိုက်ခြင်း၊ ရေပြည့်အိုး တည်ခြင်းကိုလည်း ပြုကြသည်။ မိမိတို့ စည်းစိမ်အားလျော် စွာ အထူးထူးဆန်းကြယ်သော ဆေးရောင်စုံတို့ဖြင့် ခြယ်မှုန်း ကာ စင်ကြယ်သော တံခွန်အောင်လံတို့ကို စိုက်ထောင်ကြ ကုန်သည်။

လူခပ်သိမ်းတို့သည် မိမိစည်းစိမ်ချမ်းသာအားလျော်စွာ တန်ဆာ ဆင်ယင်ပြုပြင်မွမ်းမံကြပြီးလျှင် နက္ခတ်ပွဲသဘင် ဆင်ယင်ပျော်ပါး ကစားကြလေသည်။

ရာဇဂြိုဟ်တစ်မြို့လုံးသည် နတ်ပြည်တမျှ ဆင်ယင် မွမ်းမံ ပျော်မွေ့ဖွယ်ရာ ဖြစ်သည်။

ဗိမ္ဗိသာရမင်းကြီးသည် ရှေးအခါက လှည့်လှည်နေကျ ဖြစ်သော မြို့လှည့်လည်ခြင်းဖြင့် လည်းကောင်း၊ လူအများ၏ စိတ်ကို စောင့်ရှောက်အပ်သောငှာလည်းကောင်း၊ များစွာ သော အခြံအရံဖြင့် ဆင်စီး၍ မြို့သို့ လက်ျာရစ် လှည့်လည် လေသည်။

ထိုအချိန်ဝယ် အမျိုးသမီးငယ်တစ်ယောက်သည် ဘုရင် ဗိမ္ဗိသာရ၏ ကြီးမြတ်သော စည်းစိမ်အရပ်ရပ် ပြည့်စုံမှု ကြက်သရေရှိလှပုံကို ဘုန်းတန်ခိုးအာနုဘော်ကြီးပုံ အလုံးစုံ ကို ရင်သပ်ရှုမော အံ့ဩသော အားဖြင့် ကြည့်ရင်း-

"ဤဗိမ္ဗိသာရမင်းကြီးသည် နတ်၏ စည်းစိမ်ချမ်းသာ နှင့်တူသော စည်းစိမ်ချမ်းသာကို အဘယ်ကဲ့သို့သော ကုသိုလ်ထူးကိုပြုဖူးသော ကောင်းမှုကြောင့်ရအပ်ပါသနည်း" ဟု စဉ်းစားမိလေသည်။

ထိုအမျိုးသမီးသည် ပညာရှိတို့ထံချဉ်းကပ်ကာ ထို

အကြောင်းကို စုံစမ်းမေးမြန်းလေသည်။ ထိုအခါ ပညာရှိတို့က-

“အို-ချစ်ဆွေနှမ၊ ကောင်းမှုကုသိုလ်ကံ မည်သည်ကား စိတ်၏ အလိုအတိုင်းပြီးစီးနိုင်သော စိန္တာမဏိပတ္တမြား ရတနာနှင့် လည်းကောင်း၊ မိမိလိုရာစွမ်းယူနိုင်သော ပဒေသာပင်ကြီးနှင့်လည်းကောင်း တူလှပေသည်။ အလျှုခံ ပုဂ္ဂိုလ်တည်းဟူသော ခေတ်၏ပြည့်စုံခြင်း၊ စိတ်စေတနာ သဒ္ဓါတရား၏ ပြည့်စုံခြင်းရှိခဲ့သော် တောင့်တတိုင်းသော ထိုဆုအထွေထွေကို ပြီးစီးရရှိနိုင်သာတည်း။ ဤသာမက ဝေဖန်ပြရသော်-

နေထိုင်ရာဖျာအခင်း၊ အင်းပျဉ်ကုလားထိုင်စသည်ကို လှူဒါန်း ပေးကမ်းခြင်းကြောင့် မြင့်မြတ်သောအမျိုး၌ ဖြစ်တတ်၏။

စားသောက်ဖွယ်ရာထမင်း၊ အဖျော်ယမကာ စသည်ကို လှူဒါန်းပေးကမ်းခြင်းကြောင့် ခွန်အားဗလနှင့် ပြည့်စုံသောအကျိုးကို ရရှိတတ်၏။

အဝတ်၊ ပုဆိုး စသည်ကို လှူဒါန်းပေးကမ်းခြင်းကြောင့် လှပတင့်တယ်ခြင်းအကျိုးကို ရရှိတတ်၏။

လှေ၊ လှည်းစသော ယာဉ်အဖြာဖြာကို လှူဒါန်းခြင်း

ကြောင့် ခန္ဓာကိုယ်ထူးကဲစွာ ချမ်းသာမှုအကျိုးကို ရရှိတတ်၏။

ဆီမီး၊ ဖယောင်းတိုင်မီးစသော အလင်းရောင်ကို လှူဒါန်းပေးကမ်းခြင်းကြောင့် မျက်စိကြည်လင်တောက်ပသော အကျိုးကို ရရှိခံစားရပါ၏။

နေထိုင်စရာ ကျောင်း၊ ဇရပ်စသော အာဝါသအဆောက်အအုံကို လှူဒါန်းခြင်းကြောင့် ခပ်သိမ်းနူးညံ့အလုံးစုံ ပြည့်စုံရရှိတတ်၏" ဟု ဟောပြောပြလေသည်။

အမျိုးသမီးသည် ပညာရှိတို့၏စကားကို ကြားရသောအခါ ဤလှူပြည် ချမ်းသာစည်းစိမ်အဖြာဖြာထက် နတ်ပြည်နတ်တို့၏ စည်းစိမ်ချမ်းသာ အဖြာဖြာက သာလွန်ကောင်းမွန် မြတ်လှသည်ဟု မှတ်ထင်အောက်မေ့လေသည်။

ထိုနတ်ပြည်၌ စိတ်ကိုညွတ်ထားပြီးလျှင် ကုသိုလ်ကောင်းမှုပြုရန် အလွန်စိတ်ဆန္ဒပြင်းပြစွာ ဖြစ်နေလေသည်။

အမျိုးသမီး၏ စိတ်အလိုဆန္ဒကို သိကြသော မိဘတို့သည် သမီးအတွက် အစာမချ၊ သစ်လှစွာသော အဝတ်အစုံ၊ အသစ်ဖြစ်သော အင်းပျဉ်ထိုင်ခုံ၊ ပဒုမ္မာကြာတစ်စည်း၊ ထောပတ်များ၊ သလေးဆန်၊ နွားနို့တို့ကို သုံးဆောင်ရန် ပို့လေသည်။

ထိုပစ္စည်းကို မြင်ရသောအခါ အမျိုးသမီးသည်-

"ငါသည်လည်း အလှူဒါနကို ပြုလိုလှ၏၊ ထိုသို့ လှူဒါန်းလိုစိတ် ယိုဖိတ်၍နေသောငါ့အား ဤလှူဒါန်းဖွယ် ဝတ္ထုအစုစုကိုရပေပြီ"ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နောက်နေ့အလှူကိုပြုလုပ်ရန် စီမံလေသည်။

ရေအလျှင်းမပါ ချိုမြိန်လှစွာသော ပဓုပါယသ ယနာနို့ဆွမ်းကို စီရင်၍ ထိုယနာနို့ဆွမ်း၏ အခြံအရံအဖြစ် ဖြင့် အခြားတစ်ပါးများပြားလှစွာသော ဆွမ်းဘောဇဉ် ဒဘာဟာရတို့ကို စီရင်သည်။ အလှူမဏ္ဍပ်၌ နံ့သာအထပ် ထပ်ဖြင့်ထုံမွမ်းကာ ပွင့်သောကြာရွက်၊ ကြာဝတ်မှုန်၊ ကြာ ဝတ်ဆံတို့ဖြင့် တင့်တယ်သာယာ ပဒုမ္မာကြာတို့ဖြင့် နေရာ ခင်းသည်။ ထိုအပေါ်၌ သစ်လွင်ဖြူစင်သော အဝတ် အထည်ကိုခင်းပြီးလျှင် ထိုပန်းမွေ့ယာပေါ်၌ အခြေလေး ချောင်းရှိသော အင်းပျဉ်ခုံကို ခင်းသည်။ အပေါ်၌လည်း ပဒုမ္မာကြာလေးခိုင်ကို ပန်းကုံးပြုကာ ဆွဲထားသည်။ အင်းပျဉ်ထိုင်ခုံအထက်၌ ဗိမာန်မျက်နှာကျက်၌လည်း ပန်းကုံး၊ ပန်းဆိုင်း တို့ကို တွဲရွဲဆွဲလျက် နေရာပတ်ဝန်းကျင် အနှံ့၌ ဝတ်မှုန်နှင့်တကွ ပဒုမ္မာ ကြာရွက်တို့ကို အပြည့်ခင်း သည်။

"မြတ်သောအလှူခံထိုက်သော ပုဂ္ဂိုလ်ကြွလာသော် ပူဇော်အံ့"

ဤသို့ကြံစည်ပြီးလျှင် ပန်းတို့ဖြင့်သာပြီးသော ပန်းခြင်းကိုလည်း စီမံထားလေသည်။

ဤသို့ အလှူဒါနအဆောက်အဦးကို စီမံပြီးလျှင် ဦးခေါင်းလျှော်ကာ စင်ကြယ်သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်လျက် လက်ဝဲဘက် ပုခုံးထက်ဝယ် ပုဝါတဘက်ကို သိုင်းပြီးလျှင် ရဟန်းသံဃာတို့ ဆွမ်းခံလာချိန်ကို မျှော်လင့်နေသည်။

"ကျွန်မ,သွားချေ၊ ငါတို့၏အလှူကို ခံယူတော်မူထိုက်သော အလှူခံရဟန်းတော်တစ်ပါးကို ရှာ၍ပင့်ခဲ့ပါ"

အစေခံမကို ရဟန်းတစ်ပါးရှာရန် စေလွှတ်လိုက်လေသည်။ ထိုအချိန်ဝယ် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ကြွလာသည်။

ကျွန်မ,သည် မထေရ်မြတ်ကို မြင်သောအခါ မထေရ်မြတ်ထံ ချဉ်းကပ်ပြီး-

"အရှင်ဘုရား၊ အရှင်ဘုရား၏ သပိတ်ကို တပည့်တော်အား ပေးပါဘုရား" ဟု တောင်းယူပြီးလျှင်-

"တစ်ယောက်သော ဥပါသိကာမအား သနား

ချီးမြှောက်ရန် ဤလမ်းသို့ ကြွပါဘုရား" ဟုလျှောက်ထားပြီး ပင့်ဆောင်လာလေသည်။

ထိုအမျိုးသမီးသည် မထေရ်မြတ်ကို ရိုသေစွာ ခရီးဦးကြို ရှိခိုးပြီးလျှင် နေရာကိုပြကာ-

"အရှင်ဘုရား၊ လျှောက်ပတ်စွာခင်းထားအပ်သော ဤနေရာ ၌ သီတင်းသုံးပါဘုရား"ဟု လျှောက်ထားလေသည်။

မထေရ်မြတ်သည် ထိုနေရာ၌သီတင်းသုံးသည်ရှိသော် ပတ်မှုန် တို့နှင့်တကွ မွှေးကြိုင်လှသော ပဒုမ္မာကြာပန်းတို့ဖြင့် မထေရ်မြတ်အား ပူဇော်ကန်တော့သည်။ ထို့နောက် ယနာနို့ဆွမ်းကို ကပ်လှူပူဇော်သည်။

အမျိုးသမီးသည် ဆွမ်းလုပ်ကျွေး ဆက်ကပ်စဉ်-

"ဤကဲ့သို့ ပြုလုပ်ရသောကောင်းမှုကုသိုလ် အာနုဘော်တို့ကြောင့် နတ်၌ဖြစ်သော ဆင်ယာဉ်ပျံပြာသာဒ် အထွတ်တတ်သောပလ္လင်၊ ရတနာမြင်း၊ တင့်တယ်စွာသော နတ်စည်းစိမ်ကို ခံစားရပါလို၏"ဟု ဆုတောင်းလေသည်။

မထေရ်ဆွမ်းစားပြီးသော် မထေရ်၏သပိတ်ထဲ၌ ယနာနို့ဆွမ်းအပြည့် ထည့်လှူသည်။ မထေရ်မြတ် ဟောကြားသော တရားတော်ကို ရိုသေစွာ နာကြားသည်။

မထေရ်မြတ်ကြွသောအခါ လျှုဒါန်းသော အင်းပျဉ် ထိုင်ခုံကို ယောက်ျားနှစ်ယောက် မစေပြီး ကျောင်းသို့လိုက်၍ လှူစေသည်။

ထိုအမျိုးသမီးသည် နောင်သောအခါ သေလွန် လေသော် တာဝတိံသာနတ်ပြည်ဝယ် အမြင့်ယူဇနာတစ်ရာ ရှိသော ရွှေဗိမာန်၊ အခြံအရံနတ်သမီးတစ်ထောင်ရှိသော နတ်သမီးဖြစ်ရလေသည်။

ထိုနတ်သမီးအား ဆုတောင်း၏အစွမ်းကြောင့် အမြင့် ငါးယူဇနာရှိသော ပဒုမ္မာကြာပန်းတို့ဖြင့် တန်ဆာဆင်လျက် ထက်ဝန်းကျင် ပဒုမ္မာကြာပွင့်ချပ် ဝတ်မှုန်ကဲ့သို့ တင့်တယ်စွာ ကြည်ညိုဖွယ်ရာ အဆင်းရှိကာ နူးညံ့သောအတွေ့ရှိသည့် အထူးထူးအဖုံဖုံ အမျိုးစုံသော ရတနာရောင်တို့ဖြင့် တောက် ပြောင်ထွန်းလင်း ရွှေတန်ဆာဆင်တို့ဖြင့် တန်ဆာဆင်ခြင်း ရှိသော ဆင်ယဉ်အထူးသည် ဖြစ်ပေါ်လာလေသည်။

ထိုဆင်ယာဉ်ထက်ဝယ် အလွန်တင့်တယ်လှပသော တစ်ယူဇနာရှိသော ပလ္လင်သည်လည်း ပေါ်ပေါက်လာ လေသည်။

(ကုဋ္ဌရဝိမာနဝတ္ထု)

## ရဟန်းသံဃာကို ဆွမ်းမုန့်လှူသူ၏ ဘဝချမ်းသာ

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် တာဝတိံသာ နတ်ပြည်သို့ရောက်စဉ် သောက်ရှုုကြယ်သည် အရပ် မျက်နှာအားလုံးသို့ ထွန်းလင်းတောက်ပသကဲ့သို့ အမှန် နှစ်လိုဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာအားလုံး သို့ ထွန်းလင်းစေလျက် တည်နေသောနတ်သမီး ကိုတွေ့၏။

"အာနုဘော်ကြီးသောနတ်သမီး လူဖြစ်စဉ်ခါက အဘယ်ကုသိုလ်ထူးကိုပြုခဲ့၍ တောက်ပသော အာနုဘော် ရှိပါသလဲ၊ ဘယ်ကုသိုလ်ထူးကြောင့် အရောင်အဆင်းမှာ အရပ်မျက်နှာအားလုံးတို့၌ ပျံ့နှံ့တည်နေပါသလဲ" ဟု မေးပါသည်။

"တပည့်တော်မ၏အိမ်သည် ကေဝဋ္ဋမည်သော မြို့တံခါး ထွက်ရာအရပ်၌ ရှိပါသည်၊ တပည့်တော်မသည် ထိုမြို့တံခါးမှ ထွက်ဝင်သွားလာကုန်သော မြတ်သောသီလ သိက္ခာရှိသောဂုဏ်ကို မျှော်လေ့ရှိကြသော ဘုရားသားတော် ရဟန်းမြတ်များကို ဆွမ်းကိုလည်းကောင်း၊ မုယောမုန့်ကို လည်းကောင်း၊ ဆန်ဖြင့်ရောနှောချက်ထားသော ဟင်းရွက် ဟင်းကိုလည်းကောင်း ပေးလှူခဲ့ပါသည်။ ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သောရဟန်းတို့၌ အထူးကြည်ညိုစိတ်ဖြင့် ဖျော်ရည်တို့ကို လှူဒါန်းခဲ့ပါသည်"

"တပည့်တော်မသည် လဆန်းပက္ခ၊ လဆုပ်ပက္ခ၏ တစ်ဆယ့်လေးရက်၊ တစ်ဆယ့်ငါးရက်နေ့များ၌ လည်းကောင်း၊ ရှစ်ရက်ဥပုသ်နေ့များ၌ လည်းကောင်း၊ အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကိုဆောက်တည် ပါ၏"

"တပည့်တော်မသည် ကျန်သောရက်များတွင် ငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်ပါ၏။ တပည့်တော်မသည် သိက္ခာပုဒ်၌ မွေ့လျော်ခဲ့ပါ၏။ ဘုရားရှင်၏ ဥပါသိကာမထေရ် ဖြစ်ခဲ့ပါ၏"

"ဤကောင်းမှုကြောင့်တပည့်တော်မအား ဤသို့သော အရောင်အဆင်းနှင့် ပြည့်စုံရပါ၏။ တပည့်တော်မ လခုမာနတ်သမီးက ဘုရားရှင်အား ရှိခိုးပါ၏" လျှောက်ထားလေသည်။

(လခုမာဝိမာနဝတ္ထု)

**၈၈၉**

**မန္ဒရဝနတ်ပန်းကုံးဆင်ရသော နတ်သမီး၏ကောင်းမှု**

ကိမိလမြို့တွင် ဘဒ္ဒိတ္တိကာအမည်ရှိသော အမျိုးသမီးသည် ယုံကြည်မှုသဒ္ဓါတရား၊ စောင့်ထိန်းမှုသီလနှင့် ပြည့်စုံသည်။ ပေးကမ်းလှူဒါန်းမှု၌ ဝါသနာပါသည်။

ထိုဘဒ္ဒိတ္တိကာသည် ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၌ အထူးသဖြင့် ကြည်လင်သောစိတ်ဖြင့် အဝတ်သင်္ကန်းကို လည်းကောင်း၊ ဆွမ်းကိုလည်းကောင်း၊ အိပ်ရာနေရာကိုလည်းကောင်း၊ ဆီမီးတစ်ထောင်ကို လည်းကောင်း ပေးလှူသည်။

ဥပုသ်နေ့များ၌ ဥပုသ်သီတင်းဆောက်တည်သည်။ ကျန်ရက်များ၌ ငါးပါးသီလမြဲသည်။

မြတ်သောအစီးအပွားတို့ဖြင့် သနားစောင့်ရှောက်တတ်ကုန်သောရဟန်းမြတ်တို့ကိုလည်းကောင်း၊ ကိလေသာတို့ကို ပယ်ဖျက်စေတတ်သော အကျင့်မြတ်ရှိသော အဂ္ဂသာဝက၊ အစုံဖြစ်သော ရဟန်းတို့ကိုလည်းကောင်း အခါအားလျော်စွာ ပြုစုလုပ်ကျွေးခဲ့သည်။

ထိုကုသိုလ်ထူးကြောင့် ဘဒ္ဒိတ္တိကာ ကွယ်လွန်သောအခါ ဟာဝတိံသာနတ်ပြည်ဝယ် နတ်သမီးဖြစ်နေသည်။

ဖြူနီညိုပြာ အဆင်းအမျိုးမျိုးရှိပြီး ဝတ်မှုံဆန်တို့ဖြင့် ပြည့်သော မန္ဒာရဝနတ်ပန်းတို့ဖြင့် သီကုံးအပ်သော ပန်းကုံးကို ဦးထိပ်၌ပန်ဆင် ရသည်။

(ဘဒ္ဒိတ္တိကာဝိမာနဝတ္ထု)

ꩰꩰꩰ

**ရဟန်းတို့အား ပန်းလှူခဲ့ကြသော နတ်သမီးလေးပါး**

ဧသိကတိုင်း လက္ခဏာကတမြို့၌နေသော အမျိုးသမီးလေးဦးတွင် တစ်ဦးသည် ဆွမ်းခံလှည့်လာသောရဟန်းကို ငုရွှေပန်းစည်းကို လှူခဲ့သည်။

အမျိုးသမီးတစ်ယောက်သည် ဆွမ်းခံရဟန်းကို ကြာပန်းစည်း လှူခဲ့သည်။

အမျိုးသမီးတစ်ယောက်သည် ဆွမ်းခံရဟန်းကို ပဒုမ္မာကြာစည်းကို လှူခဲ့သည်။

အမျိုးသမီးတစ်ယောက်သည် မြတ်လေးပန်းငုံကို လှူခဲ့သည်။

ထိုအမျိုးသမီးများသည် အသီးသီး ကွယ်လွန်ကြသောအခါ တာဝတိံသာနတ်ပြည်တွင် အလွန်တောက်ပစင်ကြယ်သော အရောင်အဆင်းရှိပြီး အရပ်မျက်နှာအားလုံးတို့သို့ ထွန်းလင်းတောက်ပသောတန်ခိုးရှိခဲ့ကြသည့် နတ်သမီးများဖြစ်လာကြသည်။

လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သံဃာတော်၌ ပန်းလှူရုံမျှဖြင့် ဤမျှကြီးမြတ်သောအကျိုးကို ခံစားရပေသည်။

(စတုရိတ္ထိဝိမာနဝတ္ထု)

**ဆံကိုဖြတ်ရောင်း သဒ္ဓါကောင်းမျိုးစေ့အကျိုး**

အရှင်ကစ္စည်း မထေရ်မြတ်သည် ဘုရားရှင်၏ ဩဝါဒကိုခံယူ၍ ရဟန်းခုနှစ်ပါးနှင့်အတူ ဥဇ္ဇေနီပြည်သို့ ကြွတော်မူလေသည်။

လမ်းခုလတ်တွင် တေလပနာဠိမည်သော နိဂုံးရွာ၌ ဆွမ်းခံ လှည့်လည်တော်မူသည်။

ထိုနိဂုံးရွာတွင် သူဌေးသမီးနှစ်ယောက်ရှိသည်။ တစ်ယောက်သည် စီးပွားပျက် မိဘဆုံးဘ၀တွင် အထိန်းတော်ကြီး အမှီပြုအားကိုး နေရသည်။

ထိုသူဌေးသမီးဆည် ဥစ္စာစီးပွားပျက်သော်လည်း ရုပ်ရည်မှာ အလွန်ချောမောလှပပြီးလျှင် တင့်တယ်ပြေပြစ်သော ကိုယ်ခန္ဓာရှိသည်။ ဆံပင်များသည်လည်း အခြားမိန်းမများ၏ ဆံပင်များထက် ရှည်လည်းရှည် နုလည်းနု ပြေလည်းပြေပြစ်ကာ ပိတုန်းအရောင် ညိုမှောင်သော အဆင်းရှိသည်။

အခြားသူဌေးသမီးက ဥစ္စာစီးပွားပြည့်စုံသော်လည်း ဆံပင်နည်းပါးသူဖြစ်သည်။

ထိုသူဌေးသမီးသည် အရှင်ကစ္စည်း မကြွလာမီက ထိုစီးပွားပျက်သော သူဌေးသမီးထံ အခိုင်းအစေ အမျိုးသမီးကို စေလွှတ်ကာ ဆံပင်ကို တစ်ရာတစ်ထောင် ဆိုဈေးဖြင့်

ပေးမည်ဟုဆိုကာ ဝယ်ခိုင်းခဲ့ဖူးသည်။ စီးပွားပျက်သူဌေးသမီးက ထိုဆံပင်ကို မရောင်းခဲ့ချေ။

အရှင်ကစ္စည်း ဆွမ်းခံဝင်လာသောနေ့ဝယ် ဆံပင်ရှည်သူဌေးသမီးသည် ရဟန်းနှစ်ပါးခြံရံလျက် သပိတ်အချည်းနှီး ဆွမ်းမပါဘဲကြွလာသော အရှင်ကစ္စည်းကို ဖူးမြင်ရ၍ အလွန်ကြည်ညိုသောစိတ်ဆန္ဒ တဖွားဖွားပေါ်ကာ-

"ရွှေရောင်အဆင်းရှိသော ဗြဟ္မာနွယ်ဖွား ရဟန်းများသည် ဆေးမြဲတိုင်သောသပိတ်ဖြင့်သာလျှင် ကြွလာတော်မူ၏။ ငါ့မှာလည်း အခြားဥစ္စာဟူ၍မရှိ၊ ဤမည်သောသူဌေးသမီးသည် ယခင်ကငါ၏ ဆံပင်ကိုအလိုရှိ၍ လူလွှတ်ပြီး ဝယ်ခိုင်းဖူးသည်။ ယခုအခါ ဤငါ့ ဆံပင်များမှရအပ်သော အလိုဥစ္စာဖြင့် မထေရ်မြတ်အား ဆွမ်းဝတ္ထု ကိုပေးလှူနိုင်လောက်၏"ဟု ထင်မြင်စဉ်းစား၍ အထိန်းတော်ကြီးကို စေလွှတ်ပြီးလျှင် မထေရ်တို့ကိုပင့်ပြီး အိမ်တွင်း၌ သီတင်းသုံးနေစေသည်။

သူဌေးသမီးသည် မထေရ်မြတ်တို့ကြွလာသောအခါ နရာထိုင်ခင်းစီစဉ်ပေးပြီး အခန်းတွင်းသို့ဝင်ကာ အထိန်းတော်ကြီးကို မိမိဆံပင်များကို ဖြတ်စေပြီး-

"အို-မိခင်၊ ဤဆံပင်များကို ယခင်ဆံပင်ဝယ်ယူသော

သူဌေးသမီးထံ ရသမျှနှင့်သွားရောင်းချပေးပါ၊ ထိုရသော အသပြာဖြင့် မထေရ်တော်တို့ကို ဆွမ်းလှူဒါန်းပါအံ့”ဟု ပြောဆိုစေလွှတ်လိုက်လေသည်။

အထိန်းတော်ကြီးသည် သူဌေးသမီးကိုကြည့်ကာ မျက်ရည်စက်လက်ဖြင့် ငိုကြွေးကာ လက်တစ်ဘက်ဖြင့် ဆံပင်များကို မထေရ်မြတ် မမြင်အောင် ကွယ်ဝှက်ယူပြီး သူဌေးသမီးထံ သွားရောင်းချလေသည်။

ရောင်းကုန်မည်သည် ကောင်းမွန်အဖိုးထိုက်တန်သော ပစ္စည်းဖြစ်လင့်ကစား ပစ္စည်းရှင်ကိုယ်တိုင်က ဝယ်ယူသူထံ ပို့ဆက်လျှင် ဝယ်ယူသူကဈေးနှိမ်ကြသည်မှာ ဓမ္မတာဖြစ်သည့်အားလျော်စွာ ဆံပင်ဝယ်သော သူဌေးသမီးက-

“ငါသည် ရွေးကဥစ္စာများစွာပေး၍ ဝယ်ခဲ့စဉ်က မရောင်း၊ ယခုအခါ ဖြတ်ပြီးသားဆံပင်များတော့ မူလတန်ဖိုး မပေးနိုင်တော့၊ ငါပေးသမျှသာ သူရရာတော့မည်” ဟုစဉ်းစားကာ လာရောင်းသော အထိန်းတော်ကြီးကို ရှစ်အသပြာ ပေးပြီး ဝယ်ယူလိုက်လေသည်။

အထိန်းတော်ကြီးသည် အသပြာရှစ်ကျပ်ကို ယူဆောင်ကာ မိမိသခင်မလေးကို ပေးလိုက်သည်။

သူဌေးသမီးသည် ဆွမ်းတစ်ပါးစာလျှင် အသပြာ

တစ်ကျပ်တန်ဖိုးထားပြီး ဆွမ်းစီစဉ်ကာ မထေရ်မြတ်ရှစ်ပါးကို ဆွမ်းဆက်ကပ် စေသည်။

အရှင်ကစ္စည်းထေရ်သည် သူဌေးသမီး၏အကြောင်း ဥပနိဿယကို ဆင်ခြင်ကြည့်ရှုသည်။ သူဌေးသမီး၏ ဥပနိဿယအားကြီးသော ကောင်းမှုကို မြင်တော်မူသည်။

"သူဌေးသမီး ယခုအခါ အဘယ်မှာနည်း"

"အိပ်ခန်းထဲမှာပါ ဘုရား" ဟုအထိန်းတော်ကြီးက လျှောက်ထားသည်။

"ဆွမ်းဒါယိကာမ သူဌေးသမီးကို ခေါ်လိုက်ပါလေ"

ဆွမ်းဒါယိကာမသူဌေးသမီးသည်လည်း မထေရ်တို့၌ ရိုသေ လှသောကြောင့် စကားတစ်ခွန်းဖြင့်ပင် မထေရ်ကို ရှိခိုးလေသည်။ ဆွမ်းအလှူအတွက်လည်း အားကြီးသော သဒ္ဓါတရား အထပ်ထပ် ဖြစ်ပွားနေလေသည်။

လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဤသာသနာ တော်၌သဒ္ဓါကြည်ဖြူ လှူကြဲချအပ်သော ဆွမ်းကပ်လှူဒါန်း မျိုးစေ့သည် မျက်မှောက်ဘဝ၌ပင် အကျိုးပေးပါသည်။

သို့အတွက် ဆွမ်းဒါယိကာမသည် မထေရ်ကို ရှိခိုး လိုက်သည်နှင့်တစ်ပြိုင်နက် သူဌေးသမီး၏ ဆံပင်များသည် မူလပကတိအဖြစ်၌ သာလျှင် တည်ကြကုန်သည်။

မထေရ်သည်ဆွမ်းကို အလှူခံပြီး သူဌေးသမီး မမြင်စဉ် ကပင် ကောင်းကင်သို့ ပျံတက်ကြွကာ စဏ္ဍာပဇ္ဇောတမင်း၏ ကဥ္စနဝမည်သော ဥယျာဉ်သို့ သက်ဆင်းတော်မူသည်။

**၈၀၈**

**သမီးအမျှရ၍ ချမ်းသာရလေသူ**

သုရဋ္ဌတိုင်း၏ အရှင်ဖြစ်သော ပိင်္ဂလကမင်းသည် မောရိယမင်းကို ခစားပြီးနောက် သုရဋ္ဌတိုင်းကို ပြန်လာခဲ့ သည်။

ပိင်္ဂလကမင်းသည် မွန်းတည့်ချိန် နေမြင့်သောအချိန် ကာလဝယ် နူးညံ့သောမြေပြင်သို့ ချဉ်းကပ်မိပါသည်။ အမှန်မှာ ထိုမြေသည် ပြိတ္တာတို့ဖန်ဆင်းထားသော မွေ့လျော် ဖွယ်ရာ သဲမြေလမ်းခရီးဖြစ်သည်။

"ဤလမ်းခရီးသည် မွေ့လျော်ဖွယ်ရာရှိသည်။ ဘေးမရှိ ချမ်းသာသောလမ်းဖြစ်လိမ့်မည်။ ဤလမ်းခရီးဖြင့် သက်တောင့်သက်သာ ချမ်းသာစွာ သုရဋ္ဌတိုင်းသို့ သွားကြစို့"

ပိင်္ဂလမင်းက ရထားထိန်းကိုပြောပြီး ထိုလမ်းခရီးဖြင့် စစ်သည် များစွာနှင့် ထွက်လာခဲ့သည်။

ပိင်္ဂလမင်းနောက်မှ အစောင့်ပါလာသော ယောက်ျား သည် ကြောက်ရွံ့ထိတ်လန့်စိတ်ဖြစ်လာပြီး-

"အရှင်မင်းမြတ် ကျွန်ုပ်တို့သည် ကြောက်လန့်ဖွယ် ဘေးကို ဖြစ်စေတတ်၊ ကြက်သီးမွေးညင်း ထစေတတ်သော ခရီးကို သွားနေရသည်ဟုထင်ပါသည်။ ရှေးသွားရမည့် ခရီးလမ်းကြောင်းသာ ဖြစ်ပါသည်။ နောက်လမ်းခရီးကား မတွေ့မမြင်ရတော့ပါ။ ကျွန်ုပ်တို့သည် ပြိတ္တာတို့ဖန်ဆင်း သောခရီးကို သွားနေရသည်နှင့် တူပါသည် ပြိတ္တာတို့၏ ကိုယ်နံ့သည် လှိုင်ပါ၏။ ကြမ်းတမ်းသောကြွေးကြော်သံကို ကြားရပါ၏" ဟု ပိင်္ဂလမင်းကိုလျှောက်ထားသည်။

"အရှင်ရထားထိန်း ကျွန်ုပ်လည်း ထိုကဲ့သို့ ထင်မြင် ခံစားမိ ပါသည်"

ပိင်္ဂလမင်းသည် ထိုခဏမှာပင် ဆင်၏ကျောကုန်းသို့ တက်၍ အရပ်လေးမျက်နှာကို ကြည့်သည်။ မွေ့လျော်ဖွယ် ရှိ၍ အရိပ်နှင့်ပြည့်စုံသော တိမ်ညိုရောင်အဆင်းရှိ မိုးတိမ် အဆင်းသဏ္ဌာန်ရှိ ပညောင်ပင်ကို မြင်ရသည်။

"ရထားထိန်း၊ တိမ်ညိုရောင်အဆင်းရှိ ထိုအပင်သည် ဘာပင် လို့ထင်ပါသလဲ"

"မြတ်သောမင်းကြီး ညောင်ပင်ဟုထင်ပါသည်"

ပိင်္ဂလမင်းသည် ထိုပဉ္စောင်ပင်သို့ ရှေးရှုသွားပြီး ဘင်မှ **ဆင်း**၊သက်ကာ ညောင်ပင်ရိပ်၌ထိုင်သည်။

ထိုညောင်ပင်ရင်းတွင် သောက်ရေအိုးနှင့် စားစရာ အနံ့အရသာနှင့်ပြည့်စုံသော မုန့်များကိုတွေ့ရသည်။

နတ်၏အဆင်းသဏ္ဍာန်နှင့်တူသော သဏ္ဍာန်ရှိသော ခပ်သိမ်းသော အဆင်းတန်ဆာတို့ဖြင့် တန်ဆာဆင်ထား သော ယောက်ျားတစ်ဦးသည် ပိင်္ဂလမင်းထံ ချဉ်းကပ်လာ သည်။

"မြတ်သောမင်းကြီး၊ သင်၏လာခြင်းသည် ကောင်း သောလာ ခြင်းဖြစ်ပါသည်၊ သင်၏လာခြင်းသည် မကောင်း သောလာခြင်း မဟုတ်ပါ၊ ရန်သူကိုဆုံးမတတ်သော မင်းမြတ် သောက်ရေကို သုံးဆောင်ပါ၊ မုန့်ကိုလည်းသုံးဆောင်ပါ"

ပိင်္ဂလမင်းနှင့်မျူးမတ်ခြွေရံနှင့်တကွ မုန့်ကိုစားသည်၊ ရေကို သောက်ကြသည်။

"သင်သည် စတုမဟာရာဇ်နတ်ဖြစ်သလော ဂန္ဓဗ္ဗနတ် မျိုး ဖြစ်လေသလော၊ သို့မဟုတ် ရှေး၌အလှူကိုပေးတတ် သော သိကြား ဖြစ်သလော၊ ကျွန်ုပ်တို့မသိ၍မေးပါသည်၊ သင့်ကို ဘယ်လိုလူမျိုးလို့ သိရပါမည်လဲ"

"မင်းကြီး၊ ကျွန်ုပ်သည် စတုမဟာရာဇ်နတ်၊ ဂန္ဓဗ္ဗနတ်

မဟုတ်ပါ၊ ရှေးကပေးလှူဖူးသော သိကြားလည်းမဟုတ်ပါ၊ မင်းမြတ် ကျွန်ုပ်သည် သုရဋ္ဌတိုင်း၌ ဤပဉ္စောင်ပင်ကို ပင့်သန္ဓေအားဖြင့် ရောက်လာသော ပြိတ္တာဖြစ်ပါ၏”

“နတ်သား၊ ရှေးဘဝက သုရဋ္ဌတိုင်း၌နေသောသင် သည် အဘယ်သို့သောသီလ၊ အဘယ်သို့သော ကောင်း သော အကျင့်ရှိခဲ့ပါသလဲ၊ သင်၏ အ[illegible]ကဲ့သို့သော အကျင့်ကြောင့် ဤအာနုဘော် သည် ရရှိဖြစ်ပေါ်ပါသလဲ”

“မင်းမြတ်နှင့်တကွ စစ်သည်မှူးမတ်တို့ နားထောင်ကြ ပါလော့၊ ကျွန်ုပ်သည် သုရဋ္ဌတိုင်း၌နေစဉ် ယောကျ်ားယုတ် ဖြစ်ခဲ့ပါသည်၊ မိစ္ဆာအယူ ရှိခဲ့ပါသည်၊ သီလမရှိပါ၊ နှမြော ဝန်တိုခဲ့ပါသည်၊ ရဟန်း သူတော်ကောင်းတို့ကို ဆဲရေးတတ် ပါ၏၊ ကျွန်ုပ်သည် အလှူဒါနပြုသူ ကုသိုလ် ကောင်းမှုပြုသူ တို့ကို တားမြစ်ဖူးပါ၏၊ တစ်ပါးသူ ပြုထားကိုလည်း အန္တရာယ် ပြုခဲ့ပါ၏၊ အလှူဒါနသည် အကျိုးမရှိ၊သီလသည် အကျိုးမရှိ၊ ဆရာဟူသည် မရှိ၊ မယဉ်ကျေးသူကို အဘယ်သူသည် ဆုံးမ လတ္တံ့နည်း”

“သတ္တဝါတို့သည် အညီအညွတ် တူမျှကြသည်၊ အမျိုး ကြီးသူကို လုပ်ကျွေးခြင်း ကုသိုလ်ကံသည် အဘယ်မှာ ရှိပါ အံ့နည်း၊ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း၊ ရကြောင်းဖြစ် သော ခွန်အားသည်လည်းကောင်း၊ လုံ့လသည် လည်း

ကောင်းမရှိ၊ ယောက်ျားတို့၏ ထကြွလုံ့လဖြင့် ရောက်တတ်သောအကျိုးကား အဘယ်မှာ ရှိပါအံ့နည်း"

"အလှူ၏အကျိုးမည်သည် မရှိ၊ သူ့အသက်သတ်ခြင်းစသော မကောင်းမှုရှိသောပုဂ္ဂိုလ်ကို ဒါန၊ သီလစသော အကျင့်က မစင်ကြယ်စေနိုင်၊ သတ္တဝါတို့၏ ဆင်းရဲချမ်းသာရခြင်းသည် ကုသိုလ်၊ အကုသိုလ် ကံကြောင့် ရသည် မဟုတ် ဖြစ်မြဲဓမ္မတာအရ ရခြင်းသာ ဖြစ်ပါသည်"

"အမိအဖ၌ ကောင်းစွာလုပ်ကျွေးခြင်းနှင့် မကောင်းသဖြင့် လုပ်ကျွေးခြင်း အကျိုးအပြစ်သည် မရှိ၊ ဤပစ္စုပ္ပန်လောကမှ တမလွန်လောကသည်မရှိ၊ အလှူကြီး၏ အကျိုးပူဇော်သက္ကာရ၏ အကျိုးသည် မရှိ၊ သူတော်ကောင်းတို့သာ ပေးလှူသည်၏အစွမ်းဖြင့် သိုမှီးမြှုပ်နှံ ထားသော ကောင်းမှုသည် မရှိ"

"သတ္တဝါတို့ကို သတ်စေကာမူ၊ ဦးခေါင်းဖြတ်စေကာမူ အစစ်အမှန် ပရမတ္ထအားဖြင့် တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ကို သတ်သည် မမည်ပါ၊ ပထဝီကာယစသော ကာယအပေါက်ကြား၌ ဓားလက်နက် ဝင်သွားခြင်းသာ ဖြစ်သည်"

"အသက်ဇီဝ အတ္တာကို မဖြတ်မခွဲနိုင်ပါ၊ အသက်ဇီဝသည် ရုံခါ ရှင်မြှောင့်၊ ရုံခါ အလုံးအခဲအစိုင်ဖြစ်၏၊ ယူဇနာ

ငါးရာမြင့်၏၊ အဘယ် သူသည် အသက်ဇီဝကို ဖြတ်ခြင်းငှာ စွမ်းနိုင်ပါအံ့နည်း"

"ချည်လုံးကို ပစ်အပ်သည်ရှိသော် ချည်ရှိသရွေ့ ပြေးသွားသကဲ့သို့ အသက်ဇီဝသည် ရှစ်သိန်းလေးသိန်း ပတ်လုံးပြေးလျက် ပြေးသွားပါ၏"

"တစ်စုံတစ်ယောက်သောသူသည် မိမိရွာမှထွက်၍ အခြားသောရွာသို့ ဝင်သကဲ့သို့၊ အသက်ဇီဝသည် အခြားသော အတ္တဘောကိုယ်သို့ ဝင်၏"

"တစ်စုံတစ်ယောက်သောသူသည် မိမိအိမ်မှထွက်၍ အခြားအိမ်သို့ ဝင်သကဲ့သို့၊ အသက်ဇီဝသည် အခြားသော ကိုယ် အတ္တဘောသို့ ဝင်၏"

"မဟာကပ် ရှစ်သန်း လေးသိန်းတို့သည် သံသရာ၏ အတိုင်း အရှည်တည်း၊ လူမိုက်သည်လည်းကောင်း၊ ပညာရှိသည်လည်းကောင်း ဆိုခဲ့သော အပိုင်းအခြားရှိ သံသရာကို ကုန်စင်စေ၍ ဝဋ်ဆင်းရဲ၏ အဆုံး ကို ပြုကြကုန်လတ္တံ့"

"နှမ်းစသည်တို့ကို စရွတ်ဖြင့်လည်းကောင်း၊ တောင်းဖြင့်လည်းကောင်း၊ နှိုင်းယှဉ်အပ်သကဲ့သို့ သတ္တဝါတို့၏ ချမ်းသာ ဆင်းရဲကို ရှစ်သန်းလေးသန်းသော ကပ်ကာလဖြင့် နှိုင်းယှဉ်အပ်ကုန်၏၊ ဤ လူ့ဘုံ၌တည်သော ပညာရှိသည်

အလုံးစုံကို အပြားအားဖြင့် သိ၏၊ တစ်ပါးသော သတ္တဝါ အပေါင်းသည် ပြင်းစွာတွေဝေ၏”

“မင်းမြတ်၊ ကျွန်ုပ်သည် ဤသို့သောအယူများရှိခဲ့ပါ၏၊ မင်းမြတ် ကျွန်ုပ်သည် ခြောက်လလွန်လျှင် ဤပြိတ္တာဘဝမှ စုတေ၍ ငရဲသို့ကျ ရောက်ရပါတော့မည်၊ ထိုငရဲသည် အနှစ်ကုဋေ တစ်သိန်းကာလပတ်လုံး ခံရပါမည်၊ သို့အတွက် ကျွန်ုပ်ပြင်းစွာ ပူပန်ဆင်းရဲနေရပါ၏”

“မင်းမြတ်၊ ထိုအချိန်ကာလတွင် လူ့ပြည်၌ကျန်ရစ်ခဲ့သော ကျွန်ုပ်၏သမီး ဥတ္တရာသည် ကောင်းမြတ်သော ကုသိုလ်ပြုပါ၏၊ သီလ ဥပုသ်သီလ၌ ပျော်မွေ့ပါ၏၊ မကောင်းမှုမှ စောင့်စည်းပါ၏၊ ပေးကမ်း လှူဒါန်းပါ၏၊ ပောင်းရမ်းပြောဆိုမှုကိုသိပါ၏၊ ဝန်တိုမစ္ဆရိယ ကင်းပါ၏၊ သီလသိက္ခာ မကျိုးပေါက်အောင် စောင့်ပါ၏၊ သူတစ်ပါးအိမ်၌ ချွေးမဖြစ်ပါ၏၊ ဘုရားရှင်ကိုလည်း ဆည်းကပ်ကိုးကွယ်ပါ၏”

“မင်းမြတ်၊ တစ်နေ့တွင် ရဟန်းတစ်ပါးသည် ရွာတွင် ဆွမ်းခံ ဝင်ပါသည်၊ ကျွန်ုပ်၏သမီး ဥတ္တရာအိမ်ရှေ့ ရောက်လာပါ၏၊ သမီးသည် ထိုရဟန်းကို ပင့်ဖိတ်၍ သောက်ရေကို လည်းကောင်း၊ မုန့်ကို လည်းကောင်းပေးလှူပြီး၊ ထိုအလှူ၏ အဖို့ကို အရှင်ဘုရား တပည့်တော်မ၏

အဖေသည် ကွယ်လွန်ပြီဖြစ်ပါ၍ ထိုအလှူသည် ထိုသေလွန်သော အဖေကို အမျှပေးဝေပါ၏၊ အမျှရပါစေဟု အမျှဝေပါ၏"

"ထိုအမျှပေးဝေမှုကို ကျွန်ုပ်ရ၍ ဝေဿဝဏ်နတ်မင်းကြီးကဲ့သို့ ကျွန်ုပ်သည် အလိုရှိအပ်သော စည်းစိမ်ကိုရရှိခံစားခဲ့ရပါ၏"

"မင်းမြတ်၊ ဘုရားရှင်သည် လောကဝယ် အမြတ်ဆုံးဖြစ်ပါ၏၊ ထိုဘုရားကို သားမယားနှင့်တကွ ဆည်းကပ်ပါလော့၊ ဘုရားရှင်၏ တပည့်သား သံဃာသည် အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့်သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ကြ၏၊ ထိုတရားတော်ကိုလည်း မင်းမြတ် သားမယား နှင့်တကွ ဆည်းကပ်ပါလော့၊ ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်လေးယောက်သည် လည်းကောင်း၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်သည် လည်းကောင်း၊ ဤရှစ်ပါးသော အရိယာသံဃာသည် သီလ, သမာဓိ, ပညာနှင့် ပြည့်စုံပါ၏၊ သင်သည် ထိုအရိယာသံဃာကိုလည်း သားမယားနှင့်တကွ ဆည်းကပ်ပါလော့"

"မင်းမြတ် သင်သည် သူ့အသက်သတ်ခြင်း စသော ငါးပါး သီလကို မြဲပါလော" ဟု နတ်ပြိတ္တာက အကျယ်တဝင့် ရှင်းပြလေသည်။

"နတ်သား၊ သင်သည် ငါ့အကျိုး လိုလားသူဖြစ်ပါ၏၊ သင့်စကား ကို နားထောင်၍ ရတနာသုံးပါးကို သားမယား နှင့်တကွ ဆည်းကပ်ပါ မည်"ဟု မင်းက အာမခံပြော၍ သုရဋ္ဌတိုင်းသို့ ပြန်ရောက်သောအခါ မကောင်းသော မိစ္ဆာအယူများကိုရှောင်၍ ရတနာသုံးပါးကို ကိုးကွယ် လေတော့သည်။

(နန္ဒကပေတ ဝတ္ထု)

၈၈

## သဒ္ဓါထက်မြက် ပေါင်သားဖြတ်လှူသူ

ဗာရာဏသီမြို့၌ သုပ္ပိယ အမည်ရှိသော သူဌေးလင် မယားရှိသည်။ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ဗာရာဏသီ သို့ ကြွတော်မူပြီးနောက် ဣသိပတနနှင့် မိဂဒါဝုန်ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေသည်။

သုပ္ပိယလင်မယားသည် ထိုအချိန်ဝယ် ဘုရားရှင်ကို ပထမဦးဆုံး ဖူးမြော် တရားနာရပြီး သောတာပန်အရိယာ ဖြစ်ခဲ့ကြသည်။

တစ်နေ့တွင် သုပ္ပိယ ဥပါသိကာမသည် မိဂဒါဝုန် ကျောင်းတိုက်သို့ သွားရောက်ကာ တရားနာပြီးလျှင်

ကျောင်းစဉ်လှည့်လည်၍ ကြည့်သည်။

ကျောင်းတစ်ကျောင်း၌ ရဟန်းတစ်ပါး ဝမ်းလျော ဆေးစားထား၍ အားပြတ်ကာ မကျန်းမမာဖြစ်နေသည်ကို ဖူးတွေ့ရ၍ ရဟန်းကို သွားရောက်ရှိခိုးကာ အကျိုး အကြောင်း မေးလျှောက်သည်။

“အရှင်ဘုရား ကျန်းမာရေးအတွက် အဘယ်အရာကို ရမှ သင့်ပါမည်နည်း”

“ဒါယိကာမကြီး သား မျိုးဟင်းရည်(စွပ်ပြုတ်ရည်)ကို ရလျှင် သင့်တော်ပါမည်”

“အရှင်ဘုရား ကောင်းပါပြီ၊ တပည့်တော် ပို့ပေးလိုက် ပါမည်”

သုပ္ပိယ ဥပါသိကာမကြီးသည် ထိုသို့လျှောက်ထားပြီး အိမ်သို့ပြန်လာ၍ အိမ်စေကျွန်မကို ဈေးသို့စေလွှတ်လိုက် သည်။

အိမ်စေကျွန်မသည် တစ်မြို့လုံးပင် ပံ့သကူအသားကို မရ၍ သုပ္ပိယသူဌေးကတော်ကို ပြန်ကြားပြောသည်။

“ငါကားအရှင်မြတ်အတွက် သားမျိုးစွပ်ပြုတ်ရည်ကို ပို့လိုက်မည်ဟု လျှောက်ထားခဲ့ပြီးမှ အကယ်၍ ပံ့သကူ အသားကို မရသဖြင့် မပို့သဘဲနေချေလျှင် အရှင်မြတ်သည်

အခြားမှလည်း သားမျိုးဟင်း ရည်မရသည်ဖြစ်၍ ငြိုငြင်ပင်ပန်းတော်မူရှာလိမ့်မည်။ တစ်စုံတစ်ခု ကိုရအောင်ပြုပြီးပို့လေမှ သင့်တော်မည်။

သုပ္ပိယ ဉပါသိကာမကြီးသည် ဤသို့စဉ်းစားပြီးလျှင် အိပ်ခန်း တွင်းသို့ဝင်သွားပြီး မိမိပေါင်သားကိုဖြတ်ပြီးလျှင် အိမ်စေကျွန်မကို ပေးသည်။

"အမိ ဤအသားကိုယူသွားပြီး ဟင်းချိုရည်ဆိုင်ရာ ငြုပ်၊ ကြက်သွန်၊ ဇီရာ၊ ကရဝေး စသည်တို့ကိုရောစပ်၍ သားမျိုးစွပ်ပြုတ် ရည်ကို ပြုလုပ်ပါ၊ပြီးက ကျောင်းတိုက်ရှိ ဂိလာနရဟန်းကို သွားလှူပါ၊ ထိုရဟန်းက ငါ့ကိုမေးလျှင် နေမကောင်း၍ မလာပါဟု ဖြေပါ"

ဤသို့ မှာကြားပြောပြီး စွပ်ပြုတ်ရည် ပြုလုပ်စေသည်။ ကျွန်မသည် သုပ္ပိယ သူဌေးကတော်မှာသည့် အတိုင်းပြုလုပ်၍ ဂိလာန ရဟန်းကို သွားရောက် ဆက်ကပ်လေသည်။

ဘုရားရှင်သည် ထိုအကြောင်းကိုသိတော်မူ၍ နောက်တစ်နေ့ ဆွမ်းခံချိန် ရဟန်းအပေါင်းခြံရံလျက် သုပ္ပိယ ဒါယကာ လျှောက်ထားချက်အရ ထိုအိမ်သို့ ကြွတော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ခင်းထားသောနေရာတွင်

ထိုင်တော်မူပြီးလျှင် သုပ္ပိယဒါယကာနှင့် အပြန်အလှန် မေးဖြေစကား ပြုတော် မူသည်။

"သုပ္ပိယဥပါသိကာမ အဘယ်မှာနည်း"

"မမာမကျန်း ဖြစ်နေပါသည်ဘုရား"

"မမာမကျန်းသော်လည်း လာပါစေ"

"မလာနိုင်ပါဘုရား"

"ထိုသို့မလာနိုင်ပါက ပွေ့ချီ၍ ခေါ်ဆောင်လာပါလေ"

ထိုအခါ သုပ္ပိယဥပါသကာသည် ဇနီးကိုပွေ့ချီ၍ ဆောင်ယူခဲ့သည်။ သုပ္ပိယဥပါသိကာမသည် ဘုရားရှင်ကို ဖူးတွေ့လိုက်သည်နှင့်တပြိုင်နက် ထိုမျှအသားကို လှီးဖြတ်ထားသော ကြီးစွာသောအနာသည် ချက်ခြင်း အသားနုတက်ကာ ပကတိအရည်အသွေးတို့ ဖြစ် လာသည်။

ထိုအခါ သုပ္ပိယဇနီးမောင်နှံ နှစ်ဦးသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကာ-

"အရှင်တို့ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးမြတ်သည်၊ ဤအဖြစ်ကား အံ့ဖွယ်ရှိစွတကား၊ မဖြစ်ဘူးဘဲဖြစ်စွာတကား၊ ဘုရားရှင်ကို ဖူးမြင်လိုက်ရသည့် အခါ၌ပင် ထိုမျှကြီးစွာသောအနာသည် အသားနုတက်ကာ

ပကတိ အရေးအမှေးဖြစ်ရဘိတကား” ဟုဆိုပြီး ဘုရားအမှူး ရှိသော ရဟန်းသံဃာတို့ကို ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ကောင်းစွာလုပ်ကျွေးကြသည်။

ဘုရားရှင်သည် ထိုဆွမ်းစားမှအပြန် သံဃာကို အစည်းအဝေး ခေါ်ပြီး လူသားမစားရ၊ စားက ထုလ္လစ္စဉ်း အာပတ်၊ မစုံစမ်းဘဲစားက ဒုက္ကဋ်အာပါတ်သင့်စေဟု ပညတ်တော်မူပါသည်။

နောင်တွင် ထိုသုပ္ပိယဥပါသိကာမသည် လူနာကို ပြုစု လုပ်ကျွေးကုန်သော တပည့်မဥပါသိကာမတို့တွင် သုပ္ပိယ ဥပါသိကာမသည် အမြတ်ဆုံးဖြစ်သည်ဟု ဧတဒဂ်ဘွဲ့ ထားတော်မူသည်။

သံဃာတော်တည်းဟူသော လယ်ယာမြေကောင်း၌ ကောင်းစွာစိုက်ပျိုးအပ်သော ဒါနမျိုးစေ့၏ အကျိုးကား အံ့မခန်းဖွယ် ပင်ဖြစ်ပါတော့သည်။

ဝဝဝ

## သံဃာရည်မှတ် ကုသိုလ်မြတ်အကျိုးခံစားရသူ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်ကာလ အချိန်ဖြစ်သည်။ သာဝတ္ထိပြည်ဝယ် ရှင်ရေဝတ ေ ရဲ၏ အလုပ်အကျွေးဖြစ်သော ဥပါသကာ သူကြွယ်တွင် ဘဒ္ဒါဟူသော သမီးကြီးနှင့် သုဘဒ္ဒါဟူသော သမီးငယ် ရှိလေသည်။

အရွယ်ရောက်ကြသော် ဘဒ္ဒါသည် မိဘတို့ထိမ်းမြားပေးသောလင်ကိုယူပြီး လင်အိမ်သို့ လိုက်နေရသည်။

ဘဒ္ဒါသည်သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ရတနာသုံးပါး၌ ကြည်ညိုသည်။ အသိပညာနှင့် ပြည့်စုံသည်။

သို့သော် သားသမီးကား မထွန်းကားချေ။

တစ်နေ့တွင် ဘဒ္ဒါသည် လင်ယောကျ်ားကို ဤသို့ပြောကြားသည်။

"အရှင်၊ ကျွန်မမှာ သုဘဒ္ဒါမည်သော ညီမရှိပါသည်၊ ထိုသုဘဒ္ဒါကို လက်ထပ်ကာ ကျွန်မတို့ ညီအစ်မ မယားကြီး၊ မယားငယ်ပြု၍ နေထိုင်ခွင့်ပြုပါ၊ ညီမ သုဘဒ္ဒါမှာ သားသမီးရတနာရလာလျှင် ထိုသုဘဒ္ဒါ၏သားသည် ကျွန်မ၏သားပင်ဖြစ်ပါမည်၊ ဤသို့ဖြစ်မှ အမျိုးအနွယ်အဆက်သည်မပျက်စီးနိုင်ပါ"

လင်ယောကျ်ားသည် ဘဒ္ဒါပြောသည့်အတိုင်း သဘောတူပြီးလျှင် ညီမကိုပါ လက်ထပ်ထိမ်းမြားပြီး ပေါင်းသင်းနေထိုင်လေသည်။

အစ်မ ဘဒ္ဒါသည် ညီမ သုဘဒ္ဒါကို-

"ညီမ သုဘဒ္ဒါ၊ ဝေဖန်ပေးကာ လှူဒါန်းခြင်းမှ ပျော်မွေ့လျက် မြင့်မြတ်သောအကျင့်တရားဘက်၌လည်း မမေ့လျော့ပါလင့်၊ ဤသို့ လှူဒါန်းပေးကမ်းခြင်း၌မွေ့လျော်ကာ မွန်မြတ်လှသော အကျင့်တရား၌ မမေ့လျော့ပါက သင့်အား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားသည် မိမိလက်ဝယ် ရရှိပြီး ရောက်ရှိပြီး ဖြစ်တော့သည်သာတည်း" ဟု ဆုံးမဩဝါဒပေးလေသည်။

ညီမသုဘဒ္ဒါသည်လည်း အစ်မ၏ဆုံးမဩဝါဒစကား၌ တည်၍ လိုက်နာကျင့်ကြံ နေထိုင်လေသည်။

တစ်နေ့တွင် သုဘဒ္ဒါသည် အရှင်ရေဝတမထေရ်ရှိ အပါအဝင် သံဃာရှစ်ပါးကို ပင့်ဖိတ်၍ မွန်မြတ်သော ဆွမ်း၊ ခဲဖွယ်ဘောဇဉ်တို့ဖြင့် မိမိကိုယ်တိုင် သာဟတ္ထိကမြောက် ဆက်ကပ်လှူဒါန်းလေသည်။ ရှင်ရေဝတမထေရ်သည် သုဘဒ္ဒါကို ဆွမ်းအနုမောဒနာတရားပြုတော်မူရာ သုဘဒ္ဒါမှာ အလွန်ရွှင်လန်း ဝမ်းမြောက်သောစိတ် ဖြစ်လေသည်။

နောင်သောအခါ ကွယ်လွန်ကြသည်ရှိသော်-

သုဘဒ္ဒါသည် သံဃိကဒါနကိုပြုသဖြင့် နိမ္မာနရတိ နတ်ပြည်၌ နတ်သမီးဖြစ်ရသည်။ အစ်မ ဘဒ္ဒါသည် သံဃိက ဒါနမပြု၊ ပုဂ္ဂလိက ဒါနသာပြုသဖြင့် တာဝတိံ သာနတ်ပြည် ဝယ် နတ်သမီးဖြစ်ရသည်။

သုဘဒ္ဒါသည် မိမိစည်းစိမ်ချမ်းသာကို ဆင်ခြင်မိသည်၊ အစ်မဘဒ္ဒါ၏ စကားကို နားထောင်ပြီး သံဃိကဒါနကို ပြုသည့်အတွက်ကြောင့် ဤအကျိုးခံစားရသည်ကို သိသည်။

အစ်မသည် ဘယ်ဘုံ၌ဖြစ်သနည်းဟု ဆင်ခြင်သည် ရှိသော် သိကြားမင်း၏ အခြွေအရံ အလုပ်အကျွေးနတ်သမီး ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

သုဘဒ္ဒါနတ်သမီးသည် ချက်ချင်းပင် ဘဒ္ဒါ၏ ဘုံဗိမာန် သို့ သွားလေသည်။ ဘဒ္ဒါသည် တာဝတိံ သာနတ်တို့ထက် ကိုယ်ရောင် ကိုယ်ဝါတောက်ပသော နတ်သမီးကို တွေ့မြင်ရ ၍-

"အို-နတ်သမီး-အဆင်းဖြင့်လည်းကောင်း၊ အခြံအရံ အကျော် အစောအားဖြင့် လည်းကောင်း၊ ထွန်းလင်း တောက်ပပြီး တာဝတိံသာနတ်တို့ထက် ကိုယ်ရောင်ကိုယ်ဝါ လွန်စွာတောက်ပကဲသာ လွန်တင့်တယ်သောသင့်ကို ရှေးကငါမမြင်ဖူးပါ၊ သင်သည် ယခု ပထမဆုံး မြင်ဖူးပါ၏၊ အသင် ဘယ်နတ်ပြည်မှ လာခဲ့ပါသနည်း"

"အစ်မ ဘဒ္ဒါ၊ ကျွန်မ ရှေးဘဝက ကျွန်မသည် အစ်မ၏ညီမ သုဘဒ္ဒါဖြစ်ခဲ့ပါသည်၊ယခု နိမ္မာနရတိဘုံ၌ ဖြစ်နေရပါသည်"

"ညီမသုဘဒ္ဒါ၊ သင်သည် ယခု နိမ္မာနရတိဘုံက လာသည်ဟု ပြောပါသည်၊ ထိုဘုံသည် ကုသိုလ်များစွာပြုသူတို့ ပျော်စံရာဘုံ ဖြစ်သည်၊ သင်သည် အဘယ်သို့သော ကောင်းမှုနှင့်သီလကိုပြုခဲ့ဖူး၍ ဤဘုံသို့ ရောက်ရပါသနည်း"

"အစ်မ ဘဒ္ဒါ၊ ကျွန်ုပ်သည် ရှေးဘဝ လူဖြစ်စဉ်က မြတ်သောအလှူကို ခံထိုက်သော လယ်ယာမြေကောင်း သဖွယ်ဖြစ်သော သံဃာကိုသာဟတ္ထိကအဖြစ် ဝမ်းမြောက်ဝမ်းသာ လှူဒါန်းခဲ့ပါသည်၊ ဤကုသိုလ် ထူးကြောင့် ဤသို့ သော အရောင်အဆင်း စည်းစိမ်ချမ်းသာကို ခံစားရပါသည်"

"ညီမ သုဘဒ္ဒါ၊ငါသည်လည်း ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်းလျက်မြတ်သော မဂ်တရားအကျင့်ကို ကျင့်ကုန်သော၊ သင် လှူဒါန်း ခဲ့သောသံဃာအရေအတွက် များစွာထက်ပင် ကြည်ညိုသောစိတ်ဖြင့် သာဟတ္ထိကမြောက် လှူခဲ့ပါသည်၊ ငါသည်သင့်ထက်များစွာ ပေးကမ်းလှူဒါန်းခဲ့ပါလျက် သင့်ထက် နိမ့်ကျခဲ့ရပါသည်၊ ကုသိုလ်ကံ အကျိုးသည် အဘယ်သို့ကွာပါသနည်း"

"အစ်မ ဘဒ္ဒါ၊ ကျွန်ုပ်သည် ရှေးလူဖြစ်စဉ်က အရှင်ရေဝတရဟန်းကို ဆည်းကပ်ပူဇော်ခဲ့ပါသည်၊ ထိုအရှင်က ကျွန်ုပ်ကို သံဃာ ရှစ်ပါးဖြင့်သံဃိက အလှူမြတ်ကို ဖြစ်စေခဲ့ပါသည်၊ သံဃာအား လှူအပ်သောအလှူသည် မနှိုင်းယှဉ်အပ်သော အကျိုးကိုရရာပါ၏၊ ပုဂ္ဂိုလ်အားပေးလှူခြင်းထက်သံဃိကအလှူသည် ပို၍အကျိုးကြီးပါသည်"

"သံဃိကအလှူသည် အကျိုးကြီးသည်ကို ယခုမှပင်သိရပါတော့သည်၊ ကျွန်ုပ်သည် လူအဖြစ်ကို သွားရောက်လျက် သံဃိက အလှူကိုပြုပါအံ့"

ထိုခဏမှာပင် သိကြားမင်းသည် ရောက်လာပြီး ဘဒ္ဒါနတ်သမီးကို သုဘဒ္ဒါနတ်သမီးအကြောင်းကို မေးသည်။ ဘဒ္ဒါနတ်သမီးက အကြောင်းစုံပြောပြသည်။

"သံဃာတော်အားရည်ညွှန်း၍ အလှူဒါနကို ပြုစုလှူဒါန်းကြသောသူတို့၏ အလှူဒါနသည် ကောင်းမြတ်သော ကျွေးမွေးပေးကမ်း လှူဒါန်းခြင်းမည်ပါသည်၊ သံဃာအား ရည်မှန်း၍ လှူဒါန်းသော အကျိုး သည်ကားအလွန်တရာ ကြီးမားလှကြောင်း ဘုရားရှင်ကလည်း ဟောကြားထားပါသည်"ဟု သိကြားမင်းက ဆက်လက်ရှင်းပြလေသည်။

**ဆွမ်းခံကြွရဟန်းအား တတ်စွမ်းသမျှလှူခဲ့ကြ၍ တာဝတိံသာ နတ်နန်း စံမြန်းရသူများ**

ကဿပဘုရားရှင်လက်ထက်တွင် ဆွမ်းအလို့ငှာ လှည့်လည်လာသော ရဟန်းသံဃာတော်များကိုပင် တတ်အားသမျှသော လှူဖွယ်ဝတ္ထုကို လှူခဲ့ကြသဖြင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်ထောင် အခြံအရံနှင့် နတ်သမီးဖြစ်ကြသော နတ်သမီးတို့ကို ဂေါတမဘုရား အလောင်းဂုတ္တိလစောင်းသမားကို သိကြားမင်းက တာဝတိံသာသို့ ခေါ်ဆောင်သဖြင့် ဂုတ္တိလစောင်းသမားက တွေ့ရှိခဲ့ရသော နတ်သမီးတို့၏အလှူကို မေးခဲ့သည်။

နတ်သမီးတို့က မိမိတို့ လူ့ပြည်တွင်ရှိစဉ် လှူခဲ့သော အလှူပစ္စည်း အသီးသီးကို ပြောကြသည်။

၁။ ဝတ္ထုတ္တမဒါယိကာနတ်သမီး

မွန်မြတ်သောအဝတ်ပုဆိုးကို လှူခဲ့သည်။

၂။ ပုပ္ဖုတ္တမဒါယိကာနတ်သမီး

အလွန်ကောင်းသောပန်းကိုလှူခဲ့သည်။

၃။ ဂန္ဓုတ္တမဒါယိကာနတ်သမီး

နံ့သာအမွှေးတုံးကို လှူခဲ့သည်။

၄။ ဖလုတ္တမဒါယိကာနတ်သမီး

အလွန်ချိုမြိန်သောသစ်သီးကို လှူခဲ့သည်။

၅။ ရသုတ္တမဒါယိကာနတ်သမီး

အလွန်ချိုသောကြံရည်ကိုလှူခဲ့သည်။

၆။ ဇေကူပေါသထနတ်သမီး

ရဟန်းထံ တရားနာပြီး ဥပုသ်စောင့်ခဲ့သည်။

၇။ ဥဒကဒါယိကာနတ်သမီး

သောက်ရေသုံးရေကိုလှူခဲ့သည်။

၈။ ခိရောဒနဒါယိကာနတ်သမီး

နို့ဆွမ်းကို ပေးလှူခဲ့သည်။

၉။ ဖာဏိတဒါယိကာနတ်သမီး

ချိုသောတင်လဲရည်ကိုလှူခဲ့သည်။

၁၀။ ရစ္ဆုခဏ္ဍိကဒါယိကာနတ်သမီး

ကြံဆစ်ပိုင်းကိုလှူခဲ့သည်။

၁၁။ တိမ္ဗရုသကဒါယိကာနတ်သမီး

တည်သီးကိုလှူခဲ့သည်။

၁၂။ တက္ကာရိကဒါယိကာနတ်သမီး

သခွါး၊ ငဆစ်သီးကိုလှူခဲ့သည်။

၁၃။ ဧဠာလုကဒါယိကာနတ်သမီး

သခွါး ဖြုပ်သီးကိုလှူခဲ့သည်။

၁၄။ ဝလ္လိဖလဒါယိကာနတ်သမီး

ဖရုံသီးကိုလှူခဲ့သည်။

၁၅။ ဖာရုသကဒါယိကာနတ်သမီး

ဖက်တက်တရော်သီးကို လှူခဲ့သည်။

၁၆။ မာတ္တုပ္ပတာပ ဒါယိကာနတ်သမီး

ဆောင်းအခါ၌ မီးအိုကင်းကိုလှူခဲ့သည်။

၁၇။ ပုဗ္ဗကနန္ဒိဒါယိကာနတ်သမီး

ပန်းလက်တစ်ဆုပ်စာမျှ လှူခဲ့သည်။

၁၈။ မူလကဒါယိကာနတ်သမီး

စားသောက်ဖွယ်ရာ ခဲဘွယ်ကိုလှူခဲ့သည်။

၁၉။ နဖ္ဖမုန္ဒိဒါယိကာနတ်သမီး

လက်တစ်ဆုပ်စာမျှ တမာရွက်ကိုလှူခဲ့သည်။

၂၀။ အဝ္ဗကဥ္စက ဒါယိကာနတ်သမီး
မုန့်ရည်ချဉ်ကို လှူခဲ့သည်။

၂၁။ ဒေါဏိမ္ဗဒိုနိ ဒါယိကာနတ်သမီး
နှမ်းဆီတွေ (နှမ်းနညက်)ကို လှူခဲ့သည်။

၂၂။ ကာယဗန္ဓန ဒါယိကာနတ်သမီး
ခါးပက်ကြိုးကို လှူခဲ့သည်။

၂၃။ အံသဗဒ္ဓက ဒါယိကာနတ်သမီး
ပုခုံးဖွဲ့ကို ပေးလှူသည်။

၂၄။ အာယောဂပဋ္ဋဒါယိကာနတ်သမီး
အာယောဂပတ်ကို လှူခဲ့သည်။

၂၅။ ဝိဓူပဏ္ဏာ ဒါယိကာနတ်သမီး
လေးထောင့်ယပ်ကို လှူခဲ့သည်။

၂၆။ တာလပဏ္ဏာဒါယိကာနတ်သမီး
ထန်း႐ွက်ယပ်ကို လှူခဲ့သည်။

၂၇။ မောရဟတ္ထ ဒါယိကာနတ်သမီး
ဥဒေါင်းတောင်ဖြင့်ပြုသော ယပ်ကိုလှူခဲ့သည်။

၂၈။ ဆတ္တဒါယိကာနတ်သမီး
ထီးကိုလှူခဲ့သည်။

၂၉။ ဥပဟာနဒါယိကာနတ်သမီး
ဘိနပ်ကိုလှူခဲ့သည်။

၃၀။ ပူဝဒါယိကာနတ်သမီး
မုန့်ကိုလှူခဲ့သည်။

၃၁။ မောဒကဒါယိကာနတ်သမီး
ကတွတ်မုန့်ကို လှူခဲ့သည်။

၃၂။ သက္ခလိကာ ဒါယိကာနတ်သမီး
သကာခဲကို လှူခဲ့သည်။

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

မဟာသဒ္ဓမ္မ ဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)

# ရဟန်းမြတ်ဂုဏ်ရည်